# မေသကရှိ

# ဖြစ်ဆိုး
# မုန့်ညှင်းရဲ့
# နိုင်ငံတော်ကကြိုးစားပါ။

ငေါ့တော့တော့အတွေးရသများ



## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၁၅၊ ဇူလိုင်လ |
| မျက်နှာဖုံးပန်းချီ | ဖေသစ်တည် |
| ထုတ်ဝေသူ | ဦးမျိုးညွန့်အောင် (မြ-၀၀၅၁၈)<br>စွယ်တော်စာပေ<br>အမှတ် ၉၀/၉၂၊ ဗိုလ်ထွာ၊ ၅၁လမ်း(လယ်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁)<br>အမှတ် (၁၄၇)၊ ၅၁ လမ်း(အထက်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ကွန်ပျူတာစာစီ | ရွှေကွင်းဆက်(ဦးတိုးရီ) |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | ဖေသောဒီစာပေ<br>အမှတ် (၁၀၆၃)၊ (၇) ဈေးလမ်း။<br>(၆)ရပ်ကွက်၊ သာကေတမြို့နယ်၊<br>ဖုန်း-၀၁ ၅၅၄၃၃၂၊ ၀၉ ၂၅၄၈၄၉၀၃၅၊<br>ဖက်စ်- ၀၁ ၅၄၂၅၀၇ |

၈၉၅ . ၈၄

**ဖေသောဒီ**

**မြတ်ထုံး၊ မင်းဆောင်းရဲ့ နိုင်ငံတော်ကာလိမ်ချုံနှင့် ဝေါ့တော့တော့အတွေးရသများ/**

**ဖေသောဒီ၊**

**စွယ်တော် စာပေ၊ ၂၀၁၅၊**

**၁၆၁-စာ၊ ၁၃ စင်တီမီတာ × ၁၉ စင်တီ၊**

**(၁) မြတ်ထုံး၊ မင်းဆောင်းရဲ့ နိုင်ငံတော်ကာလိမ်ချုံနှင့်**

**ဝေါ့တော့တော့အတွေး ရသများ။**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မောင်သိန်းညွန့်(ကော့ကရိတ်) | |
| | အမှာစာ | က |
| ၂။ | စာရေးသူ၏အမှာ | ဂ |
| ၃။ | မှန်လိုက်လေခြင်း လူကြီးမင်းရယ် | ၁၇ |
| ၄။ | ဖရဲသီး | ၂၁ |
| ၅။ | ပါဆင့်စား ဝန်ကြီး | ၂၅ |
| ၆။ | ဆိုလာမီးပွိုင့်လေး | ၂၉ |
| ၇။ | သူ့ထက်သူ | ၃၅ |
| ၈။ | ဖြတ်ထုံး | ၄၃ |
| ၉။ | မျက်မမြင်အလှူခံပါတယ်ရှင် | ၅၁ |
| ၁၀။ | ကျွန်မကိုလည်း နားလည်ပေးပါနော် | ၅၉ |
| ၁၁။ | ပညာမဲ့သူတို့ရဲ့ စီမံခန့်ခွဲမှုကို ခံကြပေလော့ | ၆၇ |
| ၁၂။ | နိုင်ငံတော် ကလိမ်ခြုံ | ၇၉ |
| ၁၃။ | သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိ | ၉၁ |
| ၁၄။ | သစ္စာကုထုံး | ၁၀၃ |
| ၁၅။ | မင်းဆင်းရဲ | ၁၁၁ |
| ၁၆။ | ဂရုဓမ္မ | ၁၂၅ |
| ၁၇။ | နန်းတွင်းသူခိုး | ၁၄၃ |


✲ ✲ ✲

## မောင်သိန်းညွန့်(ကော့ကရိတ်)အမှာစာ

စာရေးဆရာ ဖေသောရီ အမည်အရင်း(ဦးဝင်းကြည်)ကို သူ့သမီး ဇွန်ပွင့်စံနှင့် ပတ်သက်၍ ကျွန်တော်သိခဲ့ပါသည်။ ယခုအခါ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအရေး လူ့အခွင့်အရေးအတွက် ဦးတည်လှုပ်ရှားနေသော အမျိုးသားဒီမိုကရေစီပါတီသစ် (NNDP) ခမောက်သုံးလုံးပါတီ၏ ဗဟိုအလုပ်အမှုဆောင်တစ်ဦးအနေဖြင့် နီးနီးကပ်ကပ် လက်တွဲဆောင်ရွက်နေပါသည်။

တာမွေမြို့နယ်၊ ကျိုက္ကဆံအားကစားကွင်း မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်တွင် အားကစားဆိုင်ရာတာဝန်ကို ထမ်းဆောင်နေသော ဖေသောရီသည် ကလောင်လက်နက်ကိုင်ရာတွင်လည်း စာပေအဆင့်ရှိသူဖြစ်သည်။

ယခု သူ၏စာအုပ်သည် မြန်မာ့စာပေလောကတွင် လိုအပ်နေသော သရော်စာပေကို အားဖြည့်လိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် သရော်စာပေနှင့် မကင်းခဲ့ပါ။

ကျွန်တော်တို့ ကျောင်းသားလူငယ်ဘဝမှစ၍ သွေးသောက်မဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်းတို့၌ စာရေးဆရာသော်တာဆွေ၊ ကြပ်ကလေး စသည့် ဟာသစာပေများကို စတင်ရင်းနှီးခဲ့ရပါသည်။ အဘယ်မျှ အင်အားကြီးမားသူ ဖြစ်ပါစေ မမှန်မကန် လုပ်လာပါက ကျရှုံးသူ ဖြစ်ကြောင်း သူကြီးတစ်ဦး၏ ဘဝသရုပ်ဖော်ဝတ္ထုကို ယနေ့ထိ မမေ့နိုင်ပါ။ ထို့အတူ နေ့စဉ်ကြုံတွေ့ရသော ကမောက်ကမ ဖြစ်ရပ်များကို သရုပ်ဖော်စာပေဖြင့် ကလောင်ခြယ်မှုန်းခဲ့သော စာရေးဆရာအားလုံးကို ယနေ့အထိ မှတ်မိနေပါသည်။

လူ့လောက၏ကမောက်ကမဖြစ်စဉ်ကို ကလောင်လက်နက်ဖြင့် သရုပ်ဖော်ခြယ်မှုန်းခဲ့သော သရော်စာပေသည် လူသားတို့၏ ဟဒယနှလုံး ရွှင်ပြုံးအောင် ဆွဲဆောင်နိုင်သလို ဘဝအမောကိုလည်း အလွမ်းအသောဖြင့် ခံစားစေပါသည်။

ဘဝအမှန်ကို ရသ,ဖြင့် ခံစားစေရန် ဖန်တီးပေးသည့် သရော်စာပေကို ရေးသားသူများတွင် "ဖေသောရီ"ဟူသော ကလောင်တစ်ချောင်း စာပေမျက်နှာတွင် နေရာယူလာခြင်းကို ကျွန်တော်ကြိုဆိုပါသည်။ တစ်ချိန်တည်းတွင် စာဖတ်သူများ ကလည်း သူ၏ကလောင်စွမ်းရည်ကို အကဲဖြတ်ဝေဖန်ကြရန်လည်း တိုက်တွန်းလိုပါသည်။

မောင်သိန်းညွန့် (ကော့ကရိတ်)

၁-၅-၂၀၁၅


SAN
5/12 2011
12.55
09 73145540

# စာရေးသူ၏အမှာ

'လူမျိုးတစ်ရာ့တစ်ပါးတို့သည် ဘာသာစကားအားဖြင့် ကွဲပြားကြသော်လည်း လူမျိုးမရွေး နားလည်သောလူ့အမူအရာ (Expression) ဘာသာစကား အသုံးအနှုန်းနှစ်ခုရှိသည်။ ထိုနှစ်ခုကား ငိုခြင်းနှင့် ရယ်မောခြင်းဟု ဆိုပါသည်'လို့ အနောက်တိုင်းဟာသစာပေစာတမ်းမှာ ကွယ်လွန်သူဆရာမကြီး ဒေါ်ခင်မျိုးချစ်က ဖတ်ကြားတင်သွင်းခဲ့ဖူးပါတယ်။

လူသားအားလုံး အမိဝမ်းက ကျွတ်ပြီး လူ့လောကထဲစရောက်ပြီဆိုတာနဲ့ ငိုခြင်းနဲ့ ဘဝ စခဲ့ကြရပါတယ်။ နာကျင်လည်း ငို၊ ကြောက်လန့်လည်း ငို၊ ဆာလောင်မွတ်သိပ်လည်း ငိုနဲ့ အရယ်၊ အပြုံး ခံစားမှုလုံးဝမသိသေးတဲ့ အရွယ်ပေါ့။

နောက် လေး၊ ငါး၊ ခြောက်လ ဦးနှောက်ဖွံ့ဖြိုးစအရွယ်ရောက်မှ မိခင်၊ ဖခင်တို့ ချော့မြှူကြတဲ့အခါ အပေါ်နှုတ်ခမ်းလေးတွန့်၊ ပါးစပ်လေးဟလို့ ပြုံးရယ်တတ်လာပြီ။ အခါလည်းမတိုင်မီ တူတူရှေးဝါးလုပ်

ပြရင်ပဲ ခိုးခိုးခစ်ခစ်နဲ့ အသံထွက်ပြီး ရယ်တတ်လာပြီ။

လူကြီးတွေ လေလည်တာလောက်ကိုသာ ရယ်စရာရယ်လို့ မှတ်ယူတတ်ကြတဲ့ မူကြိုအရွယ်မှာ ဟာသဉာဏ်ခံစားနားလည်နိုင်စွမ်း မရှိသေးတဲ့အတွက် ဟာသပြက်လုံးတွေကို ရယ်ရကောင်းမှန်း မသိကြသေးဘူး။

လေး၊ ငါး၊ ဆယ်နှစ်သားအရွယ်ရောက်မှ ဟာသဆိုတာကို ခံစား တတ်လာကြပြီး လူရွှင်တော်တွေ မျက်နှာတွန့်လိမ်ပြရင်ကိုပဲ ရယ်ချင် နေကြတယ်။ တော်ရုံတန်ရုံ အပြောင်အပြက်လောက်နဲ့တင် တခစ် ခစ် ရယ်တတ်ကြတယ်။

ဆယ်ကျော်သက်အရွယ်ရောက်တော့ ရုပ်ရှင်၊ ဗီဒီယို၊ ဟာသ သရုပ်ဆောင်တွေပြက်လုံး နားထောင်ပြီး ခွက်ထိုးခွက်လန်ရယ်လာ ကြတယ်။ ဟာသဝတ္ထုတွေ ဖတ်ပြီး တစ်ယောက်တည်း ကျိတ်ရယ် တတ်ကြတယ်။ ဒါပေမဲ့ ဒီအရွယ်လေးတွေဟာ ဟာသရဲ့အနှစ်သာရ ခံစားတတ်မှု မဖွံ့ဖြိုးသေးတဲ့အတွက် ပေါ့ပြက်ပြက်ဟာသစာပေမျိုး၊ ပေါချာချာ သရုပ်ဆောင်မှုမျိုးကိုပဲ နှစ်သက်တတ်ကြပါတယ်။

လူလတ်ပိုင်း၊ အသက်သုံးဆယ်ကျော်၊ လေးဆယ်အရွယ် ရောက်မှ အသိဉာဏ်ပညာ ဖွံ့ဖြိုးလာသလို ဟာသရသ အနှစ်သာရ ခံစားနားလည်မှုလည်း ပြောင်းလဲလာတယ်။ ဟာသအဆင့်အတန်း ကို ခွဲခြားနားလည်လာကြပြီး ပေါ့ပြက်ပြက်၊ ပေါချာချာဟာသမျိုးကို ငြီးငွေ့စိတ်ပျက်လာတတ်ကြတယ်။ အနှစ်သာရရှိတဲ့ ဟာသအမျိုး အစားကိုပဲ ရွေးချယ် ရယ်မောတတ်ကြတယ်။ မထေ့တထေ့ ပြက်

ရယ် သရော်တာလေးကိုပဲ တစိမ့်စိမ့်တွေးပြီး တစိမ့်စိမ့်ရယ်တတ်လာတယ်။

အသက်အရွယ်လေး ရလာပြီး တတိယအရွယ်ရောက်တော့မှ အတွေ့အကြုံ ဗဟုသုတလည်း များပြားလာ၊ ဒုက္ခများမြောင်း လူတို့ ဘောင်ရဲ့ ဖြစ်ပြန် ပျက်ပြန်လောကဓံတရားတွေ ဆင်ခြင်သုံးသပ်လာမိတဲ့အခါ မမြဲသော အနိစ္စတရားကို ရှုမြင်လာကြတယ်။ ဒီအခါ မိမိ ဝန်းကျင်လောကနဲ့ မိမိထိတွေ့ ဆက်ဆံ တွေ့မြင်နေရတဲ့ လူမှုရေး နယ်ပယ်မှာ အရာရာကို တည်မြဲနေသယောင်ယောင်၊ ပညတ်ကိုယ် ပရမတ်လို့ ထင်လိုထင်နဲ့ ဘဝင်လုံးကြွလို့ စိတ်ဘောင်ဘင်ခတ်နေကြ ပုံကို မြင်နေ၊ တွေ့နေရတဲ့အခါ သနားကရုဏာစိတ်နဲ့ ပြုံးမိကြပြန်တယ်။

ဒါက အသက်အရွယ်အပိုင်းအခြားအလိုက် အသိဉာဏ်ပညာ တိုးတက်မှု၊ ဆင်ခြင်တုံတရားရင့်ကျက်မှုပေါ် မူတည်ပြီး ဟာသရသ ခံစားတတ်မှု ပြောင်းလဲလာပုံအဆင့်ဆင့်ပါ။ သို့သော် အသက်သာ ကြီးပြင်းလာပြီး အသိဉာဏ်ပညာနဲ့ ဆင်ခြင်တုံတရား မတိုးတက်လာသူ၊ မရင့်ကျက်လာသူတွေအဖို့ သူ့အသိ ဉာဏ်ပညာရပ်တန့်ခဲ့တဲ့ အသက်အပိုင်းအခြားရဲ့ ဟာသရသခံစားတတ်မှုအဆင့်မှာပဲ ကျန်နေရစ်ခဲ့တတ်ကြတယ်။

ထို့အတူပါပဲ။ အသက်အရွယ်အလိုက်၊ အတွေ့အကြုံ၊ ဗဟုသုတ ကြွယ်ဝမှုအလိုက်၊ အသိဉာဏ်ပညာ မြင့်မားမှုအလိုက်၊ စိတ်ထား ရင့်ကျက်မှုအလိုက် ခံစားရေးဖွဲ့ခဲ့ကြတဲ့ ဟာသ သရော်

စာပေတွေလည်း သူ့အဆင့်အတန်းနဲ့သူ ရပ်တည်တတ်ကြပါတယ်။

သရော်စာ(Satire)ဆိုတာ ဟာသ(Humour) ကနေ ဆင့်ပွား လာတဲ့ စာပေအမျိုးအစားပါ။

သရော်စာနဲ့ ပတ်သက်လို့ ဆရာမကြီးဒေါ်ခင်မျိုးချစ်က သူရေးသားခဲ့တဲ့ 'သရော်စာဆိုသည်မှာ' ဆောင်းပါးမှာ သရော်စာပေကို

၁။ လူ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ပြက်ရယ်သရော်ခြင်း၊

၂။ လူမျိုး၊ လူတန်းစား၊ လူအစုအဝေးထဲက အုပ်စုတစ်ခုထဲမှ တွေ့မြင်ရခြင်းကို ပြက်ရယ်သရော်ခြင်း၊

၃။ လူ့လောကအဖြစ်သနစ်များကို ပြက်ရယ်သရော်ခြင်း၊

၄။ လူ၏စိတ်ဓာတ်သဘာဝဖြစ်တတ်ပုံကို ပြက်ရယ်သရော်ခြင်း လို့ အမျိုးအသား(၄)မျိုး ပိုင်းခြင်းပြခဲ့ပါတယ်။

အကြောင်းအရာအားဖြင့် လေးမျိုးပိုင်းခြားထားပေမယ့် သရော်စာဆိုတာ ဟာသနဲ့ ကင်းလို့ မရပါဘူး။ ဒီတော့ ဟာသကို ခွဲစိတ်ပြထားတဲ့ ရေးနည်း၊ ပြောနည်း၊ သရုပ်ဆောင်နည်းတွေနဲ့ ရေလဲ သုံးကြတယ်လို့ ဆိုပါတယ်။

အာဝဇ္ဇန်းသန်သူက မထိတထိရယ်သွမ်းသွေးမယ်။ ငေါ့တော့ ကျီစယ်တဲ့ ဟာသမျိုးသုံးမယ်။ စကားလုံး ကုလားဖန်ထိုးတာမျိုး၊ စကားလိမ်ဖွဲ့တာမျိုး၊ အဓိပ္ပာယ်နှစ်ခွထွက်တဲ့ စကားလုံးတွေနဲ့ ပညာပြ သရုပ်ဖော်ကြပေမယ်။

သရော်စာကို ရေးချင်လာအောင် တိုက်တွန်းနှိုးဆော်တဲ့

အကြောင်းအရာတွေ အများကြီးရှိတဲ့အထဲမှာ အင်အားအပြင်းထန်ဆုံးတစ်ချက်က 'ခံပြင်းစိတ်'ရယ်လို့ ဆရာမကြီးက ဆိုထားပါတယ်။ မိမိမျက်စိအောက်မှာ အမြင်မတော်တာ၊ မတရားဖြစ်တာကို မြင်ပြင်းကတ်၊ မျက်စိစပါးမွေးစူးတာမျိုး ဖြစ်တတ်ကြပါတယ်။

ဒီတရားကိုယ်ဒေါသကို အဖန်တလဲလဲ ဝိတက်၊ ဝိစာရ ဆင်ခြင် သုံးသပ်ပြီး ကြည်လင်တဲ့အနှစ်သာရကို ရတဲ့အခါမှ ရေးရင် သရော်စာ ပီပီပြင်ပြင်ဖြစ်လာနိုင်ပါတယ်လို့ ဆရာမကြီးက လမ်းညွှန်ပေးခဲ့ပါတယ်။

ဒီလို ကလောင်ကျွံတဲ့အဖြစ်မျိုး မရောက်အောင် ထိန်းပေးနိုင်တာ၊ အကယ်၍ မတော်တဆ 'ကျွံ'သွားခဲ့ရင်တောင် ပြန်အဖတ်ဆယ်ပေးနိုင်တဲ့ လက်နက်ကတော့ 'အလင်္ကာ'နဲ့ 'ဟာသ'ပါပဲ။ ဒီနှစ်ခုဟာ အင်မတန်ထိရောက်တဲ့ ဖြေဆေးပါ။

ခွေးနှင့် နှိုင်းခြင်း၊ ဥမင်တွင်းဝယ်
ကျင်းခုနစ်တောင်၊ နက်အောင် တူး၍
လကွယ်နေ့တွင်
မိုက်ငွေ့လူလူ၊ ဖွားတော်မူသည့်
ကြေျှတိရစ္ဆာန်. . .

တကယ်တော့ စလေဦးပုညက ခွေးနဲ့ ခိုင်းနှိုင်းဆဲလိုက်တာပါ။ ဒါကို 'မိုက်ငွေ့လူလူ၊ ဖွားတော်မူ'ဆိုပြီး ငေါ့တော့တော့၊ သရော်တော်တော်လေး ဆဲလိုက်တော့ ဟာသရသဂုဏ်မြောက်သွားတော့တာပေါ့နော်။

တစ်ခါ ဝိဇယပြဇာတ်မှာ မယ်ကုဝဏ်နဲ့ ကျွန်ယုံမိဒကွတို့ စကားပြောခန်းမှာလည်း. .

'လက်ာဒီပ၊ ကျွန်းဌာနမှာ

လွှမ်းစရာ့ကညာ၊ ယဉ်မျိုးစုပါတဲ့၊ ကုဝဏ္ဏာ။

ထောင့်ငါးရာကိလေသာရတနာရွှေတိုက်ကို၊ သော့ရိုက်လို့ထား၊

ဖွင့်မည့်သူပေါ်လာခဲလို့၊ အူထဲက ယား။

ဘွားခန် ယနေ့

ကာလသားများနှင့် ကားခန်တွေ့ရင်လာ့

ကြည့်ရော့ပော့ မယ်ဒကွ။

ကိလေသာတမန်နှင့် လက်ရစ်သံစမ်းလိုက်လို့

သွေးဖြန်းဖြန်းထစေ့မယ်. . .'

ဒီကုဝဏ္ဏာပတ်တိုက်ဟာ မယ်ကုဝဏ်ရဲ့သွေးသားဆန္ဒ ထကြွသောင်းကျန်းပုံကို ဖွဲ့ဆိုထားတာပါ။

ဒါကို ဦးပုညက 'ထောင့်ငါးရာကိလေသာရတနာရွှေတိုက်ကို သော့ရိုက်လို့ထား။ ဖွင့်မည့်သူပေါ်လာခဲလို့ အူထဲက ယား'ဆိုတာမျိုး၊ 'ဘွားခန် ယနေ့၊ ကာလသားများနဲ့ ကားခန်တွေ့ရင်လာ့ ကြည့်ရော့ပော့ မယ်ဒကွ၊ ကိလေသာတမန်နှင့် လက်ရစ်သံစမ်းလိုက်လို့ သွေးဖြန်းဖြန်း ထစေ့မယ်'ဆိုတာမျိုးတွေနဲ့ ခပ်ကြမ်းကြမ်းလေးသုံးထားပေမယ့် ဒီလက်ာအဖွဲ့အနွဲ့မှာကိုက သင်္ဂါရရသ၊ ရုဒ္ဒရသ၊ ဟာသရသတွေ ပါဝင်လာတဲ့အတွက် ကြမ်းတယ်လို့ ထင်စရာမရှိတော့ဘဲ ကုဝဏ္ဏာအပေါ် ကရုဏာသက်ပြုံးမိစေပါတယ်။

စိတ်၊ စေတသိက်၊ ရုပ်တို့ရဲ့ သဘောသရုပ်ကို ထုတ်နုတ်မပြ နိုင်ဘဲ အလှူမသာအိမ်တွေမှာ အိမ်ဦးခန်းထိုင်ပြီး အာပေါင်အာရင်း သန်သန်နဲ့ တရားစကားပြောတတ်သူတွေကိုလည်း. . .

စေ့ရေမှူလ

ပညာရှိငါဟဲ့နော်လို့၊ အာဘော်ကို ပြပြီးလျှင်

မာနဖိစီး၊ အနှီးမနှော

တစ်ယောက်နှင့် တစ်ယောက်၊ အာပေါက်အောင်ပြောကြ

သောမနဿသဟဂုတ်၊ လက်ဖက်က သုံးလေးလုတ်

ဒိဋ္ဌိဂတသမ္ပယုတ်၊ ကြက်သွန်ကြော်များများနှင့်

ဗိုက်ကားအောင် တုပ်ပြီးလျှင်၊ သရုပ်များကွဲလေဟန်

အနက်ကိုလည်း မသိ

ပညာရှိငါတစ်ဆူ၊ ဖြစ်လေသည်ဟူသတည်းဟု

အလှူမသာ၊ ရှိရှိရာတွင်

လည်ကာ ဝါကြွား၊ လက်ဖက်စားသည်

ဘုရားမကြိုက်သောလူစုတည်း။

စလေဦးပုညက အဘိဓမ္မာစိတ်ပိုင်း၊ ကာမာဝစရစိတ်ရဲ့ အကု သိုလ်စိတ်မှာ ဖြစ်ပေါ်တတ်တဲ့ လောဘမူစိတ်နဲ့ ယှဉ်ပြီး 'သောမနဿ သဟဂုတ်၊ လက်ဖက်က သုံးလေးလုတ်'လို့ တစ်နည်း၊ 'ဒိဋ္ဌိဂတသမ္ပ ယုတ်၊ ကြက်သွန်ကြော်များများနှင့် ဗိုက်ကားအောင် တုပ်ပြီးလျှင်' လို့ တစ်ဖုံ၊ အဖွဲ့မျိုးတွေနဲ့ ခနိုးခနဲ့၊ ငေါ်တော့တော့သရော်ချက်က တရားယောင်ယောင်ပုဂ္ဂိုလ်တွေရဲ့စရိုက်ကို ကွက်ကွက်ကွင်းကွင်း

သရုပ်ပေါ် လွင်လာစေပါတယ်။

တကယ်တော့ သရော်စာပေဆိုတာ အမြီးအမောက်မတဲ့၊ အံမဝင် ခွင်မကျဖြစ်နေတဲ့ လူစရိုက်နဲ့ ခေတ်စနစ်ကို ဟာသပညာရပ်နဲ့ ဝေဖန် ထောက်ရှုပေးခြင်းပါ။

ဒီလို ဂန္ထဝင်ဟာသရသစာပေမျိုးတွေကို ဖတ်ရှုရသူအဖို့ စိတ်ပျော်ရွှင် ရွှင်မြူးလာစေသလို တွေးခေါ် ဆင်ခြင်မှုကိုလည်း ရင့်ကျက်လာစေမှာ အမှန်ပါ။

ပညာရှင်ကြီးတစ်ဦးက မိန့်ဆိုခဲ့ဖူးပါတယ်။

'ရယ်ပါ၊ ကမ္ဘာကြီးသည် သင်နှင့်အတူ လိုက်၍ ရယ်လိမ့်မည်။

ငိုပါ၊ သင်တစ်ယောက်တည်း ငိုရလိမ့်မည်'. . . တဲ့။

ဒါကြောင့် သောရီ မငိုချင်ပါ။ ရယ်ချင်ပါသည်။ သောရီနဲ့အတူ ကမ္ဘာလောကကြီးကိုလည်း ရယ်စေလိုပါသည်။ အထူးသဖြင့် လူမှုလောက၊ လူစရိုက်၊ လူ့မနောတွေမှာ အမြီးအမောက်မတည့်ဖြစ်နေတာတွေ ကြည့်ပြီး သောရီ ရယ်မိပါသည်။ ဒီအခါ ရယ်ချင်စိတ်ကို ခနိုးခနဲ့အတွေးနဲ့ ပေါင်းစပ်မိလိုက်တဲ့အခါ 'ငေါ့တော့တော့ အတွေးရသများ' ဖြစ်ပေါ် လာရပါတယ်။

ငေါ့တော့တော့အတွေးရသများဟာ ပြီးခဲ့တဲ့ အာဏာရှင်အစိုးရလက်ထက် ရသစာပေအမှောင်တိုက်ကြီးထဲမှာ အောင်းထားခဲ့ရတဲ့ စာမူတွေကို အထုပ်ဖြေပြလိုက်တာပါ။ အချို့ကား သောရီကိုယ်တွေ့ဖြစ်သလို အချို့ကား သောရီဝန်းကျင်လူမှုရေးနယ်ပယ်က အဖြစ်သနစ်တွေပါ။

အခုလို ပေါ်တော့တော့အတွေးရသများဟာ မည်သူတစ်ဦး တစ်ယောက်ကိုမှ နစ်နာစေလိုမှုမရှိပါ။ အများကို အမှန်ဖြစ်အောင်၊ သင်ခန်းစာယူနိုင်အောင်လို့သာ မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါ။

ဒါနဲ့ ပတ်သက်လို့ မြန်မာပြည်ရဲ့ပထမဆုံးကာတွန်းဆရာကြီး ရွှေတလေး(ဦးဘကလေး)က. .

'ဘယ်သူ့ထိပ်ကိုမှ ပိတ်ရေးလို့ မောင်မဆော်၊

ဟုတ်တိုင်းမှန်ရာတွေးလို့ ရေးရပါသော်။

နာလုံးတွေဖော်

အော်ကာဗျ မည်သူဆဲ၊

ရွှေတလေးမှာဖြင့် ကျေအေးတယ် ခါမဟူပ

ကမ္ဘာ့သူဇာတ်မှန်ပြသည်သို့

အများကို အမှန်ကျအောင်ဗျာ

ရေးရတာပဲ'. . . တဲ့။

အားလုံးရယ်မောပျော်ရွှင်နိုင်ကြပါစေ။

ဖေသောရီ

၁. ၁. ၂၀၁၅။

မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်

ကျိုက္ကဆံအားကစားကွင်း၊

တာမွေမြို့နယ်။

တမလွန်ရောက် ဖေဖေ ဦးအေးကို (လ/ထည္ဆန်ကြားရေးမှူး- ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းဦးစီးဌာန) နှင့် မေမေ ဒေါ်သန်းမို (မိသားစု သစ်ခွဲစက်)တို့အား ဤစာအုပ်ဖြင့် သားမောင်ဖေသောရိမှ လက်စုံမိုး၍ ရိုကျိုးစွာ ပူဇော်ကန်တော့လိုက်ပါသည် ဖေဖေနှင့် မေမေ ခင်ဗျာ။

ဖေသောရိ

# ပုဂ္ဂိုလ်ကောင်း လူကြီးမင်းရယ်

ဖေဖေသာဂိ



# မှန်လိုက်လေခြင်း လူကြီးမင်းရယ်

(၁၉၈၈) ခုနှစ် နောက်ပိုင်း၊ စစ်အစိုးရလက်ထက်။
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကာလ။

ဒီကာလမှ ချိုကြီးတစ်ယောက်က ကျုပ်တို့လမ်းသား။ ပညာအရည်အချင်းက ရေးတတ်ဖတ်တတ်ရုံ၊ အလုပ်အကိုင် မည်မည်ရရမရှိ၊ ၁၀၉-၁၁၀ ပြန်တမ်းဝင်၊ သောက်သောက်စားစားသမားဘွဲ့ခံပုဂ္ဂိုလ်။

ဒါပေမဲ့ နှယ်နှယ်ရရတော့ မထင်လေနဲ့။ ကျုပ်တို့ လမ်း လူကြီးတဲ့ဗျ။ အရင်က အရပ်ထဲ သုံးစားမရပေမယ်လို့ ရပ်ကွက်ရုံး ဝင်ထွက်ရင်း ဘယ်ကဘယ်လို ရာထူးရလာသလဲရယ်တော့မသိ။ ရပ်ကွက်လူကြီးဆိုသူတွေနဲ့ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြပေမပေ့။ သူ့ဇာတာမှာ ရာဇယုဂ်လည်း ပါဟန် တူပါရဲ့။

သူ့လက်ထက်မှာပေ့။ အိမ်မှာလာကပ်နေတဲ့ ကျုပ်ယောက်ဖတော်က တစ်နေ့မှာ ညကြီးမင်းကြီး အချိန်မရှိ အချိန်ရှိမှ မိန်းမခိုးလာသတဲ့။ ကျုပ် အတော်စိတ်လေသွားတယ်။ သူတို့လာတော့

အတော်ညဥ့်နက်နေပြီ။ အချိန်လည်းမရှိတော့ဘူး။ စစ်အုပ်ချုပ်ရေး ကာလမို့ တခြားသွားဖို့ကလည်း မလွယ်တော့ဘူး။

ဟယ်. . . တတ်နိုင်ပေဘူး။ ရောက်လာမှတော့ ဒီတစ်ည တော့ အိမ်မှာပဲ လက်ခံထားပေးရတော့မပေါ့။ မနက်မှပဲ မီးစင်ကြည့် ကလို့ စီစဉ်စရာရှိ စီစဉ်တော့မယ်။

ကိုင်း. . . မောင်မင်းကြီးသားနဲ့ မယ်မင်းကြီးမတို့၊ ဒီတစ်ည တော့ ကျုပ်အိမ်နောက်ဖေး မီးဖိုချောင်လေးမှာ သဥ္ဇာလီစက်ရာခန်း အမှတ်နဲ့ တူနှစ်ကိုယ်ယှဉ်ဖက် မှေးစက်လို့ ပျော်ကြပေရော့။ ကျုပ် အိမ်လေးက မခိုင့်တခိုင်နော်. . .။

အဲ. . . နေဦး၊ နေဦး။ ညအိပ်မယ်ဆိုတော့ ကလေးမလေး အတွက် ဧည့်စာရင်းတိုင်ဦးမှ။ ငြိမ်ဝပ်ပိပြားရေးကာလမို့ ဧည့်စာရင်း က နေ့စဉ်ရက်ဆက် စစ်ပါဘိသနဲ့၊ တော်ကြာ. . . အရေးကောင်း တုန်း ဧည့်စာရင်းမိသွားလို့ကတော့ ကျုပ်မောင်မင်းကြီးသား ဒုက္ခ ဖြစ်ချေပေ့။

ဒါပေမဲ့. . . ခက်တာက ခေတ်အပြောင်းအလဲကာလမို့ ဧည့် စာရင်းပုံစံဆိုတာ မရှိသေးဘူး။ လျှောက်လွှာပေါ်မှာရေးပြီး တိုင်ရတဲ့ ကာလ။ ဒီတော့ လျှောက်လွှာပေါ်မှာ ကျုပ်ကိုယ်တိုင်ပဲ ကလေးမ လေးရဲ့အမည်၊ မှတ်ပုံတင် စတဲ့ ကိုယ်ရေးအချက်အလက် အပြည့် အစုံရေး၊ အဆုံးမှာ အိမ်ရှင်ဖြစ်သူ ကျွန်တော် ဦး. . . . ဘယ်သူက တာဝန်ယူပါသဖြင့် ၎င်းဧည့်သည်အား ကျွန်တော့်နေအိမ်တွင် တည်း ခိုခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်ပေါ့။ အောက်ဆုံး လျှောက်

ထားသူနေရာမှာ အိမ်ရှင်ဖြစ်တဲ့ ကျုပ်ကပဲ လက်မှတ်ထိုးလိုက်ရသပေါ့ဗျာ။

လျှောက်လွှာရေးပြီးပြန်တော့ ရပ်ကွက်ရုံးမှာ သွားတိုင်ရဦးမယ်။ သို့ပေမဲ့ အချိန်က နှောင်းနေပြီ။ အခုဆို ရုံးလည်းပိတ်လောက်ပြီ။ ဒီတော့ လမ်းလူကြီး ချိုကြီးဆီ သွားတိုင်ထားမှ။ ကိုင်း . . . ကြာပါတယ်။ ကျုပ်ကိုယ်တိုင် လျှောက်လွှာကိုင်ပြီး ချိုကြီးအိမ် ပြေးရတယ်။ လက်ထဲမှာလည်း ချိုကြီးမြင်အောင် ဋ္ဌေစာရင်းဖိုးလေး လက်ကြား ညှပ်ပြထားရသေးတယ်။

ဒီလိုဆိုတော့လည်း ကျုပ်တို့သမားတော်ကြီးက သဘောကောင်းရှာပါတယ်။ ရာဇဂုဏ်မမောက်တော့ဘူး။ မရစ်တော့ဘူး။ ထွေထွေထူးထူးလည်း မမေးဘူး။ တစ်လမ်းတည်းသားချင်းတွေမို့လားမသိ၊ လျှောက်လွှာတောင် သေသေချာချာမဖတ်တော့ဘူး။ ကိုရွှေလူကြီးမင်းက လျှောက်လွှာပေါ်မှာ သူရေးထုံးအတိုင်း ဆက်ရက်မင်းစည်းစိမ်အပြည့်နဲ့ မြိန့်မြိန့်ကြီး ထောက်ခံပေးလိုက်ပါတယ်။

'လျှောက်ထားသူမှာ အမှန်တကယ် အသုံးပြုမည်ဖြစ်ပါ၍ ထောက်ခံပါသည်' . . . တဲ့။

ကိုင်း. . . အရှုပ်ကတို့ရေ။ မိန်းမခိုးလာသူက ရွှေယောက်ဖ။ အခွင့်ရလာသူက ဒီမောင်ကျုပ်၊ ကိုင်း. . . ဒီအထုပ်ကို ဘယ်သူပိုင်ထိုက်၊ မပိုင်ထိုက်၊ သုံးသပ်တွေးခေါ်လို့ ဆုံးဖြတ်ပေးတော်မူကြပါချို့။

■


P.T.T

# ဖရဲသီး

ပြီးခဲ့တဲ့ (၂၀၁၂) ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲတုန်းကပေါ့။

ဒီကြားဖြတ်ရွေးကောက်ပွဲက ပထမ (၂၀၁၀) ခုနှစ်။ ရွေးကောက်ပွဲကြီးထက် ပိုပြီး စိတ်ဝင်စားစရာ။ ဘာလို့လဲဆိုတော့ (၂၀၁၀) ရွေးကောက်ပွဲတုန်းက (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို ကန့်ကွက်တဲ့အနေနဲ့ ပါဝင်ယှဉ်ပြိုင်မှုမပြုခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(အင်န်အယ်လ်ဒီ)ဟာ အခုကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင် အရွေးခံမယ်လို့ ဆိုလာတဲ့အတွက်ကြောင့်ပေါ့။

ဒီတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံသွားပြီလား။ သို့တည်းမဟုတ် ခွဲထွက်ပါတီတွေရဲ့ လမ်းစဉ်အတိုင်း လွှတ်တော်အတွင်းကနေ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်သွားတော့မှာလား။

ဒါပြင် (၂၀၁၀) ရွေးကောက်ပွဲတုန်းက မဲမသမာမှုတွေ ရှိခဲ့တယ်လို့ ပြည်သူအများက ယုံကြည်ခဲ့ကြတယ်။ ပါတီအချို့ရဲ့ ကြိုတင်

မဲနဲ့ ရှုံးနိမ့်သွားခဲ့ရတဲ့အပေါ် ပြည်သူတွေက သံသယရှိခဲ့ကြတယ်။ ဒါကြောင့် အခုကြားဖြတ်ရွေးကောက်ပွဲသည်လည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်နိုင်ပါ့မလား။ အရင်လို မဲမသမာမှုတွေရှိခဲ့ရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရော အနိုင်ရဖို့လွယ်ပါ့မလား။ အနိုင်ရခဲ့ရင်ကော (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲရလဒ်လို ဖြစ်နေဦးမလား။ စတဲ့ လားပေါင်းများစွာနဲ့ ပြည်တွင်း၊ ပြည်ပ အားလုံးက အကဲခတ်နေကြတယ်။ ရဟန်းရှင်လူ ပြည်သူအပေါင်းကလည်း စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြတယ်။ စောင့်ကြည့်တဲ့ အထဲမှာ သောရီတစ်ယောက်လည်း အပါအဝင်ပေါ့။

ဒီလိုနဲ့ (၂၀၁၂) ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှာ ကြားဖြတ်ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်နဲ့ ကျင်းပပြီးဆုံးသွားတယ် ဆိုပါတော့။ ဒီအချိန်မှာ မဲအနိုင်အရှုံးစာရင်းကို တိုင်းသူပြည်သားအားလုံးက စိတ်လှုပ်ရှားစွာနဲ့ စောင့်မျှော်ခဲ့ကြတယ်။ သောရီလည်း သိလိုဇောနဲ့ နောက်တစ်နေ့မနက်မှာ မဲရုံတာဝန်ကျ မိတ်ဆွေ တစ်ယောက်ဆီ အပြေးအလွှား သွားမေးကြည့်တယ်။

"ဘယ်လိုလဲ. . . ညက ခင်ဗျားတို့မဲရုံအခြေအနေ ဘယ်လိုရှိသလဲ"

သူ အားပါးတရဖြေလိုက်ပုံက. . .

"အောင်မယ်လေး ဆရာဖေရယ်. . . ကျွန်တော်တို့မဲရုံ တစ်ခုလုံး ဖရဲသီးဖြစ်သွားသဗျို့"

"အယ်. . ."

သောရီ ရုတ်တရက်ကြောင်သွားတယ်။ ဘယ့်နှယ့်ပါလိမ့်။ မဲအနိုင်အရှုံး သိချင်လို့ မေးပါတယ်။ ဖရဲသီးက မဆီမဆိုင် ဘယ့်နှယ့်ပါလာရသတုံး။

“ဘာလဲဗျ. . . ဖရဲသီးဆိုတာ”

“ဩော်. . . ဆရာဖေသောရီကလဲ”

သူက စကားကိုဖြတ်ထားပြီး အ,ရန်ကောဆိုတဲ့ အကြည့်နဲ့ သောရီကို ကြည့်လိုက်သေးတယ်။ ပြီးမှ. . .

“ဖရဲသီးဆိုတာ အပြင်မှာသာ စိမ်းနေပေမယ့် အထဲရောက်မှ ရဲသွားတယ်လေ”

“ဩော်. . . ဩော်”

ဒီတော့မှ သောရီလည်း ကွက်ကွက်ကွင်းကွင်းကို အမြင်ရှင်းပေတော့တယ်။

တစ်ဆက်တည်း သူကလည်း ကုန်လွန်သွားခဲ့တာတွေကို နှမြောတမ်းတတဲ့အတွေးနဲ့ မချင့်မရဲ ပြောလိုက်သေးတယ်။

“အခုလိုအခြေအနေမျိုးနဲ့ (၂၀၁၀) တုန်းကဆိုရင်ဗျာ. . .”

■



# ပါဆင့်စား ဝန်ကြီး

တစ်ခါက နိုင်ငံတကာအစည်းအဝေးတစ်ခုမှာ အာဖရိက ဒေသ နိုင်ငံတစ်နိုင်ငံက ဝန်ကြီးတစ်ဦးနဲ့ အာရှဒေသတစ်နိုင်ငံ ဝန်ကြီးတစ်ဦးတို့ တွေ့ဆုံမိကြပြီး ငယ်ပေါင်းရောင်းရင်းပမာ ခင်မင် ရင်းနှီးသွားကြတယ်။ အစည်းအဝေးပြီးဆုံးလို့ မိမိနိုင်ငံ မိမိပြန်ခင်မှာ တစ်ဦးနဲ့တစ်ဦး သူ့နိုင်ငံ ကိုယ့်နိုင်ငံ အလည်လာကြဖို့ အပြန်အလှန် ဖိတ်ခေါ်ကြသတဲ့။

လမကြာမီမှာ အာဖရိကဝန်ကြီးက အာရှဝန်ကြီးနိုင်ငံကို အလည်အပတ်ခရီးရောက်လာတယ်။ နှစ်နိုင်ငံအရေး ညှိနှိုင်း ဆွေးနွေးကြပြီးမှ အိမ်ရှင်ဝန်ကြီးရဲ့ အလွတ်သဘောဖိတ်ခေါ်ချက် အရ အိမ်ရှင်ဝန်ကြီးအိမ်ကို အလည်ရောက်သွားတယ်။

အိမ်ရှင်ဝန်ကြီးကိုယ်ပိုင်အိမ်ကြီးက ခြံဝင်းကျယ်ကြီးမှာ ထည်ထည်ဝါဝါ ခမ်းခမ်းနားနား ဆောက်ထားလိုက်တာ ဟော်တယ် ကြီးတမျှပါပဲ။ နောက်ဆုံးပေါ် ဇိမ်ခံကားတွေက အစီးနှစ်ဆယ်ကျော်၊

အစိတ်လောက် ရှိပေမယ်။ အိမ်ရှင်ဝန်ကြီးရဲ့အနေအထားကို ညေ့်ဝန်ကြီး သဘောကျ အားကျနေပုံရတယ်။

"အဆွေတော်ရဲ့အိမ်တော်ကြီးက ဟော်တယ်ကြီးတစ်ခုလို အတော်ခမ်းနားပါလား။ အဆွေတော် ကြွယ်ဝမှုကလည်း အားကျစရာ၊ ဘယ်လိုကုသိုလ်မျိုးကြောင့်ပါလိမ့်"

အိမ်ရှင်ဝန်ကြီးက ဘာမှမပြောသေးဘဲ ညေ့်ဝန်ကြီးကို ပြတင်းပေါက်ရှိရာကို ခေါ်လာပြီး အဝေးတစ်နေရာကို လက်ညှိုးထိုးပြလိုက်တယ်။

"အဆွေတော် ဟိုမှာ ကြည့်လိုက်ပါ"

"အိုး. . . စက်ရုံကြီးပါလား၊ ကြီးကျယ်လှတဲ့ စက်ရုံကြီးပဲ။ ကျွတ်. . . ကျွတ်. . . ။ နို့. . . နေပါဦး၊ ဒီစက်ရုံကြီးနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ အဆွေတော်ရယ်၊ ဆိုင်သပေါ့။ Ten percent လေ၊ Ten percent ပေါ့"

အိမ်ရှင်ဝန်ကြီးက လက်ညှိုးတစ်ချောင်းထောင်ပြီး ကြွားကြွားဝါဝါ ပြောလိုက်တော့. . .

"ဟင်. . ."

ညေ့်ဝန်ကြီး အံ့သြသွားတယ်။ နောက်မှ သဘောပေါက်သွားပြီး ခေါင်းတဆတ်ဆတ်ညိတ်နေတော့တယ်။

✲ ✲ ✲

ဒီလိုနဲ့ အာဖရိကဝန်ကြီး ပြန်သွားပြီး လပေါင်းအတော်ကြာမှ အာရှဝန်ကြီးက အပြန်အလှန် အလည်ခရီး ရောက်သွားပြန်တယ်။ နိုင်ငံအရေးကိစ္စပြီးဆုံးတော့ ထုံးစံအတိုင်း အာဖရိကဝန်ကြီးက သူ့အိမ်ကို အလည်ခေါ်သွားတယ်။ သူ့အိမ်လည်း ရောက်ရော ဧည့်ဝန်ကြီး အရမ်းကိုအံ့ဩသွားတယ်။ အံ့ဩပေမပေါ့။ ဝန်ကြီး တစ်ယောက်ရဲ့ အိမ်သာဆိုတယ်၊ ဘုရင့်နန်းတော်ကြီးတမျှ ခမ်းနားလှပ ခန့်ညားလှပေသကိုး။

ဘယ့်နှယ် . . . ဆင်းရဲငတ်မွတ်လှပါတယ်ဆိုတဲ့ အာဖရိကနိုင်ငံတစ်နိုင်ငံရဲ့ဝန်ကြီး အိမ်တော်ဟာ နိုင်ငံအခြေအနေနဲ့ တခြားစီပါလား။ စိတ်ထဲမှာ တွေးမိပြီး မြိုမထားနိုင်လေတော့ ဧည့်အာရှဝန်ကြီး မေးပြီ။

"အို . . . အဆွေတော်၊ စံအိမ်ကြီးက နန်းတော်ကြီးတမျှပါပဲလား။ ကြီးကျယ်ခမ်းနားလှပါပေတယ်။ ကဲ . . . အဆွေတော်လည်း ဘယ်ကုသိုလ်ကြောင့်ပါလဲ။ လင်းစမ်းပါဦး"

"ဟား . . . ဟား၊ အဆွေတော် အရမ်းအံ့ဩနေတယ်ပေါ့လေ။ အေးလေ . . . ကျုပ်လည်း အဆွေတော်လို ပြပေးရမှာပေါ့"

ပြောပြီး ဧည့်ဝန်ကြီးကို အပေါ်ထပ် လသာဆောင်ကနေ အဝေးကို လှမ်းပြတယ်။ အာရှဝန်ကြီး လှမ်းကြည့်တော့ ဘာဆိုဘာမှ မရှိ ဗလာနတ္ထိ။ မျက်စိတစ်ဆုံးတိုင် ကျယ်ပြန့်လှတဲ့ ကန္တာရလွင်ပြင်ထီးထီး။ သူဘာကိုဆိုလိုတာလဲ။ အာရှဝန်ကြီး ခေါင်းစားနေပြီ။

"ဘာတွေ့လဲ အဆွေတော်ရဲ့"

အိမ်ရှင်ဝန်ကြီးက ပြုံးစေ့စေ့နဲ့ မေးလိုက်တယ်။ ညှော်သည်တော်ကြီးခမျာ ဘာမှ နားမလည်နိုင်ရှာ။ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့. . .

"ဟင့်အင်း. . . ဘာမှမတွေ့ရပါလား"

"ဟင်း. . . ဟင်း၊ ဘယ်တွေ့ပါ့မလဲ အဆွေတော်ရဲ့"

လို့ ပြောပြီး လက်ညှိုးလေးတထောင်ထောင်နဲ့. . .

"ဒါ. . . Hundred percent ပေါ့ အဆွေတော်ရယ်၊ Hundred percent ပေါ့"

■

# ဆိုလာမီးပွိုင့်လေး

သက္ကရာဇ် (၂၀၀၀) ပြည့်နှစ်နောက်ပိုင်း ရန်ကုန်မြို့တော်ကြီးမှာ မော်တော်ယာဉ်အစီးရေ များပြားလာခဲ့တယ်။ မော်တော်ယာဉ်စီးရေ များလာတဲ့အတွက် အဓိကလမ်းကြောတွေမှာ ယာဉ်ကြောပိတ်ဆို့မှုတွေ အမြဲလိုလိုဖြစ်လာတယ်။ ရုံးတက် ရုံးဆင်းချိန်ဆိုသာဆိုး။ ဒါ့ထက်ဆိုးတာက မီးပျက်လို့ မီးပွိုင့်အချက်မပြတော့တဲ့အခါ ပိုလို့ဆိုးသပ။ မီးပွိုင့်ပျက်ရင် ယာဉ်အန္တရာယ်လည်းများ၊ ကားတွေလည်း ဂျမ်းဖြစ်လို့ လမ်းပိတ်ဆို့ကုန်ပါလေရော။

လမ်းပိတ်ဆို့မှုက တစ်ခါတလေဆို တစ်နာရီ၊ နှစ်နာရီလောက် ကြာတယ်။ ဒီအချိန်မှာ ယာဉ်ထိန်းရဲ လာမရှင်းပေးလို့ကတော့ နေ့တစ်ဝက်လောက် ကုန်သွားနိုင်တယ်။ ဒါကလည်း မီးပွိုင့်ပျက်တာချည်း အပြစ်မဟုတ်။ ယာဉ်မောင်းသူအချို့ရဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အားနည်းတာလည်း ပါပေတယ်။ တစ်စီး၊ နှစ်စီးက ဖောက်လိုက်ရင် အားလုံး ဒုက္ခရောက်ကုန်ရော။


P.T.T

ဘယ်သူတွေ ဘယ်လိုပဲစည်းကမ်းပျက်ပျက် မီးပွိုင့်လေးသာ အချိန်ပြည့် အချက်ပြပေးနေရင် ယာဉ်အန္တရာယ်တွေ၊ ယာဉ်ကြော ပိတ်ဆို့မှုတွေ လျော့နည်းမှာပဲလေ။ ပိတ်လည်း ခဏပဲပေါ့။ ဒီတော့ အခုလို ယာဉ်စီးရေ များပြားလာလေ၊ မီးပွိုင့်လေးတွေ အချိန်ပြည့် အလုပ်လုပ်ဖို့ လိုလာလေလေ။

လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်ကာလက နိုင်ငံတော်မှာ လျှပ်စစ် ဓာတ်အား မလုံလောက်လို့ ရန်ကုန်မြို့တော်ကြီးတောင် လျှပ်စစ်မီး ပျက်လိုက်၊ မလာလိုက် ဖြစ်နေတဲ့ကာလမို့ မီးပွိုင့်လေးတွေခမျာမှာ မစိမ်းနိုင်၊ မဝါနိုင်၊ မနီနိုင်ခဲ့ကြရရှာဘူး။ ယာဉ်ကြောပိတ်ဆို့မှုတွေက လည်း အချိန်တိုင်း၊ နေရာတိုင်းလိုလိုပါပဲ။ ရန်ကုန်သူ၊ ရန်ကုန်သား တွေ ပြောစမှတ်ဖြစ်နေတာက 'အရေးကြီးလို့ အမြန်ရောက်ချင်ရင် ကားမစီးနဲ့၊ လမ်းလျှောက်'တဲ့။

ဒီအခက်အခဲကို တက္ကသိုလ်က ရူပဗေဒပညာရှင်တွေ တီထွင်၊ ကြံဆ၊ ဖြေရှင်းပေးလိုက်ပါတယ်။ အဲဒါကတော့ ဆိုလာမီးပွိုင့် ပါပဲ။ မီးပွိုင့်အပေါ် ဘားတန်းတွေမှာ တပ်ဆင်ထားတဲ့ ဆိုလာပြား တွေက စုဆောင်းရရှိတဲ့ လျှပ်စစ်ဓာတ်အားနဲ့ ပွိုင့် မီးလာစေတယ်။

ဒီနေရာမှာ တစ်ခုရှင်းပြစရာရှိတာက ဆိုလာပြားက ထွက် လာတဲ့ လျှပ်စစ်ဓာတ်ဟာ 'တိုက်ရိုက်လျှပ်စီးကြောင်း-DC'သာ ဖြစ် တယ်။ ဆိုလာကနေ တိုက်ရိုက်အသုံးပြုမယ်ဆိုရင် DC လျှပ်စစ် ပစ္စည်း၊ မီးလုံးနဲ့သာ သုံးနိုင်မယ်။ 'ပြန်လှန်လျှပ်စီးကြောင်း-AC'နဲ့ သုံးမယ်ဆိုရင် ဆိုလာပီဗွီစနစ် (Solar PV System) အသုံးပြုရတယ်။

ဆိုလာပီဗွီစနစ်မှာ ဆိုလာကွန်ထရိုလာ (Solar Charge Controller) ရယ်၊ အင်ဗာတာရယ်၊ ဘက်ထရီရယ် ပါဝင်ကြတယ်။ မီးပွိုင့်တွေမှာ ဆိုလာပီဗွီစနစ်နဲ့ သုံးကြတာပေါ့။

ရန်ကုန်မြို့တော် ယာဉ်အသွားအလာများတဲ့ အဓိကလမ်းဆုံအချို့မှာ ပညာရှင်တွေရဲ့အကူအညီနဲ့ နိုင်ငံတော်က အကုန်အကျခံပြီး ခေတ်မီ ဆိုလာမီးပွိုင့်တွေ တပ်ဆင်ပေးထားတယ်။ ရန်ကုန်တစ်မြို့လုံး မီးပျက်ပေမယ့် ဆိုလာမီးပွိုင့်လေးတွေ မီးမပျက်ဘဲ ပုံမှန်အချက်ပြနေတော့ ယာဉ်အသွားအလာ အဆင်ပြေတာပေါ့။ လမ်းလည်း မပိတ်ဆို့တော့ဘူး။ အားလုံး အိုကေ၊ ဘဲရီးဂွတ်. . .။

အဲ. . . ကြာကြာတော့ မဂွတ်လိုက်ပါဘူး။ ဆိုလာမီးပွိုင့်တွေ ခဏခဏပျက်လို့တဲ့။ မီးပွိုင့်ပျက်တော့ လမ်းဆုံတွေမှာ ကားတွေ ပြန်ပြီး ဂျမ်းဖြစ်ကုန်ပြန်ပြီပေါ့။

ဒီအတွက် ရှပဗေဒ ပါမောက္ခကြီး ခေါင်းစားနေပြီ။ သူကျောင်းသွားကျောင်းပြန် ကားနဲ့ဖြတ်သွားတော့လည်း ပွိုင့်ပျက်နေတာ တွေ့နေရတယ်။ ဟေ. . . ဆိုလာဖြစ်နေပြီး ဘာကြောင့်မီးပျက်ရတာလဲ။ နေရောင်ခြည်လည်း ပုံမှန်ရရဲ့သားနဲ့များ၊ ကိုယ်တိုင်နည်းပညာနဲ့ စနစ်တကျ ထုတ်လုပ် တပ်ဆင်ပေးလိုက်ပါရဲ့နဲ့ မီးပျက်ရတယ်လို့ စဉ်းစားရကြပ်ပါဘိ။ အားတဲ့တစ်ရက်လေး သွားကြည့်ဦးမှ။

တစ်ညနေမှာ အိမ်ရောက်ပြီးမှ အိမ်နေရင်း အဝတ်အစားလေးလဲပြီး ရွှေဂုံတိုင်မီးပွိုင့်ကို လျှောက်သွားတယ်။ ပါမောက္ခကြီး မီးပွိုင့်အောက်ရောက်တော့ မှောင်ရီပျိုးစပြုနေပြီ။ ဆိုလာပြား မျက်နှာ

ပြင်ပေါ်ကြည့်တော့ ဖုန်ညိုတက်တာလည်း မတွေ့ရဘူး။ ဆိုလာပြား ပေါ် ဖုန်တက်နေရင် နေရောင်ခြည်အပြည့်မရတော့ လျှပ်စစ်အပြည့် မထွက်နိုင်ဘူးလေ။ မီးပွိုင့်အောက်မှာ ပါမောက္ခကြီးတစ်ယောက် တည်း ဟိုမော့ကြည့်လိုက်၊ ဒီမော့ကြည့်လိုက်၊ အနားမှာတွေ့တဲ့ ဝါး လုံးပိုင်းလေးနဲ့ ထိုးကြည့်လိုက်နဲ့ အပြစ်လိုက်ရှာကြည့်တယ်။ အပြစ် ရှာမတွေ့ဘူး။

ဒီအချိန်မှာ မီးပွိုင့်ဂိတ်တဲလေးထဲက အရပ်ဝတ်လူတစ်ယောက် ထွက်လာတယ်။ အပုပ်ချိန်မို့ လူက ခပ်ထွေထွေရယ်။ ပါမောက္ခကြီး ကို သာမန်လူတစ်ယောက်လို့ပဲ မှတ်ထင်ပုံပေါ်တယ်။

"ဆရာကြီး . . . ဘာလာကြည့်တာလဲ"

"ဪ . . . ဘာရယ်မဟုတ်ပါဘူး၊ မီးပွိုင့်မီးမလာလို့ ကြည့် တာပါ"

ဒီတော့ ကိုယ်တော်ချောက အာသွက်လျှာသွက်နဲ့ . . .

"ဘယ်လင်းပါ့မလဲဗျာ၊ ကျုပ်တို့ဗိုလ်လေးက သူ့အိမ်က ကလေးတွေ တီဗွီကြည့်ဖို့ ဘက်ထရီယူသွားလေရဲ့"

"ဟင် . . ."

မထင်မှတ်တဲ့စကား ကြားလိုက်လို့ ပါမောက္ခကြီး အံ့အားသင့် သွားတယ်။ ရန်ကုန်မြို့ကြီးမှာ မီးအမြဲပြတ်နေတော့ သူ့ကလေးတွေ တီဗွီငတ်နေရှာလို့ နေမှာပေါ့လို့ တွေးမိလိုက်သေးတယ်။ ဒါပေမဲ့ သူ့စိတ်ထဲ မတင်မကျဖြစ်နေတာလေးတော့ သူပြောမိလိုက်တယ်။

"သူ ဒီလိုလုပ်တော့ ပွိုင့် မီးမလာရင် ကားတွေ ဂျမ်းဖြစ်ကုန်

မှာပေါ့"

"ဂျမ်းဖြစ်တော့ ကောင်းတာပေါ့။ ဒါမှ အာရကေ လာမှာ၊ ပွဲ့ငှ်မှန်နေရင် ဒါမလာဘူးလေဗျာ"

မောင်မင်းကြီးသားက ပြောရင်း လက်ညှိုးနဲ့လက်မ ဝိုင်းပြလိုက်သေးတယ်။

"ဟူး. . ."

ပါမောက္ခကြီး အပြစ်ရှာတွေ့သွားပါပြီ။ တကယ်တော့ ဒီလိုအပြစ်မျိုးက 'သက္ကရော ကာပုရိသံ ဟန္တိ'၊ ကာပုရိသံ-နှလုံးသွင်းယုတ်သောယောကျ်ားကို၊ သက္ကရော-လာဘ်ပူဇော်သက္ကာရသည်၊ ဟန္တိ-ဖျက်ဆီး၏ . . . တဲ့။

ဒီနောက်ပိုင်း ပါမောက္ခကြီးမှာ မီးပွိုင့်တွေ မီးပျက်တိုင်း၊ မီးပွိုင့်တွေမှာ ကားတွေဂျမ်းဖြစ်တိုင်း သူဆုံခဲ့ဖူးတဲ့ ကိုအဂ္ဂကို ပြေးပြေးပြီး မြင်ယောင်မိပါသတဲ့။

**မှတ်ချက်-**

**(တက္ကသိုလ် ပါမောက္ခကြီးတစ်ဦး၏ ကိုယ်တွေ့အဖြစ်အပျက် ဖြစ်ပါသည်။)**

■


P.T.T

# သူ့ထက်သူ

ကျုပ်တို့ဈေးကြီးဟာ အရင်က မတင့်မတယ်ဖြစ်နေတဲ့ ဈေးအို ဈေးဟောင်းကြီးပါ။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဆိုတဲ့ ဦးတည်ချက်နဲ့ ဈေးဟောင်းကြီးကိုဖျက်ပြီး မြို့တော်အင်္ဂါရပ်နဲ့ အညီ ထည်ထည်ဝါဝါ တည်ဆောက်ထားလေတော့ အခုဆို ခေတ်မီ ဈေးသစ်ကြီး ဖြစ်နေပါပြီ။

ခေတ်မီတိုက်တာတွေရဲ့ အလယ်မှာမို့ အချက်အချာလည်း ကျသဗျ။ ဈေးက မြေညီထပ်မှာပါ။ အပေါ်ထပ်တွေမှာ ရုံးခန်း၊ လူနေ တိုက်ခန်းတွေ ရှိနေတယ်။ ဆောက်ပြီးကာစမို့ ဈေးကြီးတစ်ခုလုံး သစ်လွင်တောက်ပလို့နေပေတယ်။

ဒါ့အပြင် လျှပ်စစ်၊ ရေသန့်၊ မိလ္လာလိုင်းတွေကိုလည်း သူ့နေရာ နဲ့သူ သွယ်တန်းတပ်ဆင်ထားသေးတယ်။ ဈေးအတွင်းဆိုင်အုတ်ခုံ လေးတွေ အစီအရီကို လူသွားလမ်းကျယ်လေးတွေနဲ့ အကွက်ကျကျ ဖော်ထားလိုက်တာများ စနစ်တကျ။

ဈေးသန့်ရှင်းရေးဆိုလည်း ဈေးထဲမှာ အမှိုက်ပုံးကြီးတွေ ချပေးထားသေးတယ်။ အမှိုက်ပုံးဆိုတာက အခုဆန်ဆိုင်တွေမှာ ဆန်ထည့်တဲ့ အဝကျယ်ပလတ်စတစ်ပုံးအထူစားမျိုး၊ တကယ့်ရှယ်တွေ။

ဝန်ထမ်းတွေက နေ့စဉ်ရှင်းလင်း၊ အမှိုက်ကားကလည်း နေ့စဉ်လာသိမ်းဆိုတော့ အမှိုက်ကင်းစင်နယ်မြေလို့တောင် ပြောရမလို တကယ့်အင်္ဂါရပ်နဲ့ညီတဲ့ ဈေးကြီးပါပဲ။

ကျုပ်ဆိုင်က ဈေးပေါက်တွေနဲ့လည်းတည့်၊ ထောင့်ကွက်လည်းကျ၊ သားငါး၊ ကုန်စိမ်းတန်းတွေနဲ့လည်း မျက်နှာချင်းဆိုင်ရှိနေတာမို့ မနက်မနက်ဆိုရင် ဈေးရောင်းဈေးဝယ်တွေနဲ့ ဘာစည်သလဲ မမေးနဲ့။

ကဲ. . . မိတ်ဆက်ပေးရဦးမယ်။ ကျုပ်ဆိုင်ခုံလေးဘေးမှာ အမှိုက်ပုံးလေးတစ်ပုံး ရှိသပ့်။ လမ်းဆုံနဲ့နီးတော့ အနီးအနားက ဆိုင်တွေရော၊ ဈေးဝယ်သူတွေပါ အမှိုက်ထည့်ဖို့ အဆင်ပြေကြတာပေ့ါ။ ကျုပ်က သူနဲ့အနီးဆုံးနေရာမှာ ရှိနေတာဆိုတော့ အမှိုက်တွေ စနစ်တကျ ထည့်ကြဖို့၊ သူ့ကို အမြဲကြည့်ရှုစောင့်ရှောက်ပေးနေရတယ်လေ။ တာဝန်တော့ အကြီးသား။

ဒီလိုနဲ့ အနီးကပ်လက်ပွန်းတတီးနေလာကြတော့ သူနဲ့ကျုပ်နဲ့က အရမ်းကို အကျွမ်းတဝင်ရှိနေကြပြီ။ ကျုပ်မိတ်ဆွေလေးလို့ပဲ ခေါ်ကြပါစို့ရဲ့။

ဒါပေမဲ့ မကြာပါဘူး။ အခြေတည်စပြုနေတဲ့ သူလေးရဲ့ ဘဝလောကခံ တစ်ဆစ်ချိုးဖို့ ကြမ္မာဆိုးက ဖန်လာပါပြီ။

အဲဒီနေ့က ဈေးဝန်ထမ်းတွေဟာ အရင်ကထက်အလုပ်များနေသလိုပဲ။ တံမြက်စည်းလှည်းတဲ့သူလှည်း၊ ရှင်းတဲ့သူရှင်းနဲ့။ ဒါပေမဲ့ ဈေးသစ်ဆိုတော့ သိပ်လုပ်စရာမလိုပါဘူး။ ဟန်ရေးပြရုံပါပဲ။ တီးခေါက်ကြည့်တော့ လမ်းကြောင်းရှိတယ်တဲ့။ ဟော. . . ပြောရင်းမတ်တပ်လာပါပြီ စည်ပင်ဝတ်စုံနဲ့ လူကြီးတစ်ယောက်။ ဝန်ထမ်းတွေလုပ်နေကိုင်နေတာကြည့်ပြီး သူ သဘောတွေကျနေတယ်။ အမယ်. သူက ပြုံးတုံ့ပြုံးတုံ့နဲ့။ ဒီလူကြီးက တပြုံးပြုံးနဲ့ လျှောက်လာလိုက်တာ ကျုပ်ဆိုင်ထိပ် ရောက်ကာမှ. . .

ဟယ်. . . ပြုံးရာကနေ သူ့မျက်နှာကြီး ဘယ်လိုဖြစ်သွားပါလိမ့်။ သူ. . . သူ သဘောမကျသလို မျက်မှောင်ကြီးကြုပ်ပြီး ကြည့်နေလိုက်တာ။ ဟဲ့. . . ဟဲ့၊ ဘာကိုကြည့်နေပါလိမ့်။ ဪ. . . ဘာများလည်း မှတ်တယ်၊ လက်စသတ်တော့ ကျုပ်မိတ်ဆွေလေးကိုပါလား။

“ဒီအမှိုက်ပုံးကို ဒီမှာဘာလို့ထားရတာလဲ။ ဟိုဈေးပေါက်ဝနားမှာ ထားမှပေါ့။ ဒါမှ ဈေးသွားဈေးပြန် သွားရင်းလာရင်းနဲ့ အမှိုက်ထည့်ကြတော့မပေါ့”

ကျုပ်မိတ်ဆွေလေးခမျာ မျက်နှာငယ်လေးနဲ့ ကျုပ်ကို အားကိုးတကြီး လှမ်းကြည့်နေရှာတယ်။ အေးလေ. . . သူပြောတာလည်း ဟုတ်ပေသားပဲ။ မင်းမှာ ဈေးသန့်ရှင်းရေးဆောင်ရွက်ဖို့ အဓိကတာဝန်ရှိသူ မဟုတ်လားကွာ။ ကဲပါလေ. . . အထက်လူကြီးက သင့်လျော်လို့ ပေးအပ်တာပဲဟာ။ ကျရာမှာ တာဝန်ထမ်းဆောင်ရ

ပေမပေါ့။ ဟုတ်ဘူးလားကွာ။ ဒီအတွက် မင်းကိုယ်မင်း ဂုဏ်ယူလိုက်စမ်းပါကွာ။

ဒါနဲ့ပဲ မိတ်ဆွေလေးခမျာ မချိတင်ကဲ ဝမ်းနည်းစွာနဲ့ပဲ ကျုပ်ကို တာ့တာလုပ်သွားပါတော့တယ်။

❋ ❋ ❋

နောက်နေ့. . .

မနေ့ကထက် ကြီးတဲ့ လူကြီးတစ်ယောက် ရောက်လာပြန်တယ်။ သူလည်း တစ်ဈေးလုံး လှည့်ပတ်စစ်ဆေးနေတယ်။ ဘာမှ သဘောမကျစရာမရှိ။ အားလုံး အိုကေ။

ဟောဗျ၊ နိုး. . . နိုး. . . မအိုကေပါဘူးတဲ့ခင်ဗျာ။ မအိုကေပါဘူးတဲ့။

“ဒီအပေါက်ဝနား ဘာလို့ထားရတာလဲ။ အမှိုက်ပုံးဆိုတာ လမ်းဆုံလမ်းခွမှာထားရတာ။ လမ်းဆုံဆိုတာ လူသွားလူလာများတယ်။ ဘယ်ကလာလာ လာသမျှလူက အမှိုက်ပုံးမြင်မှ ထည့်ကြမပေါ့။ ပုံးမမြင်ရင် တွေ့ကရာမှာ ပစ်ချခဲ့မှာပဲ”

အိုး. . . ဟုတ်ပါရဲ့၊ အစကတည်းက ဘာကြောင့်မတွေးမိကြပါလိမ့်။ တယ်လည်း ညံ့ကြသကိုး။ လူကြီးတွေ အမြဲမှာကြားပေါင်းလည်း များနေပြီ။ ဒါလည်း အမြဲလိုနေသေးတာပဲနော်။

ဘာပဲဖြစ်ဖြစ်လေ. . . ဈေးပေါက်ဝချောင်လေးမှာ ကံကြမ္မာညှိုးညှိုးငယ်ငယ်နဲ့ စံစားနေရရှာတဲ့ ကျုပ်မိတ်ဆွေလေး၊ အခုတော့

ဇာတာတော်စန်းလင်ထလာပါပြီ။ မှူးကြီးမတ်ရာတို့ သွားရောက်ပင့်ဆောင်ကြလို့ ပြန်လည်ကြွချီတော်မူလာပါပြီ။ ကျုပ်ဆိုင်ထိပ်လမ်းဆုံလမ်းခွအလယ်မှာ မဇ္ဈိမပဋိပဒာကျကျ ထီးနန်းစိုက်ထူစိုးစံတော်မူလေသတည်းပေါ့။

နန်းသိမ်းပွဲခံယူအပြီး တစ်ဆက်တည်း ကြေညာမောင်းခတ်အမိန့်တော်ထုတ်ပြန်လိုက်သည်မှာ. . .

'ဤအမှိုက်ပုံးအတွင်းသို့ ကွမ်းတံတွေးမထွေးရ၊ ညစ်ပတ်နံစော်သောအမှိုက် မထည့်ရ'တဲ့။

ဟော. . ဟော၊ ဘာလဲ. . . ဘူးလုံးနားမထွင်းဖြစ်ကုန်ကြပြီလား။ ဒုံးမဝေးကြပါနဲ့ ခဏလေးသည်းခံကြပါခင်ဗျာ။ ဥပဒေမဟုတ်သော အာဏာသက်ရောက်မှုဆိုတာ မခိုင်မြဲပါဘူး။ ပြီးတော့လည်းပြီးသွားမှာပါ။

မိတ်ဆွေလေး ကိန်းခန်းကြီးနေချိန်မှာ ကျုပ်တောင် အကျွမ်းမဝင်ဝံ့တော့ပြီတကား။

✲ ✲ ✲

မဇ္ဈိမပြည့်ရှင်မိတ်ဆွေလေး နန်းသက်(၂၄)နာရီမပြည့်ခင်မှာလာပြန်ပါပြီ လူကြီးတစ်ယောက်။ အခြံအရံတွေလည်း ပါလာသေးသကိုး။ အနီပုဂ္ဂိုလ်ကြီးလည်း တစ်ဈေးလုံးအနှံ့ လိုက်လံကြည့်ရှုစစ်ဆေးနေတယ်။ စစ်ဆေးကြည့်ရှုရင်းနဲ့ လိုအပ်သည်များကို မှာကြားနေပြန်တယ်။

ဒီလိုစစ်ဆေးမှာကြားရင်းနဲ့ လျှောက်လာလိုက်တာ ကျုပ်ဆိုင်ရှေ့လည်းရောက်ရော၊ ရှေ့ဆက်မလှမ်းတော့ဘဲ ဖြုန်းခနဲရပ်သွားတယ်။ နောက်ကပါလာသူတွေလည်း ဘာမသိညာမသိ ပြူးတူးပြဲတဲဖြစ်ပြီး လိုက်ရပ်ကြရတယ်။

ဟဲ့. . . ဘာလဲ. . . ဘာလဲ၊ ဘာဖြစ်တာလဲဆိုပြီး ကြည့်လိုက်တော့. . . လား လား. . . ပုဂ္ဂိုလ်ကြီးက သူ့ရှေ့က သတ္တဝါလေးကို စူးစူးစိုက်စိုက်ကြည့်နေပါလား။ ဘာအလိုတော်မကျလို့ပါလိမ့်။

အဲ. . . ဗျ၊ သတ္တဝါလေးကလည်း အနှီပုဂ္ဂိုလ်ကြီးကို ပမာမခန့် ရာဇမာန်အပြည့်နဲ့ ဝံ့ဝံ့စားစားပြန်လှန်ကြည့်နေလိုက်တာ။ 'သယ်. . . ရာရာသသ' ပေါ့လေ။

ဒုက္ခပါပဲ. . . လုပ်ကြပါဦး၊ ဒီသတ္တဝါလေးက ဘယ်သူရှိပါ့မလဲ၊ သူပဲလေ။ ကျုပ်မိတ်ဆွေလေးပေါ့။ ဟော့. . . ဟော့၊ လူကြီးမိန့်နေပြီ၊ နားထောင်စမ်း။

"ဒီမှာထားတော့ လမ်းပိတ်နေမှာပေါ့"

လို့ မိန့်ရုံရှိသေး၊ မဆိုင်းမတွဘဲ အာဏာပါးကွက်သားတွေရဲ့ လက်ထဲမှာ ကျုပ်မိတ်ဆွေလေးခမျာ ဘာမှနားမလည်နိုင်ရှာဘဲ ယက်ကန်ယက်ကန်နဲ့ မဲဇာမြိုင်ရပ်ကို ပါတော်မူသွားရှာလေတော့သတည်း။

ဝမ်းနည်းပါတယ် မိတ်ဆွေလေးရယ်၊ မသေချာတဲ့ ပေါ်လစီခေတ်ကြီးမှာ မရေရာတဲ့ခရီး နှင်ပေဦးပေါ့ကွာ။

ဒီနောက်မှာ လုံခြုံရေးအရ အမှိုက်ပုံးစနစ်မှသည် အမှိုက်

အိတ်စနစ်သို့ အကြောင်းအားလျော်စွာ ပြောင်းလဲကျင့်သုံးလိုက်ပါပြီ။ ကျုပ်တို့ဆိုင်တွေလည်း ပလတ်စတစ်အိတ်မည်းကြီးတွေကို ချိတ်ဆွဲလိုက်ကြရပါတော့တယ်။

နောက်နေ့ လမ်းကြောင်းကြီး ချီလာပါပြီ၊ ဘာမှပြောစရာမရှိအားလုံးကွက်တိ။

သို့သော် လမ်းကြောင်းကြီးမှာ ကျုပ်မိတ်ဆွေလေးကို တွေ့မသွားရရှာ။

တွေ့သွားလျှင်ကော. . .။

■



# ဖြတ်ထုံး

ဖြတ်ထုံးဆိုတာ တရားမှုတစ္စာ စီရင်ဆုံးဖြတ်တဲ့ ဆုံးဖြတ်ပုံ ဆုံးဖြတ်နည်းအစဉ်အလာကို ဆိုလိုခြင်းဖြစ်ပါတယ်။ မြန်မာစကား ပြေကျမ်းတွေမှာ ဖြတ်ထုံးကျမ်းတွေ ရှိခဲ့ဖူးပါတယ်။ သုဓမ္မစာရီ ဖြတ်ထုံး၊ မင်းဘူးဆရာတော် ဦးပြဘာသ ရေးသားတဲ့ မဟောသဓာ ဖြတ်ထုံး၊ အတုလဆရာတော်ဖြတ်ထုံး၊ ဘိုးတော်ဘုရားလက်ထက် ရေစကြိုဇာတိ ရန္တကျော်ထင်ဘွဲ့ ခုံတော်မောင်မှိုင်းရဲ့ ရေစကြိုခုံတော် ဖြတ်ထုံးတို့ဆိုတာ မြန်မာစာပေလောကမှာ ထင်ရှားတဲ့ဖြတ်ထုံးတွေပါ။

ဖြတ်ထုံးကျမ်းတွေကိုကြည့်ရင် ယခင်ပဒေသရာဇ်ခေတ်ရဲ့ တရားစီရင်မှုသမိုင်းကို လေ့လာနိုင်ပါတယ်။ ဒါကြောင့် သောရီလည်း နှောင်းလူတွေလေ့လာနိုင်ဖို့ စစ်အာဏာရှင်အစိုးရလက်ထက် တရား စီရင်ပုံ ကိုယ်တွေ့မြင်သိတ်ဖြတ်ထုံးကျမ်းလေးတစ်စောင် စီရင်ရေး သားလိုက်ရပါတယ်။

❋ ❋ ❋

သောရီတို့အိမ်မျက်စောင်းထိုးလောက်မှာ အစိုးရအထက်တန်းကျောင်းကြီးတစ်ကျောင်း ရှိပါတယ်။ (၂၀၀၈) ခုနှစ်၊ မေလ(၃) ရက်နေ့ နာဂစ်မုန်တိုင်းကြောင့် သစ်သားကျောင်းဆောင်တစ်ဆောင် ပြိုကျပျက်စီးသွားခဲ့ရတယ်။

နာဂစ်ပြီးနောက်ပိုင်း နိုင်ငံတော်က ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာမှာ ပြည်ခိုင်ဖြိုးအသင်းကြီးက မြို့နယ်အတွင်း ပြိုပျက်သွားတဲ့ကျောင်းတွေမှာ ကျောင်းဆောင်အသစ်တွေ ဆောက်လုပ်လှူဒါန်းပေးမလို့တဲ့။

ဒီအတွက် အသင်းတာဝန်ရှိ မြို့တော်ဝန်ကြီးကိုယ်တိုင် ကြည့်ရှုစစ်ဆေးဖို့ အသွားအလာရှိပေတော့မယ်။ မြို့တော်ဝန် လမ်းကြောင်းရှိမယ်ဆိုတော့ ထုံးစံအတိုင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ခမျာ အလုပ်များရှာကြပြီပေါ့။

မြို့တော်ဝန်ဖြတ်သွားဖြတ်လာမယ့် လမ်းကြောင်းတစ်လျှောက်မှာ ကြိုတင်ရှင်းလင်းစရာရှိတာ ရှင်းသင်းကြရပြီ။ ဒါတင်မကသေးဘူး။ နေအိမ်ရှေ့ဆိုင်ခန်းရှေ့တွေမှာ ထားတဲ့ သစ်ပုံတွေ၊ အုတ်၊ သဲ၊ ကျောက်ပုံအချို့ကို ဓာတ်ပုံလိုက်ရိုက်၊ ပြီးတော့ စည်ပင်ရုံးခေါ်ပြီး အချို့ကို တရားစွဲတယ်။ စည်ပင်မြေကျူးကျော်မှုတဲ့။

ဒါကလည်း မြို့တော်ဝန်သွားမယ့်လမ်းကြောင်းတစ်လျှောက်လေးတင်ပါ။ အခြားလမ်း၊ အခြားရပ်ကွက်တွေ မပါဘူး။ ဟယ်. . . စည်ပင်ဥပဒေက ဘာကြောင့် တစ်ပြေးညီ မဖြစ်ရတာလဲ။

မဖြစ်ရခြင်းအကြောင်းက အကယ်တန္တု မြို့တော်ဝန်ဖြတ်

သွားလို့ ဒါတွေ တွေ့သွားမယ်ဆိုပါစို့၊ မေးခဲ့မယ်ဆိုရင်တဲ့။

ဟုတ်ကဲ့. . . ကျွန်တော်တို့ ဒီလို- ဒီလို ဆောင်ရွက်ထားပါတယ်။ စည်ပင်မြေကျူးကျော်သူတွေကို ဒီလို- ဒီလို အရေးယူထားပြီးပါပြီလို့ အကြောင်းပြချက်ကောင်းအောင် ကြိုတင်ပြင်ဆင်ထားတာပါတဲ့ခင်ဗျာ။

အခုလို မြို့နယ်စည်ပင်သာယာအဖွဲ့ရဲ့ မိမိကိုယ်မိမိ ကာကွယ်ရေးမူဝါဒကြောင့် ကိုယ့်မြို့နယ်အတွင်းမှာရှိတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းငယ်လေးတွေခမျာမှာ တရားခံဖြစ်ကုန်ကြရပြီပေါ့။ ဒီထဲမှာ သောရီလည်း ကိုယ့်သစ်စက်လေးရှေ့မှာ သစ်ကလေး နှစ်တန်ပုံထားမိလို့ တရားခံစာရင်းထဲ ပါသွားလေရဲ့။

စည်ပင်က တရားစွဲဆိုတော့ စည်ပင်တရားရုံးမှာ အမှုရင်ဆိုင်ရပြီပေါ့။ အဲဒီနေ့က ရုံးမှာ သောရီလို တရားခံ (၁၄-၁၅) ယောက်လောက်ရှိမယ်။ တရားသူကြီးက အမျိုးသမီး။ တရားရုံးခန်းကျယ်ကြီးရှိပေမယ့် မလိုအပ်လို့လားမသိ၊ သူ့ရုံးခန်းလေးထဲ တစ်ယောက်ချင်းခေါ်တွေ့ပြီး တစ်ခါတည်း စီရင်ချက်ချတယ်။

ဟော. . . ခေါ်ပြီ။ သောရီအလှည့်။ တရားသူကြီးမင်းရှေ့တော်မှောက် ကျွန်တော်_တရားခံသောရီ ရောက်လို့လာပါပြီ။ တရားသူကြီးစားပွဲရှေ့မှာ ခြေစုံလေးရပ်ပြီး အစစ်ဆေးခံယူဖို့ အသင့်အနေအထားနဲ့ စောင့်နေတယ်။ တရားလိုမရှိ၊ သက်သေမရှိ၊ ပရိသတ်မရှိ အခန်းထဲမှာ တရားသူကြီးနဲ့ တရားခံ နှစ်ယောက်တည်းရယ်သာ။

တရားသူကြီးက သောရီအမှုတွဲကို လှန်ကြည့်ပြီး ဘာတစ်ခွန်း

မှ စကားမဆို၊ ဂဏန်းပေါင်းစက်နဲ့ တွက်တော့တာပဲ။

အမယ်လေး အမေတို့ . . အဘတို့ရေ . . ပုဒ်မတွေ များလွန်းလို့ တွက်စက်နဲ့တောင် တွက်ယူနေရပြီလား မသိပါဘူး။ ဘုရား. . . ဘုရား။ ငါ့နှယ်. . . အာမခံတောင် ရပ့ါမလားမသိပါဘူးနော်။ ငါ လည်း ဘာနိုင်ငံရေးမှလည်း မလုပ်မိပါဘူး။ သောရီ. . . ရင်တွေ ပန်းတွေ တုန်လှချေရဲ့။

"ရှင့်ပြစ်မှုက ဒေါ်ငွေရိုက်မယ်ဆိုရင် ကျပ်ငါးသောင်းအထိ ရိုက်လို့ရတယ်၊ သိလား"

"ဗျာ. . ."

သောရီ အလန့်တကြား အာမေဋိတ် လွှတ်ခနဲ ထွက်သွားမိတယ်။ ရပ်ကွက်ထဲမှာ ရိုက်မှုနဲ့ ဒေါ်ငွေ (၅၀၀) ပဲ ဆောင်ခဲ့ရတာ။ သောရီရဲ့ စည်ပင်မြေ ကျူးကျော်မှုဆိုတာက ကြီးကျယ်လှချေလားနော်။

"မ. . . မလုပ်ပါနဲ့ ဆရာမရယ်။ ကျွန်တော် သစ်ပုံထားတာ နည်းနည်းလေးပါ။ ဓာတ်ပုံထဲကြည့်ကြည့်ပါ ဆရာမရယ်။ အခုလည်း အိမ်ထဲသွင်းထားပြီးပါပြီ။ ကျွန်တော့်ကို သက်သက်ညှာညှာ စဉ်းစားပေးပါ ဆရာမရယ်"

လက်ကလေးနှစ်ဖက်နောက်ပစ်၊ ခါးလေးညွတ်ညွတ်ပြီး ရှိရို ကျိုးကျိုးလေးနဲ့ ဆရာမချင်းထပ် တောင်းပန်လိုက်တော့ တရားသူကြီး လည်း သနားသွားလား မသိပါဘူး။ ဂဏန်းတွက်စက်နဲ့ ပြန်တွက်နေ ပြန်ပြီ။ ပုဒ်မတွေ ထပ်နုတ်ပေးတော့မယ်နဲ့ တူပါရဲ့။ တော်တော်

အလုပ်ရှုပ်တဲ့ သောရီ။

"ကဲ. . . ဒီတစ်ခါတော့ တစ်သောင်းသုံးထောင် ဆောင်လိုက်၊ ဟုတ်ပြီလား။ ဒီထက်ထပ်မလျှော့တော့ဘူး။ ဒါ အမျိုးကြီးသက်ညှာပေးထားတာနော်"

အမယ်. . စည်ပင်ဥပဒေမှာ ဈေးဆစ်လို့အရသား။ သောရီ ဝမ်းသာအားရ. .

"ဟုတ်ကဲ့. . . ဟုတ်ကဲ့။ အမျိုးကြီးကျေးဇူးတင်ပါတယ် ဆရာမရယ်"

လေးလေးစားစားနဲ့ အကြိမ်ကြိမ် ဦးညွှတ်လိုက်မိတယ်။

"ဒဏ်ငွေကို ဒီမှာတင် တစ်ခါတည်းဆောင်သွား။ ချလံ ဟို ဘက်ခန်းမှာ ဖြတ်ပေးလိမ့်မယ်. . . ဟုတ်လား"

သောရီလည်း ငွေတစ်သောင်းသုံးထောင်ကို အမြန်ရေပြီး ရှိုရှိုသေသေပဲ ကမ်းပေးလိုက်တယ်။ ဟူး. . . တော်ပါသေးရဲ့။ ဒဏ်ငွေနဲ့တင် ပြီးသွားပေလို့။

တရားသူကြီးက နောက်တစ်ယောက်ထပ်ခေါ်နေပြီ။ သောရီလည်း အလိုက်တသိနဲ့ အခန်းထဲကနေ စိတ်လက်ပေါ့ပေါ့ပါးပါးနဲ့ ထွက်လာခဲ့တယ်။ အပြင်မှာ ချလံဖြတ်တာ စောင့်ရပြန်တယ်။ တစ်အောင့်နေတော့ ခေါ်ပြီ။ ချလံစာရေးလေးစားပွဲရှေ့မှာ သွားရပ်လိုက်တယ်။ စာရေးလေးက သောရီအမှုတွဲထဲက ဒဏ်ကြေးစီရင်ချက် စာရွက်ကို ဖျတ်ခနဲလှန်ကြည့်လိုက်ပြီး ချလံစာအုပ်မှာ ဖြည့်စွက် ရေးလိုက်တယ်။

'ပုဒ်မ(၂၈)အတွက် ငွေ ၈၀၀ဝိ/- (ရှစ်ထောင်တိတိ)ကို ရသည်။'

စာရေးလေး ဖြည့်ရေးလိုက်တဲ့ ဒဏ်ကြေးကိုကြည့်ပြီး သောရီ ပြုံးတုံးပျာတာ ဖြစ်သွားတယ်။

"ဟော့. . . ဟော့ ညီလေး။ မင်းရေးနေတာ မှားနေပြီ။ ငါ ဆောင်ခဲ့ရတာ တစ်သောင်းသုံးထောင်ပါကွ။ မင်းရေးတာ ရှစ် ထောင်ဖြစ်နေတယ်။ မင်းမယုံရင် တရားသူကြီး သွားမေးကြည့်"

စာရေးလေးကတော့ ဘာမှမဖြစ်သလို အေးဆေးပဲ။ အထင် သေးတဲ့ အကြည့်လား၊ သနားတဲ့ အကြည့်လား မသိ။ သောရီကို တစ်ချက်မျက်လုံးလှန်ကြည့်လိုက်ပြီးမှ. . .

"ဩော်. . . အန်ကယ်ကြီးကလည်း စာရွက်စာတမ်းဖိုး ရှိသေး တယ်လေ"

"ဟော. . ."

သောရီ အံ့သြလွန်းလို့ ပါးစပ်အဲဟောင်းသား ဖြစ်ကျန်ရစ်ခဲ့ တယ်။ စောစောလေးကပဲ အမှုတွဲ ရေးပေးတဲ့ စာရေးမလေးလည်း စာရွက်စာတမ်းဖိုး၊ မိတ္တူဖိုးဆိုလို့ ငွေသုံးထောင် ပေးခဲ့ပြီးသားနဲ့။ အခုလည်း. . .။

နှုတ်တပြင်ပြင်နဲ့၊ မင်းဘာပြောချင်သေးလဲ သောရီ။ ဩော် ဟုတ်. . ဟုတ်ကဲ့၊ သောရီ မပြောလိုတော့ပါ။ စစ်အာဏာရှင်အစိုးရ လက်ထက် တရားစီရင်ရေးကာလမှာ ဇောဒကတက်လိုက်ရင် ရုံး တော်ကို မထီမဲ့မြင်ဖြစ်သွားနိုင်သလို ဝတ္တုရားနှောင့်ယှက်မှုလည်း

ဖြစ်သွားမှာစိုးရတယ်။ ဒီတော့ ဆိတ်ဆိတ်နေတာပဲ ကောင်းပါတယ်လေ။

ဆိတ်ဆိတ်နေခြင်းသည် မကောင်းမှုပြုသူအား ပိုမိုရဲတင်းလာစေသည်တဲ့။ မှန်ပါတယ်။ သောရီဇာတ်လမ်းက မဆုံးသေးပါဘူး။ နောက်ရှစ်လအကြာမှာ ကျောင်းဆောင်ကြီး ပြီးသွားပြီလေ။ မြို့တော်ဝန် လာဖွင့်ရဦးမယ် မဟုတ်လား။ ဒီတစ်ခါလည်း သောရီ တရားခံဖြစ်ရပြန်ပြီ။ အမယ် မင်း. . . အသက်တစ်ရာ မနေရ၊ အမှုတစ်ရာပွေလှတဲ့ သောရီပါလားနော်။

ဒီတစ်ကြိမ်တော့ တရားသူကြီးက အမျိုးသားဖြစ်သွားပြီ။ တရားသူကြီးပြောင်းပေမယ့်လည်း ဒဏ်ကြေးက မပြောင်းဘူး။ တစ်သောင်းသုံးထောင်ပဲ၊ တစ်ကျိတ်တည်းကိုး။ အဲ. . . သူက တစ်ဉာဏ်ပိုသာသဗျာ။

'ပုဒ်မ (၂၈)အတွက် ငွေ (၆၀၀၀/-) (ခြောက်ထောင်ကျပ်တိတိ)ကို ရသည်' တဲ့။

အနှီတရားသူကြီးမင်းက ငွေ (၂၀၀၀) ပိုဖြတ်ခုတ်လိုက်တာပေါ့လေ။ အင်း. . . နောက်လာတဲ့ မောင်ပုလဲ၊ ဒိုင်းဝန်းထက်ကဲပါပေတယ်။

ဟဲ. . ဟဲ. . ဒီတစ်ခါတော့ သောရီ နပ်သွားပြီ။ စာရေးလေးရဲ့ အထင်သေးတဲ့အကြည့်၊ သနားတဲ့အကြည့် မခံလိုက်ရတော့ဘူးဗျို့။

ဒါပေမဲ့ ခင်ဗျာရေ. . . အဲဒီကစပြီး သောရီတစ်ယောက်

တော့ဖြင့် 'ဒါတို့ပြည် . . . ဒါတို့မြေ'လို့ ကမ္ဘာမကျေသီချင်းတောင် မဆိုရဲတော့ပါဘူးခင်ဗျာ။ ကျူးကျော်တယ်ဆိုပြီး စည်ပင်က ခေါ် တရားစွဲဦးမှာစိုးလို့လေ။

ဩော် . . . အခုမှ သတိရတယ်။ တရားသူကြီးတွေ ဖြတ်စား လိုက်တဲ့ ဒဏ်ငွေဆိုတာ သောရီငွေလား၊ နိုင်ငံတော်ငွေလားဆိုတာ အခုထိ သောရီ ဝေခွဲမရ ဖြစ်နေသေးသဗျာ။

ကိုင်း . . . မြန်မာစာပေမှာ မဟောသဓာဖြတ်ထုံး၊ ရေစကြို ခုံတော်ဖြတ်ထုံး ဆိုသလို အခုဖြတ်ထုံးလေးကိုလည်း အမည်လေး တစ်ခု ရွေးချယ်ပြီး မှတ်တမ်းတင်လိုက်ကြပါစို့။

■

# မျက်မမြင် အလှူခံပါတယ်ရှင်

သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ရှေ့လျှောက်လာမှ ကျွပ် သတိပြုမိတော့တယ်။ သူ့ပုံစံက ထူးခြားနေတာကို။ သူက နေကာ မျက်မှန်မည်းကြီးတပ်လို့၊ လွယ်အိတ်က စလွယ်သိုင်းရက်၊ အဝတ် အစားက နွမ်းဖတ်ဖတ်။ ဆံပင်က အုန်းဆီနဲ့ သေခန်းရှင်ခန်းဖြတ် ထားတယ်တူပါရဲ့။ နီကြောင်ကြောင်၊ ပွယောင်းယောင်း။ လူက သိပ် တော့ မအိုစာသေးပါဘူး။ သူ့အသက် ရှိလှမှ (၄၀) လောက်ပေါ့။ သူ့ကို (၁၀) နှစ်အရွယ် ကလေးမလေးက တွဲခေါ်လာရတယ်။ အင်း မျက်စိမမြင်ရှာပါလား။

ကျွပ်က လက်ဖက်ရည်ဆိုင်ထဲကနေ လမ်းဘက်မျက်နှာလှည့် ထိုင်တော့ သူတို့ကိုမြင်တာပေါ့။ ကျွပ်နဲ့အတူ ဆရာထွန်းခေါင်၊ ဆရာ နေဝင်းသိန်း၊ ကဗျာဆရာ ကိုနှင်းဝေငွေးနဲ့ ထုတ်ဝေသူကိုအောင်မင်း တို့ စာပေအဖွဲ့တွေ ဝိုင်းထိုင်စကားပြောနေကြတယ်။

ဟော. . . သူတို့ဆိုင်ရှေ့တည့်တည့်မှာ ရပ်လိုက်ကြပြီ။


P.T.T

ဆိုင်ထဲဆင်းလာတော့မယ်။ သူ့အောက်တစ်ထစ်ဆင်းဖို့ ခြေလှမ်းစမ်း လှမ်းနေပြီ။ ဆိုင်က လမ်းထက်နိမ့်တော့ အထစ်တစ်ထစ် နင်းပြီးမှ ဆင်းလို့ ရမှာကို။ အဲ. . . ဟုတ်ပြီ၊ ဟုတ်ပြီ။ တစ်ထစ်ရသွားပြီ။ နောက်တစ်ထစ် စမ်းနေပြန်ပြီ။ ဒီလိုဆင်းနိုင်ဖို့ ဘေးကကောင်မလေး က တွဲချပေးနေရတယ်။

ဩော်. . . မျက်စိအဆုံး နားအရှုံးတဲ့။ ပုဗ္ဗေစ ဘဝကုသိုလ် ရယ်ကြောင့် သူ့ခမျာ မျက်မမြင်ဘဝနဲ့ အလင်းမရ ဘဝဆုံးရှာပြီပေါ့။ ကျွတ်. . ကျွတ်. . ကျွတ်. . သနားပါတယ်။ ဖြည်းဖြည်းဆင်း၊ ဖြည်း ဖြည်းဆင်း. . . ချော်လဲဦးမယ်။ အို. . . လဲတော့မလို့၊ တော်ပါသေး ရဲ့။ ကလေးမလေး အထိန်းမြန်ပေလို့။ ကြည့်ရတာ စိတ်ထဲမကောင်း လိုက်တာ။ ပြေးပွေ့ချပေးလိုက်ချင်ပါရဲ့။ အဟုတ်. . . သနားလွန်း လို့ပါ။

အောက်ရောက်တော့ စတွေ့တွေ့ချင်းဝိုင်းမှာ ရှိရှိကျိုးကျိုး လေးရပ်လို့။

"မျက်မမြင် အလှူခံပါတယ်ရှင်"

ဩော်. . . သူ့ခမျာ အလှူခံနေတာပါလား။ ကျောင်းပဲ ဆောက်လိမ့်မလား၊ ဘုရားပဲ တည်နေမလားပဲ။ အင်း. . . သူ့ကံ ကြမ္မာဝဋ်ကြွေး ဒီဘဝနဲ့ပဲ ကျေအေးပါစေတော့ရယ်လို့ ကုသိုလ်ရေး လုပ်နေမှာပေါ့လေ။ ကောင်းတယ်. . . ကောင်းတယ်။

ဒါပေမဲ့ သူ့ကို ချာတိတ်တွေက လက်ခါပြပြီး ပြောလက်စ စကားတွေ ဆက်ပြောနေကြတယ်။ ဘယ်သူမှ အဖက်မလုပ်ကြဘူး။

ဒါနဲ့. . . သူ့ခမျာ နောက်တစ်ဝိုင်းဆီ သွားရပ်ပြန်တယ်။

"မျက်မမြင် အလှူခံပါတယ်ရှင်"

ဒီဝိုင်းလည်း ထိုနည်းနှင်နှင်ပါပဲ။ အင်း. . . လူတွေလည်း ပုပ္ဗ၊ မုဥ္စ၊ အပရ ဆိုတဲ့ စေတနာသုံးတန် တယ်လည်းနည်းကြသကို။ ပုညဝိသယဒါန သဒ္ဓါလေး မရှိတောင်မှ ကာလံ ဒေသံအလျောက် လောကဝိသယ ဒါနလေးလောက်တော့ ပြုသင့်တာပေါ့နော်။

လှူတယ်တန်းတယ်ဆိုတာ အလှူပေးပုဂ္ဂိုလ်ရှိဦးမှ၊ အလှူပေး ပုဂ္ဂိုလ်ကလည်း လှူချင်တန်းချင်တဲ့ စေတနာသဒ္ဓါတရားကလည်း ထက်သန်ဦးမှ၊ စေတနာသဒ္ဓါတရားရှိပေမယ့် လှူဖွယ်ဝတ္ထုပစ္စည်းက လည်း ရှိလေဦးမှ၊ ဝတ္ထုပစ္စည်းရှိပြန်တော့ တကယ့်စစ်မှန်တဲ့ အလှူခံ ပုဂ္ဂိုလ်နဲ့လည်း ကြုံဦးမှ။ ဒီအင်္ဂါလေးပါး ဆုံပါမှ အလှူဒါနမြောက်မေ တော့မပေါ့. . . ဟုတ်ဘူးလား။

ကဲ. . . ကြည့်စမ်း၊ အခုဆို အလှူခံပုဂ္ဂိုလ်က ကိုယ့်ရှေ့တင် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လို့နေပြီပဲ။ အလှူခံမဏ္ဍပ်တွေဆီ သွား လှူစရာတောင် မလိုတော့ဘူး။ ဒါ. . . ကာလဒါန အခွင့်အခါကြုံ နေပြီလေ။ လူမင်းဘုန်းကြီး နတ်မင်းမနေသာတော့၊ ထိုင်နေရင်းနဲ့ အပါယ်တံခါးကြီးပိတ်လို့-နိဗ္ဗာန်တံခါးကြီး ပွင့်နေပါပြီကော။

"မျက်မမြင် အလှူခံပါတယ်ရှင်"

ဟော. . ပြောရင်းဆိုရင်း အပွိုင့်မင့်ကျလာပြီ။ ဘုရားလောင်း တောင်မှ မဟာပရိစ္စာဂဆိုတဲ့ စွန့်ခြင်းကြီးငါးပါးနဲ့စွန့်ပြီး နိဗ္ဗာန်ကူး ခဲ့သေးတာပဲ။ ကျုပ်လို ပုထုဇဉ် အပါယ်ဘုံသားတစ်ယောက်အနေနဲ့

နိဗ္ဗာန်တစ်ဖက်ကမ်းပဲ ရောက်ရင် တော်ပါပြီ။ အခုဆို နိဗ္ဗာန်ပို့မယ့် ကူးတို့ကားတွေက အဆင်သင့်။ ဖုန်းလေးတစ်ချက်ဆက်လိုက်ရုံပါပဲ။ ဒီလိုအခွင့်ကြုံကြိုက်လို့မှ မလိုက်ရင်. . . အမိုက်နင့်ပြင် ရှိသေးရိုးလားဟဲ့။

နောက်ပြီး ဘယ်အလှူမျိုးမဆို စေတနာသာအဓိကပဲ မဟုတ်လား။ စေတနာမထားတတ်ရင် ညောင်ပင်ကြီးလောက် လှူပေမယ့်လို့ ညောင်စေ့လောက်ပဲ ရမှာ။ စေတနာထားတတ်ရင် ညောင်စေ့လောက်လေးသာ လှူပေမယ်လို့ ညောင်ပင်ကြီးလောက် ရမှာတဲ့။ ဒါကြောင့် ယုံကြည်မှုစေတနာသဒ္ဓါတရားနဲ့ ညောင်စေ့လောက်အကျွန်ုပ်လှူပေတော့အံ့။

ကျုပ်လေ ငွေတစ်ရာတန်လေးကိုထုတ်ပြီး သူ့လက်ထဲ ထည့်ပေးလိုက်ပါတယ်။ သူ့ခမျာလည်း ရှိုရှိုကျိုးကျိုးလေးနဲ့ လှမ်းယူရှာပါတယ်။

ဟော. . . အလှူဒကာကြီးတစ်ယောက်ဖြစ်တဲ့ ကိုနှင်းဝေဒွေးတလည်း လှူကြုံရှိတုန်း နိဗ္ဗာန်ကို အတူလိုက်ချင်ပါတယ်တဲ့။ ဟယ် သူကလည်း (၅၀) ထဲ။ အဲ. . . နိဗ္ဗာန်ထိမလိုက်ဘဲ လမ်းတစ်ဝက်ပဲ ဆင်းနေခဲ့မယ် တူပါရဲ့။ အမယ်. . . ကိုနေဝင်းသိန်းကလည်း အားကျမခံ လမ်းတစ်ဝက်ထိ လိုက်ဦးမယ်တဲ့ဗျာ။ သူကလည်း အဖော်ကောင်းလို့ လိုက်မယ်ပေါ့လေ။

အဲ. . . ကိုနေဝင်းသိန်းက ဘာလုပ်တာလဲ။ အသံလည်းမပေး၊ ဘာမပေးနဲ့ (၅၀) တန်လေးကိုင်ပြီး လက်ပဲလှမ်းထားတယ်။

ပေးချင်တယ်ဆိုလည်း မျက်မမြင်လက်ထဲ ထည့်ပေးလိုက်ပါတော့လား။ ဒီလိုကြီးဆိုတော့ သူ့ခမျာ ဘယ်မြင်. . .၊ အို. . . ဟယ်၊ ဒါကို မဟာဝါက လှမ်းယူလိုက်တာများ တန်းခနဲပါပဲလား။ အံ့ရော. . . အံ့ရောပါလားနော်။ ဒီဗွစက္ကူများ ရနေလို့လားဟယ်။

"သာဓု. . သာဓု. . သာဓုပါရှင်။ ယခုလို လှူဒါန်းရသော အကျိုးကြောင့် စီးပွားဥစ္စာ လာဘ်လာဘတွေလည်း ဒီရေအလား တိုးပွားလို့. . ."

ဒီရေဆိုတာ မကြားချင်ဘူး. . . မကြားချင်ဘူး။ နာဂစ်ဖြစ်ကတည်းကိုက ကြောက်လွန်းလို့ပါ။

"ဇောတိက၊ ဇဋိလ၊ ကာကုဏ္ဍ၊ မေဏ္ဍက သူဌေးကြီးလေးဦးတို့ကဲ့သို့ ပေး၍မကုန်၊ လှူလို့မခန်း ပဒုမ္မာရွှေကြာပန်းကဲ့သို့ ပွင့်လန်းတင့်ဆန်းနိုင်ပြီးသကာလ. . ."

ဟဲ့. . . အို၊ တိုးတိုးဟဲ့. . . တိုးတိုး။ ဘေးလူတွေကြားသွားရင် ခရိုနီတွေလို့ အပြောခံနေရဦးမယ်။

"အနာမဲ့သူ ရှင်ပါကူတို့ကဲ့သို့ အနာမျိုးကိုးဆယ့်ခြောက်ပါးကင်းလို့ အသက်ရာကျော်ရှည်ကြပါစေရှင်. . ."

ဟယ်. . . သူကလည်း အာရှတော်ဝင်တို့၊ ဆာကူရာတို့၊ S.S.C တို့ပါ သွားဒုက္ခပေးနေပြန်ပါပြီ။

"အခုဖွင့်မယ့် သိန်းထောင်ငါးရာဆုကြီးလည်း ပေါက်လို့. . . ဝိသာခါကျောင်းအမကြီးတို့လို အလှူရေစက် လက်နဲ့မကွာ လှူနိုင်တန်းနိုင် ပေးကမ်းနိုင်ကြပါစေ. . ."

ဟီ. . ဟီ. . နိဗ္ဗာန်မကူးခင် ဇာတိကဇာတ်ဆွဲ့ပါ ရှိုးမလား မသိဘူး။

"ထိုမှတစ်ဖန် လိုရာကြံသမျှတွေလည်း တစ်လုံးတစ်ဝတည်း ပြည့်စုံနိုင်ကြပါစေ။ အမိဌာန်မြောက်လို့ နိဗ္ဗာန်ရောက်ကြပါစေ။ နိဗ္ဗာန်မရောက်မီစပ်ကြား ဖြစ်လေရာဘဝဘဝတွေတိုင်းမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ. . ."

ကဲ. . . တော်ပါတော့ မယ်မင်းကြီးမရယ်၊ တကတည်းမှပဲ။ နားအေးပါးအေးများ နေရမလားမှတ်တယ်။ အလှူခံမဏ္ဍပ်ပါ သယ်လာသေးတယ်နော်။ အံ့ပါရဲ့ဟယ်. . . မိုက်ပါတပ်ပေးလို့ကတော့ ကောင်းလိုက်မယ့်အမျိုး၊ စိတ်ညစ်ဖို့။

အင်း. . . မချောလည်း ဆုတွေ ကိုယ်ဖို့မချန် အိတ်သွန်ဖာမှောက်ပေးပြီး ထွက်တော်မူနန်းက ခွာတော်မူပါပြီ။ အမယ်. . . ဒီတစ်ခါ လမ်းပေါ်ပြန်အတက်မှာ အထစ်တောင် မနင်းတော့ဘူး၊ မျက်မမြင်တဲ့သူက တစ်လှမ်းတည်းလှမ်းတက်လိုက်တာများ ပေါ့ပေါ့ပါးပါး။ ပေါင်ရင်းက ကြောင်မင်းများ အစွမ်းပြနေရော့သလားဟယ်။

"ဒီမိန်းမ မျက်စိမမြင်တာ မဖြစ်နိုင်ဘူး။ ကျွန်တော့်လက်ထဲက ပိုက်ဆံလှမ်းယူလိုက်တာပဲကြည့်လေ။ ကျွန်တော် မသင်္ကာလို့ တမင်စမ်းကြည့်လိုက်တာ"

"သေချာတာပေါ့ဗျာ. . . ဟိုမှာကြည့်ပါလား။ လမ်းပေါ်တက်သွားလိုက်တာ"

ဆရာနေဝင်းသိန်းရဲ့အဆိုကို ဆရာထွဋ်ခေါင်က ထောက်ခံ

လိုက်တယ်။ ကျုပ်တို့ဝိုင်းက ပြောနေသံကြားတော့ ချာတိတ်ဝိုင်းက တစ်ယောက်က. . .

"ဟုတ်တယ်. . . အလကားဦးရဲ့။ ကျွန်တော်တို့ဝိုင်းက ဖြတ်ပြန်တော့ နာရီကြည့်ပြီး သူ့အဖော်ကောင်မလေးကို နှစ်နာရီထိုးတော့မယ်။ မြန်မြန်လာလို့ပြောလိုက်တာ ကျွန်တော်ကြားတယ်"

ကျုပ်တို့အားလုံး ဆိုင်နံရံက တိုင်ကပ်နာရီကို ပြိုင်တူကြည့်လိုက်ကြတော့. . . ဟုတ်တာပေါ့ နှစ်နာရီထိုးဖို့ ဆယ်မိနစ်။

ဟောဗျ. . . နို့ဗွာန်တံခါးပိတ်လို့ အပါယ်တံခါးကြီး ပွင့်သွားပါရောလား အမယ်မင်းရဲ့။ ဗျို့. . . ကိုကျော်သူရေ ဒီမှာ အပ္ပိုင့်မင့်အတုနဲ့မိနေလို့ မလိုက်ဖြစ်တော့ဘူးဗျို့. . ဟီး. . ဟီး။

■



# ကျွန်မကိုလည်း နားလည်ပေးပါနော်

ရုံးအုပ်ကြီးခမျာ စိတ်ညစ်သွားရှာပြီ။ မညစ်ဘဲ ခံနိုင်မိုးလား။ ခုထုတ်လာတဲ့လစာလေးက ဈေးငွေအပြင် သာရေးနာရေး ဘာညာတွေ ရှော့အင့် ရှော့အင့်နဲ့ စာကလေးအမွှေးနုတ်သလိုပါပဲလား။

"ရုံးအုပ်ကြီး ပိုက်ဆံတွေကိုင်ပြီး ဘာငိုင်နေတာလဲ"

စစ်ဆေးရေးမှူးကိုမြတ်ထွန်းက ရုံးအဆင်း၊ ရုံးအုပ်ကြီးစားပွဲ ရှေ့ကဖြတ်အလာ နှုတ်ဆက်လိုက်တာပါ။

"အိမ်ကချစ်ချစ်ကို ဘာနဲ့မျက်နှာလုပ်ရမလဲလို့ တွေးနေမှာပေါ့"

နောက်ကကပ်ပါလာတဲ့ကိုမြင့်အောင်က နောက်နေပြန်တယ်။

"ဟဲ. . . ဟဲ. . . မဟုတ်ရပါဘူးဗျာ။ မျက်နှာလုပ်ဖို့နေနေ သာသာ ဒါလေးနဲ့ ဘယ်လိုအပ်ရပါ့မလဲလို့. . . ကြည့်ပါဦးဗျာ"

ရုံးအုပ်ကြီးက သူ့လစာထုပ်လေးကို ကိုင်မြှောက်ပြနေတယ်။ ကိုမြင့်အောင်က. . .

"အရင်ချေးငွေတွေ ပြန်ဆပ်နေတာ သူသိတယ်မဟုတ်လား"

တစ်ယောက်က. . .

"ဘာလဲ. . . မိန်းမကို မပြောရဲဘူးလား၊ ဘာခုမှ ကြောက်ပါပြီလဲ"

နောက်တစ်ယောက်ကလည်း. . .

"ရုံးအုပ်ကြီးက မိန်းမကိုကြောက်တာ မဟုတ်ဘူး။ ချစ်တာ ချစ်တာ။ နော်. . . ရုံးအုပ်ကြီးရယ်"

အကြောင်းသိတွေချင်း ပြောမနာဆိုမနာတွေမို့ ဝိုင်းစနေကြတာပါ။ ရုံးအုပ်ကြီးက တဟဲဟဲနဲ့ စိတ်မဆိုးတတ်။ သူ ဒီလိုသဘောကောင်းလို့လည်း တစ်ရုံးလုံးက ချစ်ကြခင်ကြတာပေါ့။

"ကျွန်တော်တို့လည်း ဒီလိုပါပဲဗျာ။ အိမ်ရောက်လို့ လစာလေး များ အပ်တာနည်းရင် သူတို့မျက်နှာတွေက မကြည်ချင်ကြဘူး"

ဘဝတူချင်းတွေမို့ ကိုဖြတ်ထွန်းက ကိုယ်ချင်းစာစကားပြောရှာပါတယ်။ ဒါကို အနားက စာရေးမကြီးက မကျေမချမ်းနဲ့ ကက်ကက်လန်ပြန်ရော။

"အမယ်. . . အမယ်၊ ကျုပ်တို့အိမ်ရှင်မတွေကလည်း ပေးတဲ့ လစာလေးနဲ့ တစ်လတစ်လ မနည်းအလျှင်မိအောင် ချွေတာသုံးနေရတာကိုလည်း ထည့်ပြောဦးလေ"

ကြားက ကိုမြင့်အောင်က မနေသာ စကားအတင်းဖြတ်ပြီး. . .

"ကဲ. . . ကဲ. . . ဒါတွေပြောနေလို့ပြီးမှာမဟုတ်ဘူး။ သွားမယ်. . . သွားမယ်. . . ရုံးအုပ်ကြီးလိုက်ဦးမလား"

"သွားနှင့်. . . သွားနှင့်၊ ဒီမှာသိမ်းစရာရှိတာ သိမ်းရဦးမယ်"

ဒီဌာနမှာ သူ အလုပ်လုပ်ခဲ့တာ အနှစ်အစိတ်ကျော်ခဲ့ပြီ။ ရုံးအုပ်ဘဝနဲ့ပဲ (၁၅)နှစ်ရှိပြီ။ လုပ်သက်ရင့်ပေမယ့် မိုးကျရွှေကိုယ်တွေ နေရာဝင်ဝင်ယူလေ့ရှိတဲ့သူတို့ဌာနမှာ ဒီထက်ရာထူးတိုးဖို့ သူ မမျှော်မှန်း။ ရုံးအုပ်ကြီးဘဝနဲ့ပဲ ရောင့်ရဲတင်းတိမ်နေရတယ်။ ရုံးအုပ်အဖြစ်နဲ့ သူ့အလုပ်ထဲမှာ နီစွဲမှုဝတွေ့နေရတာက စာရွက်စာတမ်းတွေပဲ။ ဒါကို သူသဘောကျတယ်။ သူက လူသူအများနဲ့ဆက်ဆံရတာကို မကြိုက်ဘူး။ သူ့ဗီဇကိုက အေးအေးလူလူ နားအေးပါးအေးနဲ့ ပျော်ပျော်နေတတ်တယ်။

သူ့အိမ်ရှင်မကလည်း တော်ရှာပါတယ်။ သူ့လိုပဲ အေးအေးနေတတ်တယ်။ ဂုဏ်တုဂုဏ်ပြိုင် မရှိဘူး။ အနေကျစ်လျစ်တယ်။ သူ့လစာလေးနဲ့ ချင့်ချိန်တိုင်းထွာပြီး သမီးတွေဘွဲ့ရတဲ့အထိ ပညာသင်ပေးနိုင်ခဲ့တယ်။ နောက်ပြီး တိုင်းရင်းသူပီပီ စကားနည်းတယ်။ တော်ရုံမပြော။ ပြောလိုက်ရင် ဘွင်းဘွင်းနဲ့ရှင်းရှင်းပဲ။ အားမနာတတ်။ ပြတ်တယ်။ ပြီး. . . စိတ်ကြီးတယ်။

ဒီလိုစိတ်ကြီးရင် သူ့ဘက်က အလျှော့ပေးစမြဲ။ သူ့အသောက်အစားလေး ရှိတတ်တာကိုလည်း ဟိုက သည်းခံပေးတယ်။ သူတို့လင်မယားတွေ ဒီလိုတစ်ဦးကိုတစ်ဦး အပြန်အလှန်နားလည်ပေးကြလို့လည်း ခွန်းကြီးခွန်းငယ်မဖြစ်ကြဘဲ အိမ်ထောင်ရေးခိုင်မြဲနေတာပဲကြည့်တော့။

သူ အလုပ်သိမ်းပြီး ရုံးကထွက်လာတော့ ကိုမြင့်အောင်တို့

အဖွဲ့ကို မတွေ့တော့ဘူး။ ဒါဆို ဘယ်သွားရင်ကောင်းမလဲ။ သူ စဉ်းစားနေတယ်။ သူတို့ဆုံဆည်းရာလေးဆီသွားပြီး ရမ်လေးပြေးကစ် လိုက်ချင်သေး။ ဆန္ဒလေးက တောင့်တနေပြန်တယ်။ အို. . . မဖြစ် ပါဘူးလေ။ လစာလေးလျော့နေရတဲ့အထဲ သူကပါ ခပ်ထွေထွေနဲ့ဆို မိန်းမက ပွဲကြမ်းလိုက်မယ့်ဖြစ်ခြင်း။

ဟင်း. . . သူစိတ်ရှုပ်ရှုပ်နဲ့ ခေါင်းကိုခါရမ်းမိတယ်။ ကဲ. . . မထူးပါဘူးကွာ။ တစ်နေ့တလေ သန့်သန့်လေးပြန်ပြီး မိန်းမကို လင် အလိမ္မာတုံးကြီး လုပ်ပြလိုက်စမ်းမယ်။ ဟေ. . . ဟေ့၊ သူ့အိမ်အပြန် ထွေပေါင်းလည်း များခဲ့သကိုး။

❊ ❊ ❊

သူ့အိမ်ရောက်တော့ မှောင်ရီပျိုးနေပြီ။ အမယ်. . . မချောက တီဗွီရှေ့မှာကြူလို့။ ကိုရီးယားမင်းသားလေးနဲ့ အကြည့်ဆိုက်နေသ ပေါ့။ ဟုတ်ပြီ. . . ဒါဆို အခြေအနေကောင်းနိုင်တယ်။ ရာသီဥတုက ကိုယ့်ဘက်ပါနေပြီ။ ဟေ. . . ဟေ့၊ ဒီ့ပြင် သူသန့်သန့်လေးနဲ့ပြန်လာ တာမြင်ရင်လည်း သဘောကျဦးမှာ။ အဟိ. . .။

"ထမင်းစားပြီးကြပလား"

ပြုံးဖြီးဖြီးနဲ့ သူစောစောပြန်ရောက်ကြောင်း အသံပေး သတင်းပို့လိုက်တော့ ဟိုက ဖျတ်ခနဲလှည့်ကြည့်ပြီး ချက်ချင်းပဲ ချာခနဲ တီဗွီဘက် ပြန်လှည့်သွားတယ်။ ဟင်း. . . သူ အောင့်အည်းအောင့် သက်ဖြစ်သွားတယ်။ ဟုတ်တယ်လေ. . . ဘယ့်နှယ်ဗျာ။ ယောကျ်ား

က သန့်သန့်လေးပြန်လာတာကို မြင်စေချင်လွန်းလို့ မဟာဗျူဟာတွေ ချမှတ်ပြီး မောင်းတင်လာခဲ့ရတာ။ ဒီလိုဗျူဟာတွေ ခင်းကျင်းနိုင်ဖို့ လည်း သူ့ဆန္ဒလေး ချိုးနှိမ်ခဲ့ရတာ။ အခုတော့. . .

ဒါကြောင့် အပေါ်အင်္ကျီချွတ်ရင်းနဲ့. . .

"နေကလည်း တစ်နေကုန်ပူလိုက်တာ"

မဆီမဆိုင်ရမယ်ရှာ အဆိုတင်သွင်းပြီး သွေးတိုးစမ်းကြည့် ပြန်တယ်။ ဟိုက ဟုတ်ပဲ့ မှန်ပဲ့တွေ မလာတော့. . .

"ဖူး. . . ခုမှပဲ သက်သာတော့တယ်"

ထောက်ခံသူမရှိ ကန့်ကွက်သူမရှိနဲ့ သူ့အဆိုကို သူ့ဖာသာ သူပဲ တခဲနက် အတည်ပြုလိုက်ရတော့တယ်။ တစ်ဦးတည်းသော ပရိသတ်က လက်ခုပ်လည်းမတီး၊ ဩဘာလည်းမပေး၊ ကိုရီးယား ဇာတ်လမ်းထဲမှာပဲ နစ်မျောနေတော့တယ်။

ရော်. . . ခက်တော့ခက်ပြီ။ ဒီက လင်တော်မောင် အလိမ္မာ ကြီး ရောက်နေတာကိုတော့ ဂရုစိုက်ဖော်မရဘူး။ ဘာမဟုတ်တဲ့ ကောင်ကျတော့. . . ဟင်း. . . သူ ကျွဲမြီးတိုချင်လာပြီ။ တကယ်ပဲ။

"အဟမ့်"

သူ့ဘက် အာရုံပြောင်းလာအောင် ခပ်ထန့်ထန့်လေး ချောင်း ဟန့်သံပေးပြီး ပရိသတ်ကို မျက်လုံးကစားကြည့်လိုက်တယ်။ ပရိသတ် က တုပ်တုပ်တောင်မလှုပ်။

"အဟမ်း. . . အဟမ်း"

သူ စိတ်ပျက်ပျက်နဲ့ပဲ အဟမ့်နဲ့စခဲ့တဲ့ သူ့နှုတ်ခွန်းဆက်စကား

ကို အပယ်မ်းနဲ့ပဲ အောင်မြင်စွာ ဟန်မပျက် နိဂုံးချုပ်လိုက်ရတော့တယ်။ အမယ်. . . သဘာပတိကြီး နိဂုံးချုပ်ကာမှ သူ့ပရိသတ်က လှည့်ကြည့်လာတော့တယ်။

အေး. . . ဟုတ်ပြီ၊ မိန်းမလှည့်ကြည့်တော့မှ သူ မသောက်ဘူး၊ မမူးဘူးဆိုတာကို မှင်နဲ့မောင်းနဲ့ ဟန်ရေးပြနေလိုက်တယ်။ အဲဒါမှ သာဆိုး၊ သူ ဟန်ရေးအပြကောင်းလိုက်ပုံက မိန်းမဖြစ်သူက တောင် သက်ပြင်းမကင်းနဲ့ ကြည့်လေတော့တယ်။ ဟုတ်တယ်လေ. . . သူ့ပုံကိုက အိုးမလုံ အုံပွင့်နေတာကိုး။ ပေါင်းလာတာကြာပြီပဲ။ ဒီလောက်တော့ ဟိုက ဒက်ခနဲ့။ မိန်းမက သူလှုပ်ရှားနေသမျှကို စူးစူးစိုက်စိုက်နဲ့ မျက်လုံးဒေါက်ထောက်ကြည့်နေပြန်တော့ သူ စိတ်မလုံချင်ပြန်။

"အဟက်. . . ဟဲ. . . ဟဲ"

ဟာသမပါ၊ လက်ာမမြောက် အခြောက်တိုက်သူ့ရယ်ရင်း မျက်နှာချိုသွေးပြပြန်တယ်။ ဟိုကတော့ မရယ်မပြုံး၊ ခပ်တည်တည်၊ မှုန်တေတေနဲ့၊ ကဲ. . . ဒီလောက်ဖြစ်မှတော့ မထူးတော့ပါဘူး။ သူ လခတွေကို အိတ်ထဲကနှိုက်ပြီး ကမ်းပေးလိုက်တော့တယ်။

ဒါပေမဲ့. . . ကမ်းပေးလိုက်တဲ့ပိုက်ဆံကို အိမ်ရှင်မက မယူသေးဘူး။ ငုံ့ကြည့်လိုက်သေးတယ်။ တစ်ခါ သူ့မျက်နှာကိုမော့ကြည့်ပြီး ပြန်ငုံ့သွားပြန်တယ်။ ဒီတစ်ခါတော့ ဆတ်ခနဲ ပြန်မော့ကြည့်ပြီး မေးဆတ်ပြနေတယ်။ သဘောကတော့ ဒါပဲလားပေါ့။

"ဟီး. . . ရုံးမှာ ဟိုဟာဖြတ်၊ ဒီဟာဖြတ်နဲ့ကွာ"

သူရယ်ကျဲကျဲနဲ့ ပျာပျာသလဲ ရှင်းပြတယ်။ ဒါပေမဲ့ အိမ်ရှင်မ ရဲ့အနေအထားက ခပ်တင်းတင်းပဲ။ ကြာရင်ပေါက်ကွဲတော့မယ့်ပုံ။ ဒီအခါမှ သူမျက်နှာပိုးသတ်လိုက်ပြီး. . .

"ကိုယ့်ကို နားလည်ပေးပါ မိန်းမရာ"

မျက်နှာငယ်လေးနဲ့. . . လေပြေထိုးပြီး အယူခံဝင်တော့မှ မရွှေချောလည်း မျက်နှာတော် သုန်သုန်မှုန်မှုန်နဲ့ ဆတ်ခနဲဆွဲယူ လိုက်ပါတော့တယ်။

"ဟူး"

ခုမှပဲ အပူလုံးကြီး မှုတ်ထုတ်နိုင်တော့တယ်။ ဒီတစ်လတော့ ပြီးပြန်ပြီပေါ့တစ်ခါ. . .

❋ ❋ ❋

အားလုံးပြီးစီးတော့ အပြင်မှာမှောင်နေပြီ။ သူ ကမန်းကတန်း ရေမိုးချိုး၊ အဝတ်အစားလဲပြီး ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်တယ်။ အိမ်ရှင်မက ပန်းကန်ပြားတစ်ချပ်နဲ့ ထမင်းလိုက်ပွဲဇလုံလာချပေးပြီး မီးဖိုချောင်ထဲဝင်သွားတယ်။ ကိုယ်ထူကိုယ်ထစနစ်နဲ့ သူ့ဖာသာသူ ခူးခပ်ထည့်နေတယ်။

တစ်အောင့်နေတော့ ငါးပိရည်ကျိုနဲ့ ပေါက်ပန်းဖြူတို့စရာ လေး လာချပေးပြီး မီးဖိုချောင်ထဲ ပြန်ဝင်သွားပြန်တယ်။ ငါးပိရည် ကျို အေးစက်စက်ပေါ်မှာ ငရုတ်သီးမှုန့်လေးတွေ ဝေ့ဝဲနေတာကြည့် ပြီး ပုဂံခေတ်က နရသီဟပတေ့မင်းကြီးရဲ့ ပွဲတော်သုံးရာထဲမှာ

ငါးပိရည်ကျိုမှ ပါပါရဲ့လားလို့ သူတွေးမိနေသေးတယ်။ အော်. . . ဘဝကုသိုလ်ချင်းက ကွာပါ့နော်။

သူဗိုက်ဆာနေပြီ။ ဟင်းခွက်က မလာသေး။ ဒီတစ်ခါ ကြာလိုက်တာ။ ဟင်းခွက်သုံးရာလုံးများ ပြန်နွှေးလေရော့သလား။ သူစိတ်ကူးယဉ်ပြီး ပြုံးလိုက်မိသေးတယ်။ မီးဖိုချောင်အထဲမှာ ကြော်နေလား၊ လှော်နေလား၊ သူ အနံ့ခံကြည့်တယ်။ ဒါပေမယ့် လုံးဝပါပဲ။ ဒါဆို. . . ကေန္တ ဆယ့်နှစ်ရာသီဟင်းချိုလားပဲ။ အေးလေ. . . ဘာပဲဖြစ်ဖြစ် အခုနေဗိုက်ဝဖို့ အဓိကပဲလေ။

မျှော်တုန်းမျှော်ဆဲမှာပဲ မဇွဲချောက ထွက်တော်မူလာပါပြီ။ ဟင်. . . လက်ထဲမှာ ဘာမှမပါပါ့လား။ ဒါဆို. . . သူ ဓာတ်ပေါက်သွားပြီ။ စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းသာချလိုက်တော့တယ်။ အိမ်ရှင်မကလည်း လှမ်းကြည့်ပြီး သူ့အခြေအနေကို ရိပ်စားမိသွားတယ်။ ပွဲတော်မတည်သေးဘဲ ငေးငိုင်နေရှာတဲ့ လင်တော်မောင် အိမ်ဦးနတ်ကြီးအပါး ချဉ်းကပ်သွားပြီး တိုးတိုးလေး သံတော်ဦးတင်လိုက်ပါတယ်။

"ကျွန်မကိုလည်း နားလည်ပေးပါနော်. . ."


အိမ်ဦးနတ်ကြီးလည်း ဘာဆိုဘာမှ ချိုသည်ခါးသည် မပြောတော့။ နတ်သုဒ္ဓါငါးပိရည်ကျိုကို တွင်တွင်ဆမ်း၊ ထမင်းကိုနယ်လို့ဖတ်လို့ ပေါက်ပန်းဖြူတို့စရာလေးနဲ့ ခေါင်းမဖော်စတမ်း ငုံ့ကာငုံ့ကာ မြိန်ရေရှက်ရေ လွေးရှာလေတော့သတည်း။

■

# ပညာမဲ့သူတို့ရဲ့ စီမံခန့်ခွဲမှုကို ခံကြပေလော့

ခက်တယ်ဗျာ။ ကျုပ်တို့လမ်းက အတော်ခွကျတဲ့လမ်းဗျ။ အခု ပဲ ကြည့်လေ။ လမ်းထဲမှာ ကနေ့ညနေ ခြောက်နာရီအစည်းအဝေးရှိ တယ်ဗျာ။ ဩော်. . . အစည်းအဝေးဆိုတာကဗျာ၊ ကျုပ်တို့ရပ်ကွက် ရဲ့ နှစ်စဉ်ကျင်းပမြဲ နှစ်ကိုပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော် ပွဲမှာ ကျုပ်တို့လမ်းက ပေါက်မဲဘုရား ပင့်ဆောင်ပူဇော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးပါ။

ခက်တယ်ဆိုတာက အစည်းအဝေးအချိန် ခြောက်နာရီဆိုပေ မဲ့ ဘယ်သူမှ အချိန်အတိအကျရောက်မလာကြဘူး။ ဗမာစော နေ ထွက်ဆိုတဲ့အတိုင်း အချိန်မလေးစားတတ်တဲ့အကျင့်ဆိုးက ကျုပ်တို့ ဆီမှာ အမြစ်တွယ်နေပြီ။ အဲ. . . ခြောက်နာရီခွဲပြီးကာမှပဲ ကျုပ်တို့ လမ်းသား ရာအိမ်မှူးကြီး ဦးမောင်ကြီးရယ်၊ လမ်းဘုရားပွဲဂေါပက လူကြီးဆိုသူ နှစ်ယောက်ရယ်နဲ့ ချာတိတ်သုံးကောင်ပဲ ရောက်လာ သေးတယ်။


P.T.T
ปาก

တကယ်ဆိုဗျာ ကျုပ်တို့လမ်းမှာ အိမ်ခြေ (၃၀)ကျော်၊ အိမ်ထောင်စုပေါင်း (၅၀)ကျော်တယ်ဗျာ။ မသကာ တစ်အိမ်တစ်ယောက်ပဲ တက်လာဦး၊ လူအယောက် (၃၀)ကျော်ပေမပေါ့။ အခုတော့ဗျာ သောက်ကျိုးနည်း။ လူလေးနှစ်ယောက်တစ်ပိုင်းနဲ့။ ဒီကြားထဲ ပြောနိုင်၊ ဆိုနိုင်၊ ဆွေးနွေးနိုင်မယ့် လူကြီးက တက်မလာဘဲ ကလေးတွေလွှတ်လိုက်တဲ့အိမ်က ရှိသေး။ ကျုပ်တို့လမ်းက ဒီလိုမျိုးဗျ။ ရှေ့ကလည်း ဦးမဆောင်၊ နောက်ကလည်း မလိုက်၊ အတော်ခွကျတဲ့ လမ်းဗျာ။

လမ်းက လူပေါင်းစုံ၊ စရိုက်ပေါင်းစုံတဲ့ လမ်းဗျ။ ဒီထဲမှာ အသွင်မတူ ဆန့်ကျင်ဘက်လူတန်းစား နှစ်ရပ်ရှိတယ်။ ချမ်းသာတဲ့သူနဲ့၊ ဆင်းရဲတဲ့သူ။ ပညာရှင်၊ ပညာတတ်သူနဲ့ ပညာအခြေခံနည်းသူ။ အလုပ်အကိုင် အတည်တကျရှိသူနဲ့ အလုပ်လက်မဲ့ ယောင်ခြောက်ဆယ် လုပ်နေတဲ့သူ။ ဂုဏ်သရေရှိလူကြီးလူကောင်းနဲ့ လူမိုက်၊ အရက်သမား၊ ဖဲသမား၊ လူပေါ့သွမ်း ဆိုပြီး ရှိကြတယ်။

ဒီလို လူတန်းစားနှစ်ရပ်မှာ ပထမလူတန်းစားက ရပ်ရေးရွာရေးတွေမှာ ပါဝင်လေ့မရှိကြဘူး။ ခေါင်းရှောင်တတ်ကြတယ်။ အခုလို အစည်းအဝေးဆို တက်ဖို့ဝေလာဝေး။ ပရဟိတစိတ် နည်းတယ်လို့ပဲ ဆိုရမှာပေါ့။ ဒီတော့ လူကောင်း၊ သူကောင်းတွေက ဦးမဆောင်ကြတော့ လူမိုက်၊ လူ့အနွံတွေက အစားနေရာဝင်ယူကုန်ကြပြီပေါ့။ ဒီတော့ လမ်းသိက္ခာကျသလို လမ်းသားတွေရော သိက္ခာမကျပေဘူးလားဗျာ။

ဝေးဝေးမကြည့်နဲ့။ ရာဒိမ်မှူးဦးမောင်ကြီးကိုပဲကြည့်။ သူဆိုရင် စစ်အစိုးရလက်ထက်တစ်လျှောက်လုံး ဘာအလုပ်မှမလုပ်ဘဲ လူကြီးလုပ်စားနေတဲ့သူ။ အဲဒီမတိုင်ခင် (၈၈)ဒီမိုကရေစီပြည်သူ့အရေးတော်ပုံကာလ စစ်အာဏာရှင်တွေရဲ့ နိုင်ငံရေးပရိယာယ်လှည့်ကွက်နဲ့ တောကြောင်တွေ လက်ခမောင်းခတ်ချိန်မှာ သမဝါယမဆိုင်ဖောက်တော့လည်း သူပဲ။ ဂိုထောင်တွေ ဖောက်တော့လည်း သူပါတာပဲ။ ရပ်ကွက်တပ်ဦးမှာ ပိတ်နီစခေါင်းပတ်ပြီး ဒို့အရေး အသံကောင်းဟစ်ခဲ့တာလည်း သူပဲပေါ့။ အဲ. . . စစ်အာဏာသိမ်းပြီး ငြိမ်ဝပ်ပိပြားရေးတည်ဆောက်တော့ ဘယ်ကဘယ်လို အဆက်ရယ် မသိသူ လူကြီးဖြစ်နေပြန်ရော။

ဒါတောင် သူ့ပညာအရည်အချင်းက ရေးတတ်ဖတ်တတ်ရုံ။ မူလတန်းအဆင့်ပဲ ရှိသေးတယ်။ ဒါကလည်း ကျုပ်တို့ရပ်ကွက်မှာ ပညာရှင်တွေ၊ ပညာတတ်တွေ၊ လူကောင်းသူကောင်း မရှိလို့မဟုတ်။ ရှိပါရောလားဗျာ။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ ရှေ့နေ၊ တရားသူကြီး၊ စာရေးဆရာ၊ ပန်းချီ၊ ပန်းပု ပညာရှင်တွေအစုံအလင်ပါ။ ဒါပေမဲ့ ရပ်ရေးရွာရေး၊ လူမှုရေးတွေမှာ အနှီပုဂ္ဂိုလ်ကြီးတွေက မပါဝင်ကြဘူး။ ကိုယ်နဲ့မဆိုင်သလို ဘာသိဘာသာ နေတတ်ကြတယ်။ ဒါကြောင့် စစ်အစိုးရလက်ထက်မှာ ကြက်ဆူပင်တွေ ခေါင်းတထောင်ထောင်နဲ့ပေါ့။ အခု ဒီမိုကရေစီအစိုးရလက်ထက်ရောက်ပြန်တော့ ကြက်ဆူတောကြီးက အုပ်စုမဲနှင့် မင်းမူနေပြန်ရော။ အခုထိ ရပ်ရေးရွာရေးမှာ လူမှန် နေရာမှန် မဖြစ်ကြသေးဘူး။

ကျုပ်သိရသလောက်တော့ ဦးမောင်ကြီးဘဝမှာ လူကြီး အလုပ်ကလွဲလို့ မည်မည်ရရ ပြစရာအလုပ်က မရှိ။ ဒီအတွက် မိန်းမ ဖြစ်သူက ဈေးတောင်းခေါင်းရွက်ပြီး ရှာကျွေးနေရတယ်။ အခု သား၊ သမီးတွေ ကြီးလာတော့ သား၊ သမီးလုပ်စာနဲ့ပေါ့။ တစ်ခါတလေ ရပ်ကွက်ထဲမှာ အကြံအဖန်လေး ရတတ်သလို သန်းခေါင်စာရင်း လေး၊ မှတ်ပုံတင်လေး လုပ်ချင်တဲ့သူရှိရင်လည်း လဝကရုံးနဲ့ပေါင်း ပြီး လူမျိုးမရွေး၊ ဘာသာမရွေး ပွဲစားဝင်လုပ်လိုက်သေးတယ်။ ဒီ လောက်နဲ့တော့ သူ့ခမျာ မချမ်းသာပါဘူး။ သူ့အိမ်လေးကျဉ်းကျဉ်း ကျပ်ကျပ်နဲ့ဆိုတော့ အခုလို အစည်းအဝေးလုပ်ချင်ရင်တောင် လမ်း ထဲက တစ်အိမ်အိမ်မှာ လုပ်ရတယ်။

အခုဆို အိမ်ရှင်ယောကျ်ားက အလုပ်က ပြန်မလာသေး။ အိမ်ရှင်မိန်းမကလည်း သူ့အလုပ်နဲ့သူ ရှုပ်နေတာမို့ အိမ်ရှေ့ခန်းမှာ သူတို့သုံးယောက် ရောက်တတ်ရာရာစကားတွေပြောရင်း လူစုံအောင် စောင့်နေရတယ်။ သို့ပေမဲ့ အချိန်နဲ့ ဒီရေမှာ လူကို မစောင့်၊ ခုနစ်နာရီ သာ ထိုးသွားတယ်။ လူစုံမယ့်အရိပ်အယောင် မမြင်သေး။ လူလေး နှစ်ယောက်တစ်ပိုင်းနဲ့ဆိုလည်း အစည်းအဝေးက အထမမြောက်နိုင်။ စိတ်မရှည်နိုင်တဲ့အဆုံး တစ်ယောက်က. . .

"လမ်းထဲက ပေါက်စတို့၊ သာထူးတို့အုပ်တွေ ဘယ်ရောက်နေ ကြလဲ။ မနှစ်က သူတို့အုပ်တွေ ဝိုင်းလုပ်ခဲ့ကြတာပဲ။ သွားခေါ်ကွာ"

လို့ ချာတိတ်တစ်ယောက်ကို အခေါ်လွှတ်လိုက်တယ်။ မကြာ ပါဘူး။ မတွေ့ဘူးဆိုပြီး ပြန်လာတယ်။ ဒီတစ်ခါ အိမ်ရှင်မိန်းမက

ပေါက်စတို့ရှိနိုင်လောက်တဲ့နေရာကို တိုးတိုးကျိတ်ပြောပြီး ချာတိတ်ကို ထပ်လွှတ်ပြန်တယ်။ ခဏနေတော့ 'ပြောခဲ့တယ်၊ လာခဲ့မယ်တဲ့'လို့ ပြောပြီး ပြန်ရောက်လာတယ်။ ဒီတော့မှ စိတ်အေးသွားပြီး သူတို့ ရောက်လာတာနဲ့ အစည်းအဝေးစနိုင်ဖို့ အသင့်ပြင်ထားကြတယ်။

တအောင့်နေတော့ ပေါက်စတို့ သာထူးတို့အုပ်တွေ လာကုန်ကြပြီ။ အစည်းအဝေးတက်မယ့် ကိုယ်စားလှယ်တော်ကြီးတွေပေါ့။ လူသာ မမြင်ရသေးတာ။ သောင်စဉ်ရေမရ စကားတွေနဲ့ ဖောင်ဖွဲ့လာကြတဲ့ သူတို့အသံက ကြိုရောက်နှင့်နေပြီ။ အိမ်ရှေ့နားရောက်တော့ တစ်ယောက်က. . .

"ဒီအစည်းအဝေးမှာ ငါ ပြောကို ပြောရမယ်"

လို့ဆိုတော့ ဘေးတစ်ယောက်ကလည်း. . .

"ပြောကွာ၊ မင်းမပြောရင် ငါပြောမယ်"

လို့ လျှာလေးအာလေးနဲ့ ဝင်ထောက်ပေးတယ်။

"မင်း. . . မင်း မပြောနဲ့။ မပြောနဲ့ကွာ။ ငါပဲ ပြောမယ်။ ဒီတစ်ခါ ငါ အပြတ်ပြောမယ်။ မင်းကြည့်နေ"

ဒီလိုနဲ့ ကိုယ်စားလှယ်တော်ကြီးတစ်သိုက် ဝရုန်းသုန်းကားနဲ့ အိမ်ပေါ် တက်လာကြတယ်။ အိမ်ပေါ်ရောက်တာနဲ့ မထိုင်ရသေးဘူး။ စောစောက အပြတ်ပြောမယ်ဆိုတဲ့ တစ်ယောက်က ခေါင်းရင်းမှာ မြိန့်မြိန့်ကြီး ထိုင်နေတဲ့ ရာအိမ်မှူးကြီးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အစည်းအဝေးအဖွင့်နိဒါန်း စတော့တယ်။

"ဟေ့ လူကြီး ခင်ဗျားကို တစ်ခုပြောစရာရှိတယ်။ မနေ့စက

ဘုရားပွဲမှာ လမ်းထဲက လူငယ်တွေ အိမ်တိုင်းစေ့ ထွက်လုပ်ပေးကြ တယ်။ ဒါပေမဲ့ ခင်ဗျားအိမ်က တစ်ယောက်မှ ထွက်မလာကြဘူး။ ခင်ဗျားကြီးကလည်း ဆရာကြီးလုပ်နေပြီး ပြန်သွားတာပဲ ရှိတယ်။ ဒီပုံစံမျိုးနဲ့ ဒီနှစ် ဆရာကြီးလာလုပ်လို့ မရဘူး"

စွဲချက်တောင် မဆုံးသေးဘူး။ နောက်တစ်ယောက် အတင်း တိုးဖယ် ရှေ့တိုးထွက်လာပြီး အဆိုတင်ပြန်တယ်။

"ဟော့လူ. . . ခင်ဗျားကို စာရင်းစစ်မယ်"

"စစ်ရင် နောက်မှစစ်။ အခု အစည်းအဝေးမှာ အရေးကြီးတာ တွေ ပြောစရာရှိသေးတယ်"

ဆိုပြီး ရာအိမ်မှူးကြီးက အဆိုကို ပယ်ချလိုက်တယ်။ ဒါပေမဲ့.

"ခင်ဗျားပြောစရာ အရေးကြီးတာ အသာထား။ စာရင်းက ဒါထက် ပိုအရေးကြီးတယ်။ မနှစ်က ငွေစာရင်းရှင်းတမ်း ဘယ် မလဲ။ ပြ. ."

ဖွတ်ကြီး စာရင်းအတင်းစစ်နေတော့ ရာအိမ်မှူးကြီးလည်း စိတ်ပေါက်ပေါက်နဲ့ လက်ထဲက စာအုပ်ကို ပစ်ချပြီး. . .

"အစည်းအဝေးတောင် မစရသေးဘူး။ ဒါလောက် စာရင်း စစ်ချင်နေတာ ပြန်မယ်ကွာ"

ပြောလည်းပြော၊ ထပြန်ဖို့ အလုပ်မှာ စာရင်းစစ်အမူးသမား က ရာအိမ်မှူးကြီးအနား တိုးသွားပြီး. . .

"ခင်ဗျားကြီး ဒီလိုရှောင်ထွက်လို့ မရဘူးလေ။ ဒီလိုပစ်ချစရာ လည်း အကြောင်းမရှိဘူး။ အခုရှိတဲ့သူအားလုံး ဂျလေဘီတစ်ယောက်

မှ မပါဘူး။ အားလုံး လူကြီးလူကောင်းတွေချည်းပဲ"

"ဟုတ်တယ်။ ဒါ အမှန်ပဲ။ ဒီမှာ ဂျလေဘီတစ်ယောက်မှ မရှိဘူး။ ကိုယ့်သိက္ခာနဲ့ ကိုယ်နေတဲ့သူချည်းပဲ။ သောက်တာက သောက်တာ တစ်ပိုင်း၊ ဟုတ်တယ်နော် အန်ကယ်။ သားတို့မှားတာ ရှိရင် ခွင့်လွှတ်ပါ"

ကျန်အမူးသမားတွေ ဗိုင်းဝန်းထောက်ခံရင်း ရှေ့မှာထိုင်နေတဲ့ လူကြီးနှစ်ယောက်ကိုပါ သက်သေထူလိုက်ကြသေးတယ်။ နှစ်ယောက်၊ သုံးယောက်လောက်ကတော့ ရာအိမ်မှူးကြီးသွားမယ့်လမ်းကို ပိတ်ထားလိုက်ကြတယ်။ ဒီလိုအခြေအနေမှာ ဂေါပကလူကြီးနှစ်ယောက် ကြားဝင်ဖျန်ဖြေပေးကြလို့ စကားနည်းရန်စဲသွားကြတယ်။ ရာအိမ်မှူးကြီးက မကျေနပ်ပေမဲ့ အများနဲ့တစ်ယောက်မို့ ဘာမှ မပြောတော့ဘဲ နေလိုက်တယ်။

အတိုက်အခံ အမူးသမားတစ်စုကတော့ ပစ်ချလိုက်တဲ့ စာအုပ်ကို တစ်ယောက်တစ်ပေါက်နဲ့ စာရင်းလှန်ရှာတော့တယ်။ စာရင်းစစ်မယ်လို့သာဆိုတာ သူတို့နားလည်ကြလို့မဟုတ်။ လက်ကျန်ငွေကိုသာ သဲကြီးမဲကြီးရှာနေကြတာ။ ဟော့. . . တွေ့သွားကြပြီ။

"ဟော့. . လူကြီး-စာရင်းထဲမှာ လက်ကျန်ငွေ ခြောက်သောင်းငါးထောင်တဲ့။ အဲဒါ ဘယ်မှာလဲ"

"ဘယ်သိမှာလဲ။ ငါကိုင်တာမှ မဟုတ်ဘဲ"

"ခင်ဗျား မကိုင်လို့ ဘယ်သူကိုင်မှာလဲ။ စာရင်းစာအုပ်က ခင်ဗျားဆီမှာ"

"ငါ မကိုင်ဘူး။ ငွေကိုင်က ဆယ်အိမ်မှူးအောင်နိုင်ဦးကွ။ သူ့သွားမေး"

"ဒါဆို အောင်နိုင်ဦး သွားခေါ်။ ဟုတ်မဟုတ် မေးရမယ်။ ဒီကောင် ဆိုင်မှာ ကျန်နေခဲ့တယ်။ အစည်းအဝေးရှိမှန်းသိရဲ့လားနဲ့ လိုက်မလာဘူး။ မအေပေး"

အမှုသမားတစ်ယောက် ဆိုင်ကို ပြေးပြီး သွားပင့်လို့ ဆယ်အိမ်မှူးကြီး ခေါင်းစိုက်စိုက် စိုက်စိုက်နဲ့ ကြွလာပါပြီ။ အနားရောက်တာနဲ့. . .

"ဟော့လူ ပြီးခဲ့တဲ့နှစ်က လက်ကျန်ငွေ ခင်ဗျားကိုင်တယ်ဆို"

မျက်လုံးလေး ကလယ်ကလယ်နဲ့ ခေါင်းပဲ ညိတ်ပြနိုင်တယ်။

"အဲဒီငွေ ဘယ်မလဲ"

ဆယ်အိမ်မှူးကြီး ချက်ချင်းမဖြေ။ ငူငူကြီးရပ်နေတယ်။

"ဟော့လူ ပြောလေဗျာ"

ပြောလေဗျာဆိုလည်း မပြောနိုင်သေး။ ဆယ်အိမ်မှူးကြီး အကြပ်ရိုက်နေပုံရတယ်။ သောက်ဖော်သောက်ဖက်တွေက မြွှေမြွှေချင်း ခြေမြင်ကြလို့ထင့်. . .

"ဟော့ကောင် အောင်နိုင်ဦး။ ပြောလိုက်လေကွာ။ ရှိရင် ရှိတယ်။ မရှိရင် မရှိဘူး ပြောလိုက်ပေါ့"

အချင်းချင်း စကားလမ်းခင်းပေးကြတယ်။ ဒီတော့မှ. . .

"ငါ. . . ငါ. . အဆင်မပြေလို့ သုံး. . သုံး ထားလိုက်တယ်"

ကိုင်း. . . ရှင်းရောမဟုတ်လား။

"ဟေး. . ဖြောင်း. . ဖြောင်း. . ဒီလိုမှပေါ့ကွ။ ယောက်ျားဆိုတာ အမှန်ကို အမှန်အတိုင်း ဝန်ခံရဲရမယ်။ အဲဒါမှ ယောက်ျားကွ။ ဝေး. . ဟေး. . ဟေး ဖြောင်း. . ဖြောင်း. . ရှူး. . "

ပုလင်းတူ ဘူးဆို့ချင်းမို့ သောင်းသောင်းဖြဖြ အားပေးလိုက်ကြတာ လက်ခေါက်မှုတ်သံပါ အဆစ်ပါလိုက်သေး။ ဒီတော့မှ အရက်သမားစာရင်းစစ်လည်း စာရင်းစစ်စရာ မလိုလောက်အောင် လက်ကျန်ငွေ နိဂုံတန်သွားပြီမို့ စာရင်းစာအုပ်ကို ပိတ်လိုက်တော့တယ်။

စာရင်းကဏ္ဍ ပြီးပြန်တော့ စောစောက အပြတ်ပြောမယ့် အမူးသမားက တစ်ခန်းထလာပြန်တယ်။

"ဟော့လူကြီး ခင်ဗျားကြီး ဒီနှစ်မှာ ဆရာကြီး လာလုပ်စရာ မလိုဘူး။ ခင်ဗျားက အာဝါဒါးလူကြီး။ ခင်ဗျားကို အယုံအကြည်မရှိတော့ဘူး။ ခင်ဗျားကြီးကို ဂေါပကအဖွဲ့ထဲကနေ ဖြုတ်လိုက်ပြီ"

"မင်းက ဘယ်သူ့အမိန့်နဲ့ ဖြုတ်တာလဲ"

"ဘယ်သူ့အမိန့်မှ မလိုဘူး။ အခုအစည်းအဝေးမှာ ဒီမိုကရေစီနည်းအရ အများဆန္ဒနဲ့ ဖြုတ်တယ်ဗျာ။ ဟော့. . ဘော်ဒါတို့ ငါပြောတာ ထောက်ခံတယ်မဟုတ်လား။ ထောက်ခံရင် လက်ခုပ်တီးပါ"

"ထောက်ခံပါတယ်။ ထောက်ခံပါတယ်။ ညောင်း. . ညောင်း အာဝါဒါးလူကြီး ညောင်း။ ဖြောင်း. . . ဖြောင်း. . ဖြောင်း. . ဖြောင်း ညောင်း. . ညောင်း. . အာဝါဒါးကြီး. . ညောင်း. . ဖြောင်း. . ဖြောင်း ရှူး. . . ရှူး. . "

တစ်ခဲနက်ထောက်ခံလိုက်ကြတာ အစည်းအဝေးတောင် ရှုတ်ရှုတ်သဲသဲဖြစ်ကုန်တယ်။ အစည်းအဝေးမှာ အယုံအကြည်မရှိ အဆိုနဲ့ ရှုံးနိမ့်သွားခဲ့ရတဲ့ အာဏာရ ရာအိမ်မှူးကြီးလည်း စိတ်ဆိုး မာန်ဆိုးနဲ့ အိမ်ပေါ်က ဆင်းသွားပြီ။ ဂေါပကလူကြီးနှစ်ယောက် လည်း သုတ်ခနဲ ထပြေးကုန်တယ်။ ကျန်ခဲ့တာက ချာတိတ်သုံးကောင်။

ဖြုတ်ထုတ်ပွဲကြီး ပြီးပြန်တော့ အတိုက်အခံအုပ်စုက ကြီးမှူး ပြီး အစည်းအဝေးကို ဆက်ကျင်းပတယ်။ ကနေ့ အစည်းအဝေးကြီး ကနေ စာရင်းစစ်တဲ့သူက ဥက္ကဋ္ဌ၊ အပြုတ်ပြောတဲ့သူက အတွင်းရေး မှူးအဖြစ် ပါဝင်တဲ့ ကျင်းပရေးအလုပ်အမှုဆောင် ဂေါပကအဖွဲ့ကို ဖွဲ့စည်းလိုက်ကြတယ်။ ငွေကိုင် ဆယ်အိမ်မှူးက ဘဏ္ဍာရေးမှူးအဖြစ် နဲ့ ပြန်အရွေးခံရသလို ချာတိတ်သုံးကောင်က အရန်ဂေါပကလူကြီး အဖြစ်နဲ့ ပါလိုက်သေး။ ရွေးချယ်ရာမှာလည်း အချင်းချင်း ကျီးကို ဘုတ်မြှောက်၊ ဘုတ်ကို ကျီးမြှောက်နဲ့ ကန့်ကွက်သူမရှိ ရာနှုန်းပြည့် ထောက်ခံမှုနဲ့ပဲ ဒီမိုကရေစီနည်းကျကျ တင်မြှောက်ခဲ့ကြတယ်။

ဒီလိုနဲ့ ကျုပ်တို့လမ်း ဘုရားပွဲ ကျင်းပရေးညှိနှိုင်းအစည်း အဝေးကြီး အောင်မြင်စွာနဲ့ ပြီးဆုံးသွားပါပြီ။ ဒီနှစ် ဘုရားပွဲကို ယစ် ထုပ်ကြီးများ ဂေါပကအဖွဲ့သစ်က ဦးစီးဦးဆောင် ကျင်းပသွားပါ တော့မယ် . . . ခင်ဗျာ။

ကိုင်း . . . ကျုပ်ကတော့ ကျုပ်တို့လမ်းသားတွေကို ဂရိပညာ ရှိကြီး ပလေတိုပြောသလို ပြောလိုက်ချင်တယ်ဗျာ။

သင်တို့ ပါဝင်လုပ်ဆောင်ကြစမ်းပါ။ သင်တို့ကိုယ်တိုင်မှ ပါဝင်

မလုပ်ဆောင်ကြဘူးဆိုရင် ပညာမဲ့တို့ရဲ့စီမံခန့်ခွဲမှုကို သင်တို့ ခံကြ ပေလော့။

■

# နိုင်ငံတော် [illegible]

[illegible]



# နိုင်ငံတော် ကလိမ်ချုံ

ဩော်. . . ဘာလိုလိုနဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး ကွယ်လွန်ခဲ့တာ (၁၃)နှစ်ကျော် (၁၄)နှစ် နီးလာပါပေါ့လား။

အထူးစစ်ဆင်ရေးမှူးလည်းဖြစ်၊ စစ်ဦးစီးအရာရှိချုပ်လည်းဖြစ်တဲ့ နအဖအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးခမျာ (၂၀၀၁)ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်နေ့ မနက်ပိုင်း မွန်ပြည်နယ်၊ မော်လမြိုင်ကနေ ကရင်ပြည်နယ်၊ ဖားအံမြို့အသွား နံနက် (၈)နာရီ (၅၅)မိနစ်မှာ ဖားအံမြို့ တရုတ်လှကျေးရွာအနီး သံလွင်မြစ်ထဲ ထိုးကျပျက်စီးသွားခဲ့တဲ့ ရုရှားလုပ် MI -17 ရဟတ်ယာဉ်နဲ့အတူ လိုက်ပါကွယ်လွန်သွားရှာပါတယ်။

ဒီသတင်းဆိုးကြီး ကြားလိုက်တာနဲ့ သောရီဖြင့် ထိတ်လန့်တုန်လှုပ် ယူကျုံးမရ ခံစားရပြီး စိတ်မကောင်းကြီးစွာနဲ့ ကိုယ့်ကိုယ်ကို အပြစ်တင်မိခဲ့တယ်။ အပြစ်တင်ရတဲ့အကြောင်းက ဗိုလ်ချုပ်ကြီးလို နိုင်ငံတော် ထိပ်တန်းအကြီးအကဲတစ်ယောက်ကို သောရီလို

အညတရတစ်ယောက်က လိမ်ခဲ့၊ ညာခဲ့မိခဲ့လို့ပါ။ ဒီအတွက် သောရီရင်ထဲ အခုထိ တအုံနွေးနွေး ခံစားနေရဆဲ။

❋ ❋ ❋

"နိုင်ငံတော်ရဲ့ သစ်တောသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိက ရေရှည်တွင် အကျိုးမဲ့မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ သစ်တော သယံဇာတများပျက်စီးပါက ရေသယံဇာတ၊ မြေသယံဇာတများလည်း ဆက်စပ်ဆုံးရှုံးမည်ဖြစ်ရာ လတ်တလော အကျိုးစီးပွားကို မကြည့်ဘဲ ရေရှည်အကျိုးစီးပွားကိုကြည့်၍ ထိန်းသိမ်းစောင့်ရှောက်ကြရန် အရေးကြီးကြောင်း. . ."

ဒါက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ယခု-ငြိမ်း) (၄. ၄. ၉၅)နေ့ကနေ (၁၃. ၄. ၉၅)နေ့အတွင်း စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်ခရီးစဉ်တွေမှာ လမ်းညွှန်မှာကြားခဲ့တဲ့ စကား။

တပ်ချုပ်ကြီးက သစ်တောသယံဇာတတွေကို ထိန်းသိမ်းစောင့်ရှောက်ကြပါတဲ့။ အင်း. . သစ်တောသယံဇာတတွေ ထိန်းသိမ်းဖို့ဆိုတာ သစ်တော မပြုန်းတီးရေးဘဲ မဟုတ်လား။ တပ်ချုပ်ကြီးပြောပြီဆိုတော့ အောက်ကလူတွေ မနေသာ။ ပြာယာခတ်ကုန်ကြပြီ။ ဒီသစ်တောသယံဇာတတွေကို ဘယ်သူတွေက ဖြုန်းတီးနေကြသလဲဆိုတာကို စုံစမ်းစစ်ဆေးဖော်ထုတ်ကြစမ်းဆိုတော့ ထုံးစံအတိုင်း ပြည်သူတွေဘက်လှည့် တရားခံရှာလိုက်ကြတာ၊ တွေ့ပါပြီ 'ထင်း'ဆိုတဲ့ သကောင့်သား။

အကြမ်းအားဖြင့် ပြည်သူတစ်ယောက်ရဲ့ လောင်စာသုံးစွဲမှုနှုန်းဟာ တစ်နှစ်ကို ပျမ်းမျှ (၀ ဒသမ ၅)ကုဗတန် ရှိပါသတဲ့။ ထိုစဉ်က မြန်မာတစ်နိုင်ငံလုံး ပြည်သူဦးရေ (၄၈)သန်း ခန့်မှန်းထားလေတော့ ဒီပြည်သူတွေက သဘာဝတောတွေကနေ နှစ်စဉ် ထင်းကုဗတန် (၂၄)သန်း ခုတ်ယူမီးရှို့ပစ်နေကြတယ်လို့ တွက်ချက်ပြကြတယ်။ ဆိုချင်တာက ထင်းသုံးစွဲသူ ပြည်သူတွေကြောင့် သစ်ပင်တွေ ဘယ်လောက် ပြုန်းတီးနေရတယ်။ သစ်တောတွေ ဘယ်လောက်ပြုန်းတီးနေရတယ်ပေါ့။ ဒီအတွက် လောင်စာအလို့ငှာ ထင်းအစား အခြားလောင်စာသုံးစွဲရေးကို စဉ်းစားလာကြတယ်။

အဲဒီအချိန်က လျှပ်စစ်ဆိုတာ သတင်းစာတွေထဲမှာသာ အလျှံပယ်၊ မာတ်ကြိုးကိုင်လို့ မာတ်မလိုက်၊ သတင်းစာကိုင်ရင် မာတ်လိုက်မှာတောင် စိုးရတယ်လို့ ပြောစမှတ်ဖြစ်နေတဲ့ ကာလ။ ဒီတော့ လျှပ်စစ်ဆိုတာ ဘေးဖယ်ထား။ သဘာဝဓာတ်ငွေ့ဆိုတာလည်း သပိတ်ဝင် အိတ်ဝင် ရောင်းစားမှာမို့ မစဉ်းစားဘူး။

ဒီလိုနဲ့ ထင်းအစားထိုးရှာပုံတော်ဖွင့်လိုက်ကြတာ နောက်ဆုံးအစိုးရသစ်စက်ကြီးတွေက ဘေးထွက်စွန့်ပစ်လွှစာပုံကြီးကို တွေ့သွားကြတယ်။

'ဟေ့. . . ဒီလွှစာတွေ အလဟဿစွန့်ပစ်မယ့်အစား လောင်စာတောင့် လုပ်ပြီး သုံးကြပါတော့လားလို့။ တယ်လည်း အမြော်အမြင်နည်းကြသကိုး'

ဒါက လူကြီးဆိုသူတွေရဲ့ ရွှေဉာဏ်တော်။

အမှန်မတော့ လွှစာတို့၊ စပါးခွံတို့ဆိုတာတွေက သူတို့ထင်သလို လေလွင့်ပစ္စည်းမဟုတ်၊ ရပ်ရွာထဲ ချက်ပြုတ်ရေးမှာ အသုံးနည်းပေမယ့် အလုပ်ရုံ၊ စက်ရုံကြီးတွေမှာတော့ အသုံးများကြတယ်။ မုန့်ဟင်းခါးဖိုု၊ ပဲပြားဖို၊ မုန့်ဖိုတွေမှာ လွှစာမှုန့်ကို သုံးပြီး အရက်ချက်စက်ရုံ၊ ဘွိုင်လာသုံးစက်ရုံတွေမှာ စပါးခွံကြမ်းကို အသုံးပြုကြတယ်။ ပုဂ္ဂလိကသစ်စက်တွေက ထွက်တဲ့ လွှစာတွေဆို ရောင်းမလောက်ဘူး။ ဒီလို အမှုန့်အတိုင်း အသုံးပြုလို့ ရရဲ့သားနဲ့ လောင်စာတောင့်လုပ်ရမတဲ့။

ဒါနဲ့ပဲ ရန်ကုန်မြို့ ကြို့ကုန်းရှိ ထိုစဉ်က သစ်တောဦးစီးဌာနညွှန်ချုပ်ရုံး၊ တော်ဝင်ခန်းမမှာ အတွင်းရေးမှူး (၂)ကိုယ်တိုင် ရန်ကုန်တိုင်းမှာရှိကြတဲ့ မြို့နယ်အသီးသီးက သစ်စက်လုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီး ထင်းအစား အခြားလောင်စာသုံးစွဲရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ပူးပေါင်းပါဝင်ပြီး မိမိတို့သစ်ခွဲစက်တွေက ထွက်တဲ့ လွှစာမှုန့်နဲ့ လောင်စာတောင့် ထုတ်လုပ်ကြဖို့ လမ်းညွှန်ခဲ့တယ်။

ဒီလိုနဲ့ အမျိုးသားရေးတာဝန်အရ သောရီတို့မြို့နယ်က သစ်ခွဲစက်လုပ်ငန်းရှင်တွေ လောင်စာတောင့်ထုတ်လုပ်ရေးအစုအဖွဲ့တွေဖွဲ့ပြီး ထင်းအစားထိုးလောင်စာတောင့်ထုတ်ခဲ့ကြရတယ်။ အဲဒီမှာသောရီက မြို့နယ်ကိုယ်စားပြု လောင်စာတောင့် ထုတ်လုပ်ရေးတာဝန်ခံပေါ့ဗျာ။

ထိုစဉ်က လောင်စာတောင့် ထုတ်စက်ဆိုတာ လွန်သွားညစ်

စက်၊ ထုတ်လုပ်နည်းက လွှစာ၊ အုံတုံကော်မှုန့်၊ ရေနံချေးတို့ကို ရေနဲ့ သမရောစပ်ပြီး စက်ထဲထည့် ညှစ်၊ အတောင့်လိုက် ထွက်ကရော၊ လွယ်လွယ်လေး။ အဲ. . မလွယ်တာက လွှစာမှုန့်။ တောသစ်လွှစာ မှုန့်ဆိုရင် ပွရောင်းရောင်းနဲ့မို့ စက်ထဲ ထည့်ညှစ်လိုက်ရင် ပြွန်ဝမှာ ကျပ်ခဲပိတ်ဆို့ပြီး မထွက်တော့ဘူး။ ထွက်ချင်ရင် လွှစာကို ပေါင်ဒါလို ညက်အောင် ပြန်ကြိတ်ပြီး ထုတ်မှ ချောချောရှူရှူထွက်တော်မူပေတယ်။

ဒါတွေကြောင့် လွှစာနဲ့ လုပ်ရတာ အဆင့်များတယ်။ ခက်ခဲ တယ်။ ထုတ်လုပ်စရိတ်ကြီးတယ်။ ထွက်လာတဲ့ လောင်စာတောင့်က မီးဆိုက်မကောင်းဘူး။ မီးခိုးအူတယ်။ ညှော်နံ့ နံတယ်။ သုံးစွဲသူ မကြိုက်။ အစိုးရသစ်စက်ကြီးတွေမှာတော့ မဖြစ်မနေ ငွေကြေး အကုန်အကျခံပြီး လောင်စာတောင့်စက်ရုံတွေ တည်၊ စက်ရုံထွက် လွှစာမှုန့်နဲ့ လောင်စာတောင့်တွေ ထုတ်၊ ဝယ်သူမရှိ၊ သုံးစွဲသူမရှိ၊ ခြင်မီးခိုးမှိုင်းတိုက်လိုသူတွေ အလကားပဲတင်းယူကြပေတော့။ သို့ပေသည့် ပေါ်လစီအရ နေ့စဉ် တစ်မနက်ပိုင်းလောက်တော့ တာဝန်ကျေ စက်သံပေး လည်ပြရသပေါ့။

ရော်. . . ခက်ပြီ။ ထင်းအစားထိုး စီမံချက်တော့ ကိုယ်ကျိုး နည်းချေပေါ့။ အရှက်တော့ ကွဲပါပြီ။ ကော်မတီလူကြီးမင်းတွေ ရတက်မအေးကြတော့ဘူး။ အမယ်မင်း. . ထင်းအစားမထိုးခင် လွှ စာမှုန့် အစားထိုးဖို့ ရှာပေးကြပါဦးကွယ်ရို့။ ရှာ. . ရှာ. . ရှာ။ ဟော့ တွေ့ပြီ။ မီးသွေးမှုန့်။ ဒီတုန်းက မီးသွေးမှုန့်ကမှ တကယ်လေလွင့် ပစ္စည်း။

နို့ . . . နေပါဦး။ သစ်တော မပြုန်းတီးအောင် ထင်းအစားထိုး ပါတယ်ဆိုမှ မီးသွေးမှုန့်ဆိုတော့ . . ဟော့ ဘာဘာညာညာ လာမပြော နဲ့။ သိတယ် မဟုတ်လား။ ရေဘူးပေါက်တာ မလိုချင်ဘူး။ ရေပါဖို့က အဓိကတဲ့။ ဒီမှာလည်း သစ်တောပြုန်းတာ၊ မပြုန်းတာထက် လောင် စာအတောင့် ဖြစ်ဖို့ပဲ။ သဘောပေါက်။ ဒီလိုနဲ့ သောရီတို့လည်း အမျိုး သားရေးတာဝန် မပျက်စေဖို့ လွှစာအစားထိုး မီးသွေးမှုန့်နဲ့ ထင်း အစားထိုးလိုက်ကြတော့သတဲ့ . . .။

အဲဒီကစပြီး သောရီလည်း လက်မလည်နိုင်လောက်အောင် မရောင်ရာဆီလူး ပြခဲ့ရတယ်။ တော်ဝင်ခန်းမပြပွဲ၊ ကာကွယ်ရေးဝန် ကြီးဌာန စစ်ရုံးချုပ်ပြပွဲ၊ လှိုင်နဲ့ မြောက်ဥက္ကလာ လောင်စာတောင့် ပြပွဲတွေမှာ စည်းရုံးရေးတစ်ရပ်အနေနဲ့ ကိုယ်ထုတ်ထားတာလေးတွေ လိုက်ပြပေးရတယ်။

❋ ❋ ❋

အဲဒီနေ့က မှတ်မှတ်ရရ။ ထင်းအစား အခြားလောင်စာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရေးနှစ်ဖြစ်တဲ့ (၁၉၉၉)ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်၊ ကြာသပတေးနေ့၊ မွန်းလွဲ (၄)နာရီ (၄၅)မိနစ်။

ဒဂုံမြို့သစ်တောင်ပိုင်း၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော် ပိုရေးရှင်းလီမိတက်၊ သစ်အခြေခံစက်မှုလုပ်ငန်းဝင်းထဲမှာ 'ထင်း အစား အခြားလောင်စာအသုံးပြုရေး လုပ်ငန်းကော်မတီက စီစဉ် ပြသတဲ့ 'ထင်းအစား အခြားလောင်စာပြပွဲ'။

ဒီပြပွဲကို ဦးစီးကော်မတီ နာယက၊ နအဖအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနဲ့အတူ ဦးစီးကော်မတီဝင်တွေ၊ လုပ်ငန်းကော်မတီဝင်တွေ၊ တိုင်းစစ်ဌာနချုပ်အသီးသီးက အရာရှိတွေ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်ကြီးတွေ တက်ရောက် အားပေးခဲ့ကြပါတယ်။

ပြပွဲမှာ ရန်ကုန်တိုင်းဒေသအတွင်းရှိ မြို့နယ်အသီးသီးက သစ်စက်လုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေကနေ လောင်စာတောင့်ထုတ်စက်၊ မီးသွေးမှုန့်၊ လွှစာ၊ စပါးခွံ၊ ကျောက်မီးသွေး၊ ရေနံချေး၊ ကောက်ရိုး၊ ဂျုံရိုး၊ ပဲစဉ်းငုံရိုးတို့နဲ့ လုပ်ထားတဲ့ လောင်စာတောင့်တွေ၊ လောင်စာတောင့် အသုံးပြုမီးဖို၊ နေရောင်ခြည်စွမ်းအင်သုံးလောင်စာတောင့်ထုတ်စက်တို့ကို ပြသထားကြတယ်။

ဒီပြပွဲမှာ သောရီက ကျွန်းလွှစာနဲ့ လုပ်ထားတဲ့လောင်စာတောင့်ရယ်၊ ကျွန်းလွှစာနဲ့ ရေနံချေးစပ်ထားတဲ့ လောင်စာတောင့်ရယ်၊ မီးသွေးမှုန့်လောင်စာတောင့်ရယ် ပေါင်း သုံးမျိုးပြထားတယ်။ ကျွန်းလွှစာကို အသိခြင်ဆေးခွေစက်ရုံက အမှုန့်ကြိတ်ပြီးသားကို ဝယ်ပြီး အတောင့်လုပ်ထားတာဆိုတော့ သုံးကောင်းတာ၊ မကောင်းတာ အပထား၊ ကျစ်ကျစ်လျစ်လျစ်၊ ဝင်းဝင်းဝါဝါလေးမို့ ကြည့်လို့ လှမှလှ။ မီးသွေးလောင်စာတောင့်ဆိုလည်း နက်မှောင်ပြောင်တင်းနေသပေါ့။ ဒါတွေက ရောင်းဖို့မဟုတ်။ ပြပွဲအတွက် ရှယ်လုပ်ထားရတာခင်ဗျာ။

သို့သော် . . . သောရီတို့လို မီးသွေးမှုန့်နဲ့ လောင်စာတောင့် လုပ်လာသူတွေကို ပြပွဲတာဝန်ရှိသူတွေက ကြိုတင်သတိပေးချက်

ထုတ်ပြန်ထားတယ်။ မီးသွေးမှုန့်နဲ့ လုပ်တာကို လူကြီးတွေ မသိပါစေ နဲ့တဲ့။ သို့တည်းမဟုတ် သိသာသိစေ၊ မပြောလေနဲ့တဲ့ ခင်ဗျာရေ။

ပြခန်းအနေနဲ့ စားပွဲခုံတွေနဲ့ အသီးသီး ခင်းကျင်းပြသကြရာ မှာ သောရီ စားပွဲက ထိပ်ဆုံးပဲ။ ဖွင့်ပွဲအခမ်းအနားကျင်းပတဲ့နေရာ နဲ့က အနီးဆုံး။ ဖွင့်ပွဲပြီးတာနဲ့ သောရီစားပွဲဆီ ဦးဆုံးရောက်လာကြ မှာဆိုတော့ တာဝန်ရှိသူအားလုံး သောရီစားပွဲနားမှာ ဝိုင်းဝိုင်းလည် စောင့်ကြိုနေကြသပေါ့။

ဟော့. . . ဖွင့်ပွဲအခမ်းအနား ပြီးသွားပြီ။ လူကြီးတွေ လာကုန် ကြပြီ။ ခင်းကျင်းပြသထားတာတွေ လိုက်ကြည့်ကြတော့မယ်။ သောရီ တို့လည်း အသင့်အနေအထားနဲ့ ရပ်နေကြရတယ်။

ဟော. . . အုပ်စုလိုက်ကြီး သောရီစားပွဲရှေ့ အရင်ဆုံး ရောက်လာကြကုန်ပြီ။ အတွင်းရေးမှူး (၂)က စားပွဲပေါ်မှာ ပြသထား တဲ့ လောင်စာတောင့်လေးတွေကို စိတ်ဝင်တစားကြည့်ရင်း. . .

"ဒါ ကိုယ်တိုင်လုပ်တာလား"

"ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး။ ကိုယ်တိုင်လုပ်တာပါ"

သူက ဝင်းဝင်းဝါဝါ ကျွန်းလောင်စာတောင့်လေးကို ကောက် ကိုင်လှည့်ပတ်ကြည့်ပြီး. . .

"ဒါ. . . ဘာနဲ့ လုပ်ထားတာလဲ"

"လွှစာမှုန့်နဲ့ လုပ်ထားတာပါ ဗိုလ်ချုပ်ကြီး"

ကျွန်းဆိုတာ ထည့်မပြောမိအောင် အတော်သတိထားရ တယ်။ ကျွန်းဆိုတာ နိုင်ငံတော်ပိုင်လေ။ သောရီတို့လို သာမန်ပြည်သူ

တစ်ယောက်အဖို့ ကျွန်းခွဲသား မပြောနဲ့၊ လွှစာမှုန့် လက်ဝယ်တွေ့ရင် တောင် ပုဒ်မ ၆/၁ သက်သေခံပစ္စည်းဖြစ်သွားနိုင်တယ်။ တော်ပါ သေးရဲ့ သူကလည်း နောက်ထပ် ဝါညစ်ညစ်အတောင့်လေး တစ် တောင့် ကောက်ကိုင်ပြန်တယ်။

"ဒါကရော ဘာနဲ့ လုပ်တာလဲ"

"ဟုတ်ကဲ့။ ဒါက လွှစာမှုန့်နဲ့ ရေနံချေး စပ်ထားတာပါ ဗိုလ် ချုပ်ကြီး"

"ဩော်. . ဩော်. . ရေနံချေးပါတော့ မီးပိုပြင်းမှာပေါ့နော်။ ဒီ နက်ပြောင်ပြောင်လေးကရော. . ."

ဒုက္ခ. . . မီးသွေးတောင့်ကို မေးနေပြီ။ သောရီရင်ထဲ ဒိန်းခနဲ အလုံးကြီးဆောင့်တက်သွားတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီး နောက်မှာ ရပ်နေကြတဲ့ တာဝန်ရှိသူတွေမျက်နှာတွေကို သောရီ ဖျတ် ခနဲ ကြည့်လိုက်တယ်။ သူတို့မျက်လုံးတွေက သောရီနှုတ်ကထွက် လာမယ့် အဖြေကို မျှော်လင့်တကြီးနဲ့ နားစွင့်နေကြတယ်။ မင်း ဘယ် လိုဖြေမလဲ သောရီ။

"ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး။ ဒါ စက်ဖွဲပြာနဲ့ လုပ်တာပါ"

သောရီစကား ကြားလိုက်တာနဲ့ ဗိုလ်ချုပ်ကြီးရဲ့ မျက်လုံးအစုံ ဟာ ဝင်းလက်တောက်ပသွားတယ်။ ချက်ချင်းဆိုသလိုပဲ. . .

"ဟေ့. . . လာကြစမ်း။ လာ. . . လာ၊ ရောဝတီတိုင်းတ ကောင်တွေ လာကြစမ်း"

သူ့နောက်က ပါလာတဲ့ တပ်မတော်အရာရှိတွေကို လှမ်းခေါ်

လိုက်တယ်။ အနားရောက်လာတာနဲ့. . .

"ဒီမှာ စက်ဖွဲပြာနဲ့ လုပ်လို့ ရတယ်လို့ ပြောတယ်။ မင်းတို့ ရောဝတီတိုင်းမှာ စက်ဖွဲပြာ ပေါတယ်။ ဟိုရောက်ရင် စက်ဖွဲပြာနဲ့ လောင်စာတောင့် လုပ်ကြ။ စပ်ပုံစပ်နည်းဖော်မြူလာကို ဒီဆရာကို မေး။ ဟုတ်ပြီလား"

ဗုဒ္ဓေါ. . . သောရီ ခေါင်းနားပန်းကြီးသွားတယ်။ ဗိုလ်ချုပ်ကြီး ခမျာ သောရီစကားကို ယုံမှတ်လို့ သူ့လူတွေကို ပုံအပ်နေပြီကော။

မင်းဘယ်လိုပြောလိုက်တာလဲ သောရီ။ မင်း ရှူးနေသလား။ စက်ဖွဲပြာဆိုတာ မီးလောင်ကျွမ်းပြီး ပြာအဆင့်နီးနီးပဲလေ။ မီးဆိုက်လို့ ဘယ်ရပ့်ါတော့မလဲ။ ဟိုပုဂ္ဂိုလ်တွေ သူ့မြို့ သူ့ရွာရောက်လို့ အလုပ် မဖြစ်ကြရင် မင်းကို ကလော်တုတ်ကြတော့မှာ။ မင်း လူလိမ်. .၊ မင်း လူညာ. .၊ မင်း ကလိမ်ချုံ. .၊ မင်း ဖိုးတွမ်တီး၊ မင်း လူမိုက်. . မင်း လူယုတ်မာ. .။ မင်း. .၊ မင်း. .။

မြတ်စွာဘုရား. . . ကယ်တော်မူကြပါ။ သောရီတစ်ယောက် တာဝန်ရှိသူတွေမျက်နှာကို အားကိုးတကြီးနဲ့ လိုက်ကြည့်မိတယ်။ သူတို့မျက်နှာတွေက ပြုံးလို့၊ ရွှင်လို့။ သောရီအဖြေကို ကျေနပ်နှစ် သက်သွားကြတဲ့ မျက်နှာပေးတွေ။

အမယ်လေး. . . ကလိမ်စေ့ငြမ်းဆင်ပြောမိတဲ့ သောရီမှာ တော့ဖြင့် မှသာဝါဒကံကြီးထိုက်လို့ ရင်ထဲ ပူလောင်နေရပါပကော။

✵ ✵ ✵

ဒီအဖြစ်လေးက (၁၆)နှစ်တိုင်ခဲ့ပါပြီ။ ဒီကာလအတော

အတွင်း ဗိုလ်ချုပ်ကြီးလည်း ကွယ်လွန်သွားရှာပြီ။ ထင်းအစားထိုး လည်း ရေစုန်မျောခဲ့ပြီ။ မြန်မာပြည် သစ်တောတွေလည်း ပြုန်းတီး ကုန်ပါပြီ။ ရေသယံဇာတ၊ မြေသယံဇာတတွေလည်း ပျက်စီးနေပါပြီ။ အရာရာပြောင်းလဲသွားပေမယ့် နိုင်ငံတော်ကလိမ်ချုံ သောရီတစ် ယောက်မှာတော့ဖြင့် ကိုယ့်လိပ်ပြာ ကိုယ်မလုံ ခြောက်လှန့်ခံနေ ရဆဲ . . ။

တမလွန်ဘဝရောက်နေပြီဖြစ်တဲ့ ဗိုလ်ချုပ်ကြီးကို သောရီ မေတ္တာပို့ အမျှဝေရင်း. . .

"ဗိုလ်ချုပ်ကြီးခင်ဗျာ၊ ဗိုလ်ချုပ်ကြီးကို သောရီ ကိုယ်တိုင်လိမ် ခဲ့၊ ညာခဲ့မိပါတယ်။ ဗိုလ်ချုပ်ကြီးလိုပုဂ္ဂိုလ်မျိုး သောရီ မလိမ်ဝံ့ပါ။ သို့သော် ကာလံဒေသံအရ အများမိုးခါးရေ သောက်လိုက်ရတာမို့ ခွင့်လွှတ်ပါ ဗိုလ်ချုပ်ကြီးခင်ဗျား"

■


P.T.T.

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'

သဗ္ဗဒါနံ၊ အလုံးစုံသော အလှူတို့တွင်။ ဓမ္မဒါနံ၊ တရားတည်းဟူသော အလှူသည်။ ဇိနာတိ၊ အမြင့်ဆုံး၊ အမြတ်ဆုံးတည်း။

စကြဝဠာတစ်တိုက်လုံး ဖြဟ္မာပြည်ထိ အပြည့်အကျပ်ရှိနေသည့် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့ကို တစ်ပါးလျှင် သင်္ကန်းတစ်စုံကျစီ လှူဒါန်းခြင်းသည် လေးပါဒရှိသော ဂါထာတစ်ပုဒ်ကို သင်ကြားပြသ ဖြန့်ဖြူးလှူဒါန်းရသည့် ကုသိုလ်၏ (၂၅၆)စိတ်စိတ်လျှင် တစ်စိတ်ကိုမျှ မမီနိုင်။

ဓမ္မဒါနပြုသူများသည် အမြတ်ဆုံးဒါနရှင်များဖြစ်၍ အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်မည်၏။

မြန်မာနိုင်ငံမှာ ထေရဝါဒစစ်စစ်နိုင်ငံဖြစ်တဲ့အတွက် ဓမ္မဒါနတရားပွဲတွေ နိုင်ငံနဲ့အဝှမ်း ကျင်းပနေကြတာ ဝမ်းမြောက်စရာပါ။

သောရီတို့လမ်းမှာလည်း လူငယ်တွေ ကြီးမှူးပြီး မနှစ်ကစလို့

မမွေ့ဒါနတရားပွဲအလှူ ကျင်းပခဲ့ကြပါတယ်။ ရပ်ကွက်လုံးဆိုင်ရာ နှစ်ကိုယ်ရှုစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲ အကြိုတရားပွဲပါ။ လူငယ်လေးတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဘာသာရေး၊ သာသနာရေးအလုပ်တွေ တက်တက်ကြွကြွ လှုပ်ရှားနေတာမြင်ရတာ အားရစရာ၊ ဝမ်းသာကြည်နူးစရာပါလား။ အရွယ်လေးတွေလည်း ကြည့်ဦး၊ အကြီးဆုံးမှ လေးဆယ်ကျော်တစ်ဦးသာ ပါပြီး ကျန်တာတွေက နှစ်ဆယ်ကျော်၊ သုံးဆယ်ကျော်လေးတွေချည်းပဲ။

အရင်ကဆို ဒီလိုဘုရားပွဲ တရားပွဲမှာ သက်ကြီးဝါကြီးတွေကသာ ဦးစီးဦးဆောင်ခဲ့ကြတယ်။ အခုတော့ဖြင့် လူငယ်တွေ ဦးဆောင်နေကြပါပြီကော။ တရားပွဲကျင်းပရာနေရာက ကိုယ့်အိမ်ရှေ့ဆိုတော့ သောရီလည်း ဘယ်နေသာပါလိမ့်မလဲ။ အကျိုးဆောင်အဖွဲ့ထဲ မပါပေမယ်လို့ အကြံပေး၊ ဉာဏ်ပေး၊ လုပ်အားတွေ ပေးခဲ့ရသေးတယ်။

လူငယ်အုပ်ကလည်း သူတို့ထဲ သောရီတစ်ယောက် ပါဝင်လာတော့ ဝမ်းသာအားရ ကြိုဆိုကြတယ်။ ရနေရာပေးကြတယ်။ ဒီလိုနဲ့ အားတက်သရော ဝိုင်းဝန်းလိုက်တာ ပထမအကြိမ်တရားပွဲကြီးလည်း သုံးညတိုင်တိုင် အောင်မြင်စွာပြီးဆုံးသွားပါတယ်။ သူတို့စွမ်းပကားနဲ့ တရားအလှူပွဲကြီးတစ်ခု အောင်မြင်သွားတာကို လူငယ်အားလုံးက ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြတယ်။

ဒုတိယအကြိမ်မြောက် ရောက်လာပြန်ပြီ။ ဒီနှစ်မှာ သောရီကို ဦးစီးဦးဆောင်ပေးဖို့ လူငယ်တွေ ဝိုင်းဝန်းတိုက်တွန်းကြတယ်။ ဒီတော့ ကိုယ့်မှာ မနေသာ။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရတော့တာပေါ့။ တရား

ပွဲ ခွင့်ပြုမိန့်ကိစ္စလိုက်ရ၊ တရားအလှူရှင်ရဖို့ လိုက်စည်းရုံးရ၊ ဘဏ္ဍာငွေရရှိရေး ရင်းနှီးတဲ့လုပ်ငန်းရှင်တွေဆီ လိုက်ချဉ်းကပ်ရ၊ ငါးညတိုင်တိုင် ကျင်းပရမှာမို့ လိုနေသေးတဲ့ ဓမ္မကထိကဆရာတွေဆီ သွားလျှောက်ရ၊ ဒီ့ပြင် မဏ္ဍပ်၊ ပလ္လင်၊ မီးစက်၊ မီးချောင်း စတဲ့ကိစ္စတွေနဲ့ဆို တစ်လလောက်ကတည်းက ကြိုလှုပ်ရှားကြရတယ်။

ဒီနေရာမှာ တရားပွဲနဲ့ ပတ်သက်လို့ ထူးခြားတဲ့ ဓမ္မဒါနပြုသူတွေနဲ့ ဆုံတွေ့ကြရတယ်။ ဒေါ်ပုံက ဓမ္မဒါယီတရားအလှူတော်အသင်းဆိုရင် သူတို့အသင်းပိုင် တရားဟောစင်မြင့်မဏ္ဍပ်ကို ဘယ်တရားပွဲမဆို ကိုယ်တိုင်ကိုယ်ကျ အခမဲ့လိုက်ဆင်ပေးတယ်။ ပုသိမ်ညွှန့်ကိုစိုးသန်း ဓမ္မပီယမိသားစုကလည်း သူ့ကိုယ်ပိုင်မီးစက်တွေနဲ့လိုက်ပြီး လျှပ်စစ်ဒါနပြုကြပြန်တယ်။ မီးကြိုး၊ မီးချောင်းဒါနရှင်တွေကသူ့ပစ္စည်းနဲ့ သူ၊ ပန်းအလှူဒါနရှင်တွေက သူ့ပန်း၊ သူ့အိုးနဲ့ လိုက်ဆင်ပေးကြသတဲ့။ သာဓုဗျာ. . . သာ. . ဓု၊ သာ. . . ဓု။

အရင်ကဆို တရားပွဲတစ်ပွဲ ကျင်းပဖို့ မဏ္ဍပ်ငှားဦး၊ မီးစက်ငှားဦး၊ လိုအပ်တဲ့ပစ္စည်းအားလုံး ငှားရ၊ ဝယ်ရနဲ့ စရိတ်စကအရမ်းကြီးဆိုပဲ။ အခုလို စေတနာရှင်တွေ ပေါ်နေတော့ တရားပွဲအတွက် ပို အဆင်ပြေတာပေါ့။ ကောင်းလေစွတကား။

တရားပွဲအတွက် အစစအဆင်ပြေလေတော့ အားလုံး အားတက်သရေဖြစ်လာကြတယ်။ တရားပွဲအဖိတ်ညမှာ ဓမ္မဒါယီတရားအလှူတော်အသင်းက တရားစင်မြင့်မဏ္ဍပ်ကို ညတွင်းချင်းသယ်လာပြီး အပြီးဆောက်လိုက်ကြတာ မနက်မိုးလင်း အိပ်ရာထလာတဲ့လူ

အပေါင်းတို့က ထည်ဝါခန့်ညားလှတဲ့ တရားဟောစင်မြင့်မဏ္ဍပ်ကြီး မြေပြင်ပေါ် ငွားငွားစွင့်စွင့်နဲ့ တွေ့ကြရတော့ အံ့ဩဘနန်းတောင် ဖြစ်ကုန်ကြတယ်။

တစ်နေကုန် တစ်ယောက်တစ်လက် ဝိုင်းလိုက်ကြတာ ညနေ ရောက်တော့ အားလုံးအဆင်သင့်ဖြစ်နေပြီ။ မိုးချုပ်တော့ လျှပ်စစ် မီးရောင်အောက်မှာ စင်မြင့်မဏ္ဍပ်ကြီးက ကတ္တီပါရောင်တဖိတ်ဖိတ် နဲ့ ခန့်ညားလှပါပေ့။ စင်ပေါ်မှာ ရောင်စုံပန်းအလှရှုခင်းက လှပကြိုင် လှိုင်နေပါ။ ကြီးကြီးငယ်ငယ်လူငယ်၊ လုံမငယ်တွေလည်း လုပ်အားဒါန ပြုဖို့ စုရုံးရောက်လာကြပြီ။ အသံချဲ့စက်က နိဗ္ဗာန်ဆော်ယောဂီက လည်း နိဗ္ဗာန်အကျိုးမျှော်လို့ နှိုးဆော်သမှု ပြုနေတယ်။

တရားပွဲအကျိုးဆောင်တွေရဲ့ မျက်နှာတွေမှာ ကုသိုလ်စိတ် အပြုံးပီတိနဲ့ ဝေဖြာနေကြတယ်။ ယခုလို အမြတ်ဆုံးသောဒါနအလှူ ပွဲကြီးမှာ ကောင်းမှုကုသိုလ်ပြုကြရလို့ ဖြစ်ပေါ်လာတဲ့ ပီတိ သောမန သသ မဟာကုသိုလ်စိတ်လေးကို ဘယ်အရာနဲ့မှ မလဲနိုင်ပါလား ကွယ်တို့။

ည ခုနစ်နာရီကျော်မှ ပရိသတ် တဖွဲဖွဲရောက်လာပြီး ရှစ်နာ ရီထိုးပြီးမှ စုံစုံညီညီရောက်လာကြတယ်။ ရောက်လာတဲ့ ပရိသတ်တွေ က အလှူငွေတွေ သဒ္ဓါတရားအပြည့်အဝနဲ့ လှူဒါန်းနေကြသလို အဒေါ်အလှူရှင်တွေ အဒေါ်ဘူးတွေ ပြန်လှန်လှူဒါန်းကြနဲ့ ခြော်. . တို့လူမျိုးတွေဟာ ဘာသာရေး၊ သာသနာရေးနဲ့ပတ်သက် ရင် စေတနာသဒ္ဓါတရား တယ်လည်း ထက်သန်ကြသကိုး။

ရှစ်နာရီကျော်တော့ ဆရာတော် ကြွလာပါပြီ။ ကြိုသူတွေက ကြိုဆိုပြီး ကောဇောနီမင်းလမ်းအတိုင်း စင်ပေါ်ထိ ပင့်ဆောင်လာကြတယ်။ ဒီအချိန်မှာ ဓာတ်စက်က တရားစည်ဗျောသံဖွင့်လိုက်တော့ ကြက်သီးများတောင် ထမိပါရဲ့။ ဆရာတော် ပလ္လင်ပေါ်နေရာယူပြီးတဲ့အခါ သောရီက အနားမှာ အသင့်ထားပေးထားတဲ့ ရေနွေး၊ ရေအေးကို ဆက်ကပ်၊ တစ်ခါ တရားပွဲဖိတ်စာ ဆက်ကပ်ပြီးလေမှ တရားဟောပလ္လင်နောက်နားမကျတကျမှာ ပဆစ်တုပ်ထိုင်နေလိုက်ပါတယ်။

ဒီလိုထိုင်ရတဲ့အကြောင်းကလည်း လူငယ်တွေက သူတို့မှာ ဆရာတော်တွေနဲ့ စကားမပြောတတ်၊ ဝတ်ကြီးဝတ်ငယ်မပြုတတ်ကြပါဘူးတဲ့။ အခု တရားပွဲမှာ ဘွဲ့တံဆိပ်တော်ရထေကြီးဝါကြီးဆရာတော်ဘုရားကြီးတွေလည်း ကြွရောက်ဟောကြားမှာမို့ လိုအပ်ရင် အနားမှာ ကူညီဖေးမဆောင်ရွက်ဖို့ ပြောကြလို့ပါ။ နောက်ပြီး အချို့ဆရာတော်ကြီးတွေက သူတို့တရားဟောတဲ့အခါ တရားထောက်တာကို မကြိုက်ကြဘူး။ အထောက်မမှန်ရင် ဆိုလိုရင်းအဓိပ္ပာယ်လွဲမှားနိုင်လို့။ ဒါကြောင့် ကိုယ့်ရှေ့မှာ မိုက်ခွက်လည်း မထားဘူး။ တရားလည်း ဝင်မထောက်ဘူး။ မေးမြန်းရင်သာ ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရားလောက်ပါပဲ။

ဆရာတော်က ခန္ဓာဉာဏ်ရောက်တရားကို တည်တည်ငြိမ်ငြိမ်နဲ့ ဟောသွားပါတယ်။

နောက်နေ့ ဒုတိယညတရားပွဲ ထုံးစံအတိုင်း ညရှစ်နာရီကျော်

တော့ ပရိသတ်က စုံသလောက်ဖြစ်နေပြီ။ ဒါပေမဲ့ တရားဟောဆရာ တော်က ဒီည တရားပွဲနှစ်ပွဲတိုက်နေလို့ ပထမပွဲပြီးမှ ကြွလာနိုင်မှာ။ ဒါကြောင့် ပရိသတ်ကို အကျိုးအကြောင်းပြောပြပြီး စောင့်ဆိုင်းကြ ဖို့ မေတ္တာရပ်ခံထားရတယ်။ ပရိသတ်ကလည်း စိတ်ရှည်လက်ရှည် စောင့်ကြပါတယ်။

(၁၀း၀၀)နာရီလောက်မှ သွားပင့်တဲ့အဖွဲ့နဲ့အတူ ဆရာတော် ကြွလာပါပြီ။ ခရီးဦးကြိုပြုကြ၊ ပလ္လင်ပေါ် အရောက်ပင့်ဆောင်ကြနဲ့ ပလ္လင်ပေါ် နေရာထိုင်ခင်းကျတော့မှ ဆရာတော်ကို ရေပူရေချမ်း ကပ်၊ ဖိတ်စာကပ်ပြီး ထုံးစံအတိုင်း သောရီလည်း ပလ္လင်နောက် မကျ တကျမှာ နေရာယူပါတယ်။

ဆရာတော်ကလည်း သူ့ကို စိတ်ရှည်ရှည်စောင့်နေကြတဲ့ တရားနာပရိသတ် မအိပ်ငိုက်၊ မပျင်းရိအောင် အရွှန်းလေးညှပ်ပြီး ဟောနေပါတယ်။ ဆရာတော်ရဲ့ ကျွမ်းကျင်လှတဲ့ အဟောအပြော တွေမှာ တရားနာပရိသတ်တွေအားလုံး တံသောသောစီးဝင်နစ်မျော လို့ နေလေတော့တယ်။

ဆရာတော်က သူ့တရားမှာ ပါတဲ့လင်္ကာလေးကို မှတ်မိ အောင် ပြန်ပြန်ဆိုခိုင်းတယ်။ ပရိသတ်ကလည်း သံပြိုင်ဆိုကြပါ တယ်။ သောရီကတော့ ရတာလေးလိုက်ဆို၊ မရရင် အသာငြိမ်နေ လိုက်ပေါ့။

ဟော့. . . ကြည့်စမ်း။ စင်ပေါ်လာတက်ထိုင်ပြီး တရားမဆို အချောင်ခိုနေတဲ့ သူကောင်းသား မိပြီပေါ့လား။ ဆိုစမ်း. . တစ်

ယောက်တည်း ဆရာတော် ဆိုခိုင်းနေပြီ။

ဟယ်. . . ဒုက္ခော။ ကိုယ်လည်း မဆိုတတ်၊ မှတ်ဉာဏ်က တယ်နည်းသကိုး။ အများနဲ့ဆို ရောချလို့ရသေး။ တစ်ယောက်တည်း ဆိုတော့ အမြီးအမောက်က မတည့်ချင်။ ခွေးအကြီး လည်မျိုနင်း ထားသလို 'အိ' 'အ'ဖြစ်နေပြီ။

ကိုယ်လိုကောင်မျိုးက တရားပဲနာနာ စာအုပ်ပဲဖတ်ဖတ် တရားရမှာ မဟုတ်။ ဘာလို့လဲဆိုတော့ တရားမနာ၊ ကုန်ကြမ်းရှာနေ . တဲ့ စာရှုးပေရှုး။ ဒါမျိုး ခေမာသောင်ကမ်း တက်လှမ်းနိုင်ဖို့ ဝေးစွ၊ သံသရာဝဲဩဃထဲမှာပဲ တဝဲလည်လည်နဲ့ နစ်နေမယ့် ကောင်။ ဒါနဲ့ များ ကလေးတွေ မြှောက်ပေးတိုင်း မတန်မရာ ရာရာစစ တရားစင် မြင့်ပေါ် တက်ထိုင်မှတော့ ကိုင်း. . . မေးပြီပေါ့။

"တကာကြီး. . . ဒီစင်ပေါ် ဘယ်သူမြှောက်ပေးလို့ တက်လာ ရတာလဲ"

ကိုယ့်အပြစ်နဲ့ကိုယ်မို့ အရှက်ပြေ. . .

"ကိုယ့်ဘာသာကိုယ် မြှောက်တာပါဘုရား"

"သြော်. . . သြော်. . ကိုယ့်ဘာသာကိုယ် မြှောက်နေတာကို"

ပရိသတ်အားလုံး ဝိုင်းကြည့်ပြီး ပွဲကျကုန်တယ်။ အဟဲ. . မခို လို့ သွားဖြဲ ရယ်နေသလားဆိုသလို ကိုယ့်အဖြစ်က ရယ်ချင်ပက်ကျိ ဖြစ်နေတာကိုး။ တရားဟော ကျွမ်းလှတဲ့ ဆရာတော်ကလည်း ဒါကို အမိအရကိုင်ပြီး အတ္ထုပ္ပတ္တိက သုတ္တန်ကျွေပနည်းဟန် ကျရာစွဲ အဟောနဲ့ ပရိသတ်ကို ဆွဲခေါ်သွားလိုက်တာ တရားပွဲမှာ တသော

သောနဲ့ အသောမသတ်ဖြစ်နေရလို့ ပိုလို့တောင် ဖြိုင်ဆိုင်လာပါ တော့တယ်။

"တကာကြီးမှာ မိန်းမရှိလား"

ရော်. . . အရေးကောင်းတုန်း ကြော်ငြာက ကြားဖြတ်ဝင်ပြီ။ ပရိသတ်အားလုံး စိတ်ဝင်တစားစူးစူးစိုက်စိုက်ငြိမ်ပြီး နားထောင် ကြတယ်။

ဟဲ. . ဟဲ. . ဒီနေရာမှာ ကိုယ့်အတွက် အခွင့်ကောင်းတစ်ရပ် ပဲ။ ဒါမျိုးက ကြုံကြိုက်ခဲလေခြင်း။ သောရီခမျာ အခွင့်အရေးရသခိုက် လူသိထင်ရှား အတိအလင်းထုတ်ဖော်ကြေညာလိုက်ရတယ်။

"မရှိပါဘုရား"

ဟုတ်တယ်လေ။ တကယ်မှ မရှိတာ။

"ဩော်. . . ဆုံးသွားတာလား"

ဟိုက်. . . မဆုံးတာက ကြော်ငြာ။ ခက်နေတာက အဖြေ။ ဒီအခြေအနေကို အတွင်းသိအစင်းသိ ပရိသတ်တချို့ မအောင့်နိုင်၊ မအည်းနိုင်ကြလို့ တခွိခွိနဲ့ ကျိတ်ပြီး ရယ်နေကြပြီ။

တကယ်တော့ သောရီတို့အိမ်ထောင်ရေးလမ်းခွဲတာ ကြာလှ ပေါ့။ သူလည်း သူ့လမ်းသူလျှောက်သွားပြီပဲ။ ဒါတွေ ပြည်ဖုံးကားချ ပြီးနေပါပြီ။ ဒါကို တရားပွဲမှာ ဆရာတော်က ပြည်ဖုံးပြန်လှပ်နေပြန် တော့ သောရီမှာ မနေသာ။

"မရှိတော့တာပါဘုရား"

"ဩော်. . ဩော်. . နာမည်က ဘယ်လိုခေါ်လဲ"

ကျားသားမိုးကြိုး။ ခေါင်းဆင်နင်းပြီးဗျို့။ သောရီအိမ်ထောင်ရေး ဒီလောက်စိတ်ဝင်စားနေပုံထောက်ရင် ဒါကို အမှီပြုပြီး နိဗ္ဗာန်လမ်းကို လမ်းညွှန်ပြသတော့မယ် တူပါရဲ့။ ဒါပေသည့် မဆုံးနိုင်တဲ့ ယရာဝါသ-ကမ္ဘဋ္ဌာန၊ ပုဏ္ဏာ-ဝိသဃ္ဃန အင်တာဗျူးသဘင်မှာ သောရီတစ်ယောက်တော့ဖြင့် ဇောချွေးပြန်နေပြီ။ တရားနာပရိသတ်အပေါင်းတို့ရဲ့ မျက်လုံးအစုံတွေက ပြုံးစိစိတွေနဲ့ သောရီအပေါ် စုပြုံနေကြပြီ။

ဒီပရိသတ်တွေထဲမှာ သူတင်မက သူ့လင်၊ သူ့သား၊ သူ့မိဘမောင်ဖွား ညာတကာတွေ ရှိနေလေရဲ့။ ဒါကို မင်းဘယ်လိုဖြေမလဲ သောရီ။

ဟယ်. . . မထူးပါဘူး။ သန်းကောင်ထက် ညဉ့်မနက်တော့ပါဘူး။

"မသိတော့ပါ ဘုရား"

ဇွတ်ဘူးကွယ်လိုက်ကာမှ မိုက်ထဲမှ အာမေဍိတ်သံက. . .

"ဩော်. . . နာမည်တောင် မသိတော့ပါလား"

တိတ်ဆိတ်နေတဲ့ ညအခါကာလမှာ ဝါးခနဲရယ်သံကြီးကတစ်ပြိုင်တည်းမြည်ဟည်းသွားပါတော့တယ်။ ထပ်ပြီး သောရီကို အန္တတ္တနာမသမုတ်ပေးလိုက်ပြန်တယ်။

"တကာကြီးနာမည် ဦးမေ့"

မမ္မသဘင်ပွဲကြီးတစ်ခုလုံး ပတ်တုပ်လို့ မနိုင်လောက်အောင် ဥပဟာသိတ၊ အပဟာသိတရယ်ခြင်းမျိုးတွေနဲ့ ခွက်ထိုးခွက်လန် သော

သောည့်သွားပါလေရော။ ဩော်. . . ကိုယ့်နာမည်ကိုက ပညတ်သွားရာ မှတ်သက်ပါလေရော့လားဟယ်။

အနေမတော် ငဖေသော်တို့များ ထင်ပေါ် ချင်တော့ ပလ္လင်ပေါ်က မြောက်စား အထူးဂုဏ်မောက်မကြွားပါဘူး။ အရှုံးဘုံမြောက်သွားသလိုပ့်။ အများတကာ တရားနာပရိသတ်အပေါင်းကို လာလာသမျှ ထာဝရဘဝင်အေးစေဖို့ အမယ်မင်း ဟာဒယရွှင်ဆေးတိုက်ကျွေးနေပါသကော။

ဒီလိုနဲ့ တရားသဘင်မှာ ညဉ့်နက်တဲ့အထိ ဟာသ-ဓမ္မ၊ ဘုံသုံးဘုံ ဥပမေယျတွေနဲ့ ပျော်ပျော်ပါးပါး နာကြားကြရင်း မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ပြီးဆုံးသွားပါတော့တယ်။ သောရီလည်း အိပ်ရာထဲလဲလျောင်းရင်း ဆရာတော်ရဲ့နိဗ္ဗာန်ရောက်ကြောင်းတရားကို အနုလုံပဋိလုံ အဖန်တလဲလဲဆင်ခြင်လိုက်တာ မဋ္ဌိမယံ၊ ပစ္ဆိပယံ ကျော်လွန်ပြီး မိုးစင်စင်လားပါကော။

မိုးလင်းတော့ အရပ်ထဲမှာ အသံဗလံတွေ ထွက်နေသပ့်။

"ညက တရားပွဲမှာ ဆရာတော် ချွတ်လိုက်တာ သောရီတစ်ယောက် ကျွတ်နေတာပဲ"တဲ့။

အလိုဗျာ. . . ဘယ်လို၊ ဘယ်လို၊ ကျွတ်နေတာပဲတဲ့လား။ နို့နေပါဦး၊ ဒီစကားက ဘယ်နှယ့်ပါလိမ့်။ မဟုတ်သေးပါဘူး။

ဒီချွတ်ခြင်း၊ ကျွတ်ခြင်းနဲ့ ပတ်သက်လို့ သောရီသိတဲ့အသိကမြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်တော်မူပြီး (၄၅)ဝါကာလပတ်လုံးလူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို မဟာကရုဏာထား နိဗ္ဗာန်ရောက်

ကြောင်းတရား ဟောကြားပြီး အပါယ်လေးဘုံကနေ ကယ်တင်ချွေ 'ချွတ်'တော်မူလေတယ်မဟုတ်လား။

ကျွတ်ထိုက်တဲ့ သုခိတ ဒုက္ခိတ ဝေနေယျသတ္တဝါအပေါင်းတို့သည်လည်း သံသရာဝဋ်ဆင်းရဲအပေါင်းက လွတ်မြောက်ပြီး သစ္စာလေးပါးတရားသိမြင် 'ကျွတ်'တန်းဝင်ကြပါကုန်ရောလား။

အခု အရပ်ထဲမှာ ပြောနေကြတာ ဘယ်လိုအဓိပ္ပာယ်လဲကွယ်ရို့။ အဓိပ္ပာယ်လွဲနေပါရော့လား. . .။

သို့ပေသည့် ဘယ်လိုအဓိပ္ပာယ်ပဲ သက်ရောက်သက်ရောက် ငမိုက်သား ငသောရီတစ်ယောက်ကတော့ဖြင့် မကျွတ်တာတော့ အမှန်။

နောက်နေ့ည တရားပွဲစင်ပေါ်မှာ မျက်နှာအပြောင်သားကြီးနဲ့ဗျာ။ ပဏ္ဍိတဘွဲ့ရ ဆရာတော်ဘုရားကြီးတွေရဲ့ စင်စစ် အမြိုက်တရားတော်ကို ဣန္ဒြေကြီးတစ်ခွဲသားနဲ့ နာနေလိုက်တာများ အမြင်မတော် ဆင်တော်နဲ့ ခလောက်များ ဖြစ်လေရော့လား မသိပါဘူးနော်။

■



# သစ္စာကုထုံး

ခြေခင်းလက်ခင်းသာတဲ့တစ်နေ့မှာ မဏ္ဍာဗျသူကြွယ်လင်မယား တို့ဟာ သူတို့ရဲ့တစ်ဦးတည်းသောသားလေးနဲ့အတူ တောခြေမှာ သီတင်းသုံးနေတဲ့ ကဏှဒီပါယနရသေ့ကျောင်းသခ်မ်းဆီ သွားကြပါ တယ်။ ဒီရသေ့ကြီးဟာ မဏ္ဍာဗျတို့မိဘတွေလက်ထက်ကတည်းက ကိုးကွယ်ခဲ့တဲ့ ဆရာရသေ့ပါ။ မိဘတွေမရှိတော့ပေမယ့် သူတို့ လင်မယားတွေကပဲ ဆရာတကာခံယူပြီး ဆက်ကိုးကွယ်ခဲ့ကြတယ်။

ကျောင်းသခ်မ်းရောက်တော့ ရသေ့ကြီးကို ပါလာတဲ့ ဆေး၊ ကွမ်း၊ အစားအစာ၊ အဖျော်ယမကာတွေ ဆက်ကပ်ပြီး စကားစမြည် ပြောနေကြတယ်။ ဒီအချိန်မှာ သားဖြစ်သူ ယညဒတ္တသူငယ်လေး ဟာ ကျောင်းသခ်မ်း အရာမ်စကြံအစွန်းမှာ ဂျင်ပေါက်ကစားလို့ နေလေတယ်။

ဒီလိုကစားရင်းက တစ်ခါတော့ ပေါက်လိုက်တဲ့ဂျင်ဟာ လိမ့်ပြီး မလှမ်းမကမ်း ချုံစပ်အနီးက တောင်ပို့လေးထဲ ဝင်သွားတယ်။

ဒါနဲ့ပဲ ဒတ္တလေးဟာ တောင်ပို့ထဲ လက်နှိုက်ပြီး ဂျင်ကိုယူတဲ့အခါ တောင်ပို့ထဲကမြွေက ပေါက်ပါလေရော။ ဒတ္တလေးခမျာ သူ့လက်ကို မီးစနဲ့ ထိုးလိုက်သလို ပူခနဲဖြစ်သွားလို့ ကြောက်အားလန့်အားနဲ့ 'အမေ'လို့သာ အော်နိုင်ပြီး နေရာတင်ပဲ ဗုန်းခနဲ ပစ်လဲကျသွားတော့တယ်။

သားဖြစ်သူအော်သံ ကြားလိုက်တော့ မဏ္ဍဗျတို့လင်မယားနှစ်ယောက်လည်း 'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'လို့ အော်ရင်းမေးရင်း ကျောင်းပေါ်က ဒရောသောပါးပြေးချလာကြတယ်။ အနားရောက်တော့ သားကိုပြေးပွေ့လိုက်တဲ့အခါ သားဖြစ်သူခမျာ မြွေဆိပ်တက်နေလို့ သေငယ်ဇောမျောနေရှာပြီ။

သားဖြစ်သူကို တကြော်ကြော်နဲ့ အော်နှိုးလို့လည်းမရ၊ လှုပ်နှိုးလို့လည်းမရ၊ လင်မယားနှစ်ယောက် အရူးမီးဝိုင်းနေကြပြီ။ မဏ္ဍဗျဟာ ပွေ့ချီထားတဲ့သားကို ရသေ့ကြီးရဲ့ခြေရင်းမှာ အသာချလို့. . .

"ကယ်ပါဦးဘုရား၊ သားအသက်ကို ကယ်တော်မူပါဘုရား"

လင်မယားနှစ်ယောက် ငိုကြီးချက်မ တစာစာတောင်းပန်လျှောက်ထားနေကြတယ်။

ရော်. . . ခက်ပြီ၊ ရသေ့ကြီး ဘာလုပ်ရမလဲ။ သူလည်း ဆေးမကုတတ်၊ နားလည်း မလည်၊ ဂါထာမန္တာန်လည်း သူမသိ၊ ခက်တော့ ခက်နေပြီ။ သို့သော်လည်း ဆရာရင်း ဒကာရင်းတွေမို့ အားကိုးတကြီး ပြောလာပြန်တော့ ရှောင်လို့လည်းမဖြစ်။

ဟယ်. . . တတ်နိုင်ပေဘူး၊ 'သတန် သစ္စ ‧ မှန်တာပြော

သစ္စာ'တဲ့။ သစ္စာပြုလို့ ကုကြည့်သေးသပေါ့။ ဒီတော့ ရသေ့ကြီးက. . .

"ငါလည်း ဆေးမကုတတ်၊ မြွေဆိပ်နိုင်တဲ့နည်းလည်း ငါမသိ။ ဒါပေသည့် သစ္စာဆိုလို့ ငါကုပေးကြည့်မယ်"

လို့မိန့်ပြီး ဒတ္တသူငယ်ရဲ့ခေါင်းရင်းမှာ တင်ပျဉ်ခွေထိုင်၊ သူငယ်ရဲ့ဦးခေါင်းပေါ် လက်တင်ထားပြီး. . .

"ကျွန်ုပ်သည် လူ့ဘောင်ပယ်ခွာပြီး ရသေ့ဝတ်ခဲ့ရာ ပြုခါစ ခုနစ်ရက်သာ ပျော်မွေ့ခဲ့ပါသည်။ ထို့နောက်ပိုင်းမှစ၍ ယခုအနှစ်ငါးဆယ်ထိတိုင် တစ်ရက်တလေမှ မပျော်မွေ့တော့ပါ။ လူရှိသေရှင်ရိုသေဖြစ်အောင်လို့သာ အောင့်အည်း၍ နေလေရပါသည်။ ဤမှန်သောသစ္စာစကားကြောင့် တက်နေသောအဆိပ်များ ပြေပျောက်၍ ယညဒတ္တသူငယ်လေးသည် အသက်ရှင်ပါစေသတည်း"

ဟင်. . . ရှင်ရသေ့နှယ်၊ သူ့သစ္စာက ဘယ်လိုကြီးပါလိမ့်။ အံ့ဩလွန်းလို့ မဏ္ဍဗျတို့လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ ယညဒတ္တ သူငယ်ရဲ့ ကိုယ်အထက်ပိုင်းက မြွေဆိပ်တွေဟာ လျော့ကျသွားပြီး မျက်လုံးလေးပွင့်လာတယ်။

ဟယ်. . . ရသေ့ကြီးသစ္စာက စွမ်းသဟ။ ဟော. . ကလေးနှုတ်ခမ်းလေး လှုပ်လာပြီ။ ဘာပြောနေလဲ၊ နားထောင်စမ်း. . . နားထောင်စမ်း။ ဒတ္တလေးဟာ မိဘနှစ်ပါးကိုကြည့်ပြီး 'အမေ၊ အဖေ' ရယ်လို့ တစ်ခွန်းသာခေါ်နိုင်ပြီး ချက်ချင်းပဲ ပြန်မှောသွားပြန်တယ်။

မဏ္ဍာဗျတို့လင်မယားလည်း ဖြုန်းခနဲဆိုတော့ ဝမ်းသာသွားကြ ပေမယ့် ခဏချင်းပဲ စိုးရိမ်ထိတ်လန့်သွားကြရပြန်တယ်။ သားကို လှုပ်နှိုးကြည့်တယ်၊ မရ။ ဒါနဲ့ ရသေ့ကြီးမျက်နှာကို အားကိုးတကြီးနဲ့ ပြိုင်တူကြည့်လိုက်ကြတယ်။ ရသေ့ကြီး ဘာဆက်လုပ်ပေးနိုင်ဦးမလဲ ပေါ့။ ဒီတော့ ရသေ့ကြီးက. . .

"ငါ့ရဲ့သစ္စာစကားနဲ့ ငါကုပေးပြီးပြီ။ မင်းတို့လည်း မင်းတို့သစ္စာ အစွမ်းနဲ့ မင်းတို့သားကို ဆက်ပြီးကုကြပါ"

လို့ ဖခင်ဖြစ်သူ မဏ္ဍာဗျကို စေခိုင်းလိုက်တော့ မဏ္ဍာဗျလည်း မဆိုင်းမတွ. . .

"ကျွန်ုပ်သည် ဤရသေ့ကို မိဘလက်ထက်ကတည်းက ကိုးကွယ်လာခဲ့၍သာ ကိုးကွယ်နေရခြင်းပါ။ လုံးဝမကြည်ညိုပါ"

ဟယ်. . . ဘယ့်နှယ့်ပါလိမ့်၊ ပေါ်တင်ကြီးပါလား။ ရသေ့ကြီး မျက်နှာ မဲခနဲဖြစ်သွားတယ်။ ထပ်နားထောင်ဦး။

"မလှူချင်သော်လည်း ဟန်မပျက်ရုံသာ လှူဒါန်းနေရခြင်းဖြစ်ပါ တယ်။ ဤသစ္စာစကားကြောင့် သားငယ်မှ အဆိပ်များလျော့ကျ၍ အသက်ရှင်ပါစေသတည်း"

သစ္စာဆိုလည်းပြီးရော သူငယ်ရဲ့ခါးအထက်က မြွေဆိပ်တွေ လျော့ကျပြီး ထထိုင်ပါလေရော။ ဒီတော့မှ မိဘနှစ်ပါးလည်း 'ဟာ' 'ဟင်' အာမေဍိတ်အသံတွေနဲ့ ဝမ်းသာလွန်းလို့ ထခုန်မတတ် ဖြစ်နေ ကြတယ်။

"သား. . . ဘယ်လိုနေသေးလဲဟင်"

တတွတ်တွတ်မေးရင်း သူတို့သားကို ပွေ့ထူပေးကြတယ်။ အို. . . ဒါပေမဲ့ သူတို့သားလေးခမျာ မတ်မတ်မရပ်နိုင်သေးပါလား။ မြေ့ဆိပ်က ခြေထောက်တစ်ပိုင်းလုံး ကျန်နေသေးတာကိုး။ ကဲ. . . ဒါဆို မအေဖြစ်သူအလှည့်။ မဏ္ဍာဗျက သူ့ဇနီးကို သစ္စာဆိုဖို့ တိုက်တွန်းပြန်တယ်။ ဒါပေမဲ့ မအေဖြစ်သူက သစ္စာဆိုဖို့ တွန့်ဆုတ်နေတယ်။ မဝံ့ရဲဘူး။ ဒါကို မဏ္ဍာဗျက စိတ်မရှည်၊ ထပ်ပြီးစေခိုင်းပြန်တယ်။ ဒီတော့မှ မဏ္ဍာဗျကတော်က. . .

"ကျွန်မမှာ သစ္စာပြုဖို့အချက် ရှိပါတယ်။ ဒါပေမဲ့ ရှေ့တော့မှာ သစ္စာမဆိုဝံ့ပါ"

တယ်. . . ဒီမိန်းမ၊ လျှာကရှည်ပြန်ပြီကော။ ဒါလောက် သေရေးရှင်ရေး အရေးကြီးနေရတဲ့ အထဲပေါ့လေ။ မဏ္ဍာဗျ စိတ်မရှည်နိုင်တော့။

"ရှင်မရယ်. . . ဘယ်လိုပဲဖြစ်ဖြစ် ဆိုမယ့်သာဆိုစမ်းပါ။ ကျုပ်ခွင့်ပြုတယ်"

ခွင့်ပြုလိုက်တော့မှ မဏ္ဍာဗျကတော်လည်း မထူးတော့ပါဘူးဆိုသည့်နှယ်. . . သက်ပြင်းကိုချ၊ မျက်လွှာကိုအသာမှိတ်လို့. . .

"ကျွန်မသည်-ကျွန်မသားကို ကိုက်လိုက်သည့် မြွေကို မုန်းသလို သားအဖေကိုလည်း အလွန်မုန်းပါသည်"

ဟိုက်. . . မဏ္ဍာဗျ ကိုယ့်ရှူးကိုယ်ပြန်ပတ်နေပြန်ပြီကော။ မှားပါတယ် မယ်မင်းကြီးမရယ်၊ အဲ. . . ဒါနဲ့ မပြီးသေးဘူး။

"သူ့ကို မိဘများပေးစားလို့သာ ယူရခြင်းဖြစ်ပါသည်။ တစ်ရံ

တဆစ်မျှ မချစ်နှစ်သက်ရိုး အမှန်ပါ။ ဤမှန်သော သစ္စာစကား ကြောင့် သားလေးထံမှ မြွေဆိပ်များ ကင်းစင်လွင့်ပျောက်၍ အသက် ရှင်ပါစေသား"

ဒီမှာပဲ ယညဒတ္တသူငယ်လေးဟာ မတ်မတ်ရပ်နိုင်တဲ့အပြင် လမ်းပါကောင်းကောင်းလျှောက်သွားနိုင်ပါတော့တယ်။ မိဘနှစ်ပါးရဲ့ ရင်ထဲမှာ မဖော်ပြနိုင်လောက်အောင် ဝမ်းသာလွန်းလို့ သူတို့သားကို ဝမ်းသာအားရ ပွေ့ဖက်ထားကြတယ်။ မအေဆိုရင် ဝမ်းသာလုံးဆို့ ပြီး မျက်လုံးက မျက်ရည်တွေတွေ စီးကျလို့နေပါတယ်။

မဏ္ဍဗျလည်း ဝမ်းသာပျော်ရွှင်ပေမယ့် သူ့ရင်ထဲမှာ ဆို့နင့်လို့ နေပါတယ်။ မယားနဲ့သားကို တွေတွေကြီးကြည့်ရင်း သူ့ရင်ထဲမှာ အမျိုးအမည်မသိတဲ့ ဝေဒနာတစ်မျိုး ခံစားနေရှာတယ်။ ဒါနဲ့ပဲ သူ့ အကြည့်ကိုလွှဲဖယ်ပြီး ဘေးပတ်ဝန်းကျင်ကြည့်မိမှ. . .

ဟင်. . . ရှင်ရသေ့ရယ်၊ ဘယ်ကြွသွားပါလိမ့်။ ဘယ်အချိန် ကတည်းက ကြွသွားမှန်းမသိလိုက်ဘူး။ သူ့စိတ်ထဲ ထိတ်ခနဲဖြစ်သွား တယ်။ ရသေ့ကြီးပေါ် ထားခဲ့တဲ့ သူ့စိတ်ရင်းကို ရသေ့ကြီးရှေ့မှာပဲ ထုတ်ဖော်ပြောမိပါရောလား။ အားနာစရာ ကောင်းလိုက်တာ။ မျက်နှာပူစရာကြီး။ သူ ယူကျုံးမရဖြစ်သွားပြီ။ သွားတောင်းပန်ဦးမှ။

မဏ္ဍဗျတစ်ယောက် အနားကခွာလို့ လေးကန်တဲ့ခြေလှမ်းနဲ့ ကျောင်းသခ်မ်းဆီ တရွေ့ရွေ့လျှောက်သွားပါတယ်။ ကျောင်းရှေ့ ရောက်တော့ ကဏှဒီပါယန ရသေ့ကြီးဟာ ဆံကျစ်ဝန်း(ထောက်ချာ) ကို ဆောင်းရက်အပြင် ရသေ့အသုံးအဆောင်တွေဖြစ်တဲ့ လျှော်တေ

သက်န်း၊ သစ်နက်ရေခင်း၊ ပြာစစ်ဘူး၊ ယပ်၊ မီးခတ်၊ သယောသူလီ ခေါ် သစ်သားသုံးခွထောက် ပရိက္ခရာအစုံအလင်ချိတ်စွပ်ထားတဲ့ ထမ်းပိုးဆိုင်းကိုထမ်းလို့ ယာဘက်လက်က တောင်ဝှေးကိုကိုင်ပြီး ထွက်အလာနဲ့ ပက်ပင်းတိုးပါလေရော။

"ဟင်. . . ရှင်ရသေ့၊ ဘယ်ကြွမလို့လဲဘုရား"

အံ့အားတသင့်နဲ့ မေးလိုက်တယ်။ ရသေ့ကြီးမှာ မျက်နှာက မကောင်းရှာဘူး။ မျက်နှာကို အသာလွှဲလို့ အသံတုန်တုန်နဲ့ မိန့်ပါတယ်။

"ဒကာတို့ကလေးလည်း ကောင်းသွားပါပြီ။ ကျုပ်အကြောင်းတွေလည်း ပေါ်ကုန်ပြီ။ ဒါကြောင့် တခြားကိုကြွတော့မယ် ဒကာ"

"အို. . . မကြွပါနဲ့လား ဘုရား။ တပည့်တော်ကို ခွင့်လွှတ်ပါ။ အခုချိန်ကစပြီး အရှင်ရသေ့ကို ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ ကိုးကွယ်ပါတော့မယ်"

လို့ မဏ္ဍာဗျက အတင်းတားမြစ်တောင်းပန်နေတုန်း နောက်မှာ ရောက်နေတဲ့ မဏ္ဍာဗျဇနီးကလည်း. . .

"ဘယ်မှ မကြွပါနဲ့ဘုရား။ ဒီကျောင်းမှာပဲ သီတင်းသုံးပါ။ တပည့်တော်မတို့ ဆက်လက်ကိုးကွယ်ဆည်းကပ်ပါရစေဘုရား"

ဝိုင်းလျှောက်ကြတော့မှပဲ ရသေ့ကြီးခမျာ စိတ်သက်သာရာ ရပေတော့တယ်။ ပြီးမှ မဏ္ဍာဗျဇနီးလည်း လင်တော်မောင်ဖက် လှည့်ပြီး. . .

"တော်လည်း ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်လည်း အခုကစပြီး

တော့ကို ဖြတ်ဖြတ်နိုးနိုး ပေါင်းပုံမယ်တော်"

လို့ မယားဖြစ်သူက ပြောလည်းပြောရော မောင်မင်းကြီးသား မဏ္ဍာဗျလည်း ရင်ထဲက အလုံးကြီးလည်းကျ၊ ဟင်းချလို့ ပြုံးပြုံးကြီး ပီတိတွေဖြာသွားပါတော့တယ်။

သစ္စာစကား အလုံးစုံပြောကြတဲ့ 'သစ္စာယုဂခေတ်'အခါ ကာလ ဒီဆရာဒကာသုံးဦး သစ္စာဆိုရာမှာ အကြောင်းရင်းခံတွေ မကောင်းကြပေမယ်လို့ မိမိတို့မကောင်းခဲ့တာကို မှန်မှန်ကန်ကန် ဝန်ခံပြောကြားခြင်းဟာ ဣစ္ဆာပူရသစ္စာ (မိမိအလိုရှိအပ်သောအရာ ကို ပြည့်စုံစေရန် အမှန်ပြောကြားအပ်သော ဝစီသစ္စာ) မည်ပါတယ်။

ကဲ. . . ဒီတော့ ခု'ကလိယုဂခေတ်' မုသာဝါဒသမယကြီးမှာ ဒီလိုသစ္စာကုထုံးနဲ့ ကုကြည့်ကြစမ်းပါလားဗျာတို့။ ကုလို့သာရစတမ်း ဆိုရင် ပျောက်လိုက်ကြမယ့်အမျိုး။

**(ဒသကနိပါတ်တော်လာ ကဏှဒီပါယနဇာတ်မှ ထုတ်နုတ်ခြင်းဖြစ်သည်။)**

■

# မင်းဆင်းရဲ

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလ၌ သဗ္ဗညု မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည့်ရှင်ဘုရင် ပသေနဒီကောသလမင်းကြီးအား မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ရန်နှင့် အဂတိအလိုက်မမှားရန် ဆုံးမတော်မူရာတွင် 'အပ္ပမာဒေါ အမတံ ပဒံ'အစရှိသည့် ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော 'ဘဏ္ဍုတိန္ဒုကဇာတ်' ကို ဟောကြားတော်မူခဲ့ပါသည်။

❋ ❋ ❋

လွန်လေပြီးသောအခါက ကပ္ပိလတိုင်း၊ ဥတ္တရ ပဉ္စာလပြည်မှာ ပဉ္စာလမင်း စိုးစံခဲ့တယ်။ ဒီမင်းဟာ မင်းကျင့်တရားနဲ့မညီ၊ စဉ်းလဲစဉ်းစား စီရင်အုပ်ချုပ်လေတယ်။ မင်းကိုယ်တော်တိုင် မင်းကျင့်တရားနှင့် မညီလေတော့ မှူးကြီးမတ်ရာ သေနာပတိကအစ ရဲမက်ဗိုလ်ပါ


P·T·T

အားလုံး အကျင့်သီတွေ ပျက်ယွင်း၊ အဂတိတွေလိုက်ပြီး တိုင်းပြည်မှာ ထင်ရာစိုင်းခဲ့ကြတယ်။

အာဏာကို အလွဲသုံးပြီး အခွန်အတုပ်တွေ၊ တံစိုးလက်ဆောင်တွေ၊ လာဘ်ငွေတွေကို ပြည်သူတွေဆီက အဓမ္မတောင်းခံ၊ မရရင် အပြစ်ရှာ ဖမ်းဆီးနှိပ်စက်ခဲ့ကြတယ်။ အခုလို တရားသဖြင့် စီရင်မှု ကင်းမဲ့ပြီး ဥပဒေစိုးမိုးမှုပါ လျော့ရဲလာကြတဲ့အတွက် မြို့ရွာအသီးသီးမှာ လူဆိုး၊ လူမိုက်၊ သူခိုး၊ ဓားပြ၊ သူပုန်တွေကပါ ထကြွသောင်းကျန်းလာပြန်တယ်။ ဒီအတွက် ပြည်သူတွေမှာ ဆင်းရဲကြပ်တည်းလာတဲ့ အပြင် တထိတ်ထိတ် တလန့်လန့်နဲ့ အကြောက်တရားတွေ လွှမ်းခြုံနေကြရလို့ ကျီးလန့်စာစားဘဝနဲ့ နေလေကြရတယ်။

ဒီလိုနဲ့ တစ်ညလယ်မှာ ပဉ္စာလမင်း နန်းတော်ဗိုလ်ဆောင်တော်အတွင်း တစ်ပါးတည်း စံနေခိုက်မှာ နတ်သားတစ်ပါး ကိုယ်ထင်ပြလာတယ်။ မင်းကြီးလည်း အရမ်းကို တုန်လှုပ်အံ့ဩသွားပြီး ဘယ်သူဘယ်ဝါဆိုတာ မေးတော့ နတ်သားက မိမိဟာ တည်ပင်စောင့်နတ်ဖြစ်ကြောင်း၊ လာရတဲ့အကြောင်းက မင်းကြီးကို သတိပေးဖို့အတွက် လာရကြောင်း ပြောပြီး မင်းကြီးကို ဆုံးမစကားပြောလေတော့တယ်။

"မင်းကြီး. . အပွမာဒေါ အမတံ ပဒံ၊ ကိုယ်ကျင့်သီလကို မမေ့မလျော့ခြင်းဆိုတာ သေခြင်းကင်းတဲ့ အမြိုက်နိဗ္ဗာန်ရဲ့အကြောင်းရင်း ဖြစ်ပေတယ်။ ထို့နည်းတူ ကိုယ်ကျင့်သီလ မေ့လျော့ခြင်းဆိုတာလည်း အဖန်ဖန်တလဲလဲ သေခြင်းရဲ့အကြောင်းရင်းလည်း ဖြစ်ပေတယ် မင်းကြီး"

"ဒါကြောင့် ကိုယ်ကျင့်သီလရှိသူကို မသေသူလို့ မှတ်ယူနိုင်သလို ကိုယ်ကျင့်သီလမရှိ မေ့လျော့နေသူကို 'သေသူ'ရယ်လို့ မှတ်ယူနိုင်ပေတယ် မင်းကြီး"

"မင်းကြီး၊ အာဏာမာန်ယစ်ခြင်းသည် ကိုယ်ကျင့်သီလကို မေ့လျော့စေတတ်တယ်။ မိမိတိုင်းပြည်နဲ့ လူမျိုးကို ပျက်စီးစေတယ်။ နိုင်ငံဘဏ္ဍာစီးပွားကို ယုတ်လျော့စေတယ်။ မင်းမှုထမ်းတို့နဲ့တကွ ပြည်သူအပေါင်းတို့သည်လည်း ကိုယ်ကျင့်တရားတွေ ပျက်ယွင်းစေနိုင်တယ် မင်းကြီး"

"ဒီအခါ တိုင်းပြည်ဟာ စည်ပင်တိုးတက်မှုမရှိတော့ဘဲ ချွတ်ခြုံကျပြီး ဆင်းရဲတွင်းနက်လာလိမ့်မယ်။ ဒီလိုဆင်းရဲတွင်းနက်အောင် အုပ်ချုပ်တဲ့ မင်းကို 'မင်းဆင်းရဲ'လို့ ဆိုအပ်ပေတယ် မင်းကြီး"

"အသင်မင်းကြီးလည်း အကျင့်သီလတွေ ကာလကြာရှည် မေ့လျော့လို့ နေလေတယ်။ အခုဆို သင်မင်းကြီးတိုင်းပြည်တွင်းမှာ ကိုယ်ကျင့်သီလတွေ ပျက်ပြားနေပြီး အဓမ္မမှုတွေ များပြားလို့ နေလေတယ် မင်းကြီး"

"ပြည့်ရှင်မင်းတို့မည်သည် မင်းကျင့်တရားနှင့် မညီ အုပ်ချုပ်ခဲ့သည်ရှိသော် ဤတိုင်းပြည်ရဲ့ အရှင်မဟုတ်ပါလေ။ ၎င်းမင်းတို့သည် ပစ္စုပ္ပန်ကာလမှာလည်း ပြည်သူအပေါင်းတို့ရဲ့ စက်ဆုပ်ရွံရှာမှုကို ခံရမှာဖြစ်သလို တမလွန်ဘဝတွေမှာလည်း အသချေ်ပေါင်းများစွာ ငရဲကြီးခံရပေဦးမယ် မင်းကြီး"

"အသင် မင်းကြီး၊ သင်မင်းကိုယ်တော်တိုင် တိုင်းပြည်တွင်း

မြို့၊ ရွာ၊ ကျေးလက်ဇနပုဒ်ပါမကျန် လှည့်လည်စနည်းနာထွက်ပေလော့။ ပြည်သူတို့ရဲ့အသံ၊ ပြည်သူတို့ဘဝ အဖြစ်မှန်တွေကို နားထောင်လော့။ မြင်ကြည့်လော့။ ပြီးလျှင် ပြည်သူတို့ရဲ့ ဆန္ဒသဘောထားမှန်အတိုင်း ကျင့်ကြံအုပ်ချုပ်ပါလော့ အသင်မင်းကြီး”

တည်ပင်စောင့်နတ်လည်း ဆုံးမစကားပြောအပြီးမှာ ကွယ်ပျောက်သွားပေတော့တယ်။

ပဉ္စာလမင်းဟာ တကယ်လိုလို၊ အိပ်မက်လိုလိုနဲ့ ကြုံလိုက်ရတဲ့အဖြစ်ကြောင့် အရမ်းကို တုန်လှုပ်ချောက်ချားသွားတယ်။ သူပြန်အိပ်လို့ မရတော့ဘူး။ ညချင်းတွင်းပဲ မင်းဆရာ ပုရောဟိတ်ပုဏ္ဏားကြီးကို ခေါ်တိုင်ပင်တယ်။

တည်ပင်စောင့်နတ်ပြောသလို တိုင်းပြည်အခြေအနေ လေ့လာရအောင် နန်းတော်မှာ ယုံကြည်စိတ်ချရသူတွေနဲ့ အစောင့်ထားခဲ့ပြီး မနက်မိုးမလင်းခင် နန်းတော်အရှေ့တံခါးကနေ သူဆင်းရဲသားအသွင်နဲ့ နှစ်ယောက်သား ရုပ်ဖျက်ထွက်လာခဲ့ကြတယ်။

✻ ✻ ✻

မနက်မိုးလင်းတော့ နန်းတော်နဲ့ တစ်ယူဇနာဝေးတဲ့အရပ်က ရွာလေးတစ်ရွာကို ရောက်သွားကြတယ်။ ရွာထဲက အိမ်တစ်အိမ်ရဲ့ တံခါးပေါက်အဝမှာ အဘိုးအိုတစ်ယောက် ဆောင့်ကြောင့်ထိုင်ပြီး သူ့ခြေဖဝါးမှာ ဆူးဝင်နေတဲ့ ဆူးကို နှုတ်နေတာ တွေ့ကြတယ်။ နှုတ်နေရင်းကနေ ဆူးဝေဒနာခံနေရတဲ့ အဘိုးအိုဆီက ရေရွတ်ပြောဆိုနေ

သံကြားလို့ နှစ်ယောက်သား အသာနားစွင့်လိုက်ကြတယ်။

"တောက်. . . ငါလည်းမှပဲ။ ဒီဆူးစူးတဲ့ဒုက္ခက ဒီပဥ္စလမင်း မသေသေးသရွေ့တော့ ခံရဦးမှာပေါ့ကွာ။ ငါ ဆူးဝေဒနာ ခံစားနေရ သလို ဒီမင်းလည်း စစ်မြေပြင်မှာ မြားစူးပြီး ငါ့လိုဝေဒနာ ခံစားရပါ စေဗျား. ."

အဘိုးကြီးကျိန်ဆဲသံကြားလိုက်တော့ ပုဏ္ဏားကြီးတစ်ယောက် ဒေါသအမျက်ခြောင်းခြောင်း ထွက်ထွက်နဲ့. . .

"ဟေ့. . အဘိုးကြီး၊ ခင်ဗျားကြီးအသက်လည်း ကြီးနေပြီ။ မျက်စိလည်း ကန်းနေပြီ။ ခင်ဗျားလို အကန်းကြီးမို့ ဆူးစူးခံရတာကို အရှင်ဘုရင်မင်းမြတ်နဲ့ ဘာဆိုင်လို့တုံး။ ခင်ဗျားကြီး ရာဇဝတ်သင့် သွားချင်လို့လား။ ပြောစမ်း. . ."

"ဟဲ့. . ပုဏ္ဏား ဆိုင်သပေါ့ကွ။ ဒီမင်းဟာ တို့ရွာလေးတောင် မစောင့်ရှောက်နိုင်ဘူး။ မစောင့်ရှောက်တဲ့အပြင် ဘုရင့်ရဲမက်တွေက တစ်နေ့တစ်နေ့ လာလာပြီး အခွန်ကြေးဆိုပြီး တွေ့ကရာတွေ အဓမ္မ ဆွဲယူလိုယူ၊ ပိုက်ဆံမပေး ပေးအောင် အတင်းငွေညှစ်လိုညှစ်နဲ့ဆို တော့ ကြာလာတဲ့အခါ တို့ရွာသားအားလုံး ကိုယ့်အိမ်ကိုယ်တောင် မနေရဲကြတော့ဘူး"

"မနက်ဆို အိမ်တံခါးတွေ ပိတ်၊ လူမဝင်နိုင်အောင် ဆူးချုံတွေ ကာရံပြီး တောထဲသွားရှောင်နေကြရတယ်။ ညမိုးကြီးချုပ်တော့မှ အိမ် ပြန်လာကြရတယ်။ ကျုပ် ညက ပြန်လာတော့ မှောင်မှောင်မည်းမည်း နဲ့ဆိုတော့ ဆူးနင်းမိလို့ စူးဝင်ပြီး တစ်ညလုံး ခြေထောက်ကိုက်လို့

အော်နေရတယ်။ ကိုင်း. . . ဒါ ဘယ်သူမကောင်းလို့ ဖြစ်တာလဲ။ ပုဏ္ဏားကြီး ပြော. . ."

ပဥ္စာလမင်းဟာ စိတ်အနာတကြည်းဖြစ်နေတဲ့ အဘိုးကြီးစကားကို ကြားလိုက်တော့ ပုဏ္ဏားကြီးကို အသာဆွဲခေါ် ထုတ်ခဲ့ပြီး. .

"ပရောဟိတ်ကြီး၊ ဘာမှပြောမနေနဲ့တော့၊ သူ့ပြောစကားအရဆိုရင် ညက တည်ပင်စောင့်နတ်ပြောတာ မှန်နေပြီ။ လာ. . . ပြန်ကြစို့"

ပြောပြီး လှည့်ပြန်ဖို့ လုပ်တယ်။ ပရောဟိတ်ကြီးက မပြန်ချင်သေးဘူး။ နောက်ရွာတွေပါ လိုက်ကြည့်ဖို့ တိုက်တွန်းနေတာနဲ့ နှစ်ယောက်သား တစ်ရွာကို ကူးကြပြန်တယ်။

နောက်တစ်ရွာနားရောက်တော့ ရွာထိပ်တောစပ်တစ်ခုမှာ ချုံပေါ် ဟင်းရွက်တက်ခူးရင်း မြေပေါ် တုံးလုံးပက်လက်လိမ့်ကျနေတဲ့ သူဆင်းရဲမိန်းမအိုကြီးတစ်ယောက်ကို တွေ့ကြတယ်။ မိန်းမအိုကြီးဟာ နာကျင်လွန်းလို့ ရုတ်တရက် ပြန်မထနိုင်ဖြစ်နေတယ်။ တုံးလုံးပက်လက်ကနေ နှုတ်ကလည်း တတွတ်တွတ်နဲ့ ရေရွတ်နေသံကြားလို့ အသာနားစွင့်မိကြပြန်တယ်။

"အမယ်လေးနော်. . . ဒီခေတ်ဆိုးခေတ်ပျက်ကြီးမှာ သမီးမိန်းကလေးတွေ အိမ်ထဲက အိမ်အပြင်မထွက်ရဲကြရဘူး။ အိမ်ကနှစ်ကောင်လည်း အပြင်မထွက်နိုင်တော့ လင်မရ၊ လင်မရတော့ ဒီအမေအိုကြီးကပဲ ပြန်ရှာကျွေးနေရသတော့။ ညော်. . ဒုက္ခ. . ဒုက္ခ။ တို့တိုင်းပြည်အုပ်ချုပ်နေတဲ့ မင်း သေမှပဲ ငါ့ဝဋ်ဒုက္ခက ကျွတ်

နိုင်တော့မယ်"

သူဆင်းရဲအိုမကြီး ကျိန်းသံကြားလိုက်ရတဲ့အတွက် ပရော ဟိတ်ကြီးမှာ ဒေါသတကြီးနဲ့ အမယ်အိုကိုယ်လုံးကို ကိုင်လှုပ်ပြီး. .

"ဟယ်. . အယုတ်တမာမကြီး၊ ခင်ဗျားသမီးတွေ လင်မရတာ နဲ့များ ဘုရင်မင်းမြတ်ကိုမှ ကျိန်ဆဲရသလား။ တိုင်းပြည်အုပ်ချုပ်မင်း လုပ်နေတဲ့ ဘုရင်မင်းမြတ်က ခင်ဗျားကြီးသမီးနှစ်ကောင်ကို ဘယ်လို လင်ရှာပေးရမတုံး. . ပြော. . "

"ဟဲ့. . . ပုဏ္ဏား၊ ဖယ်စမ်း။ ငါမဟုတ်တမ်းတရမ်းတွေ ပြော နေတာ မဟုတ်ဘူးဟဲ့။ ဒီမင်းကြောင့် တို့လိုဆင်းရဲသားတွေ ဒုက္ခ ရောက်နေတာ နင်မသိဘူး မဟုတ်လား။ ဒီမင်းရဲမက်တွေက လာ ဒုက္ခပေးလိုက်၊ လူမိုက်၊ လူရမ်းကားတွေက ဒုက္ခပေးလိုက်နဲ့ ဆိုးသွမ်း နေကြတော့ အိမ်က သမီးနှစ်ကောင် အိမ်ပြင်မထွက်ဝံ့ကြဘူးပေါ့။ ငါ့အမေလို အိုကြီးအိုမကပဲ ရှာကျွေးနေရသတော့။ ကဲ. . . ကျုပ် ပြောတာ လွန်သလား။ နည်းတောင် နည်းသေး"

သူဆင်းရဲ မိန်းမအိုကြီးက ကက်ကက်လန်ပြောနေတော့ ဘုရင်က ပရောဟိတ်ကြီးကို အသာဆွဲခေါ်ထုတ်ပြီး နောက်တစ်ရွာ ကို ခရီးဆက်ကြပြန်တယ်။

နောက်တစ်ရွာရောက်ပြန်တော့ ထွန်လက်စ လယ်ကွက်ထဲမှာ တုံးလုံးလဲနေတဲ့ နွားတစ်ကောင်နဲ့ အနားမှာ လယ်သမားကြီးတစ် ယောက် သူ့နွားကိုကြည့်ရင်း တဖျစ်တောက်တောက် ပြောနေသံ ကြားကြပြန်တယ်။

"ဩော်. . . ငါ့မှာ ဒီသားကြီးသာလိယကိုပဲ အားကိုးနေရတာ။ ဒီကောင်ကြီး အခုလိုဖြစ်တော့ ငါဘယ်လို လယ်ဆက်ထွန်ရပါ့မလဲနော်။ ငါ့သားကြီး ဒီလိုဖြစ်အောင် ဒုက္ခပေးလှတဲ့ ပဥ္စာလမင်းလည်း စစ်မြေပြင်မှာ လုံ့ထိုးမိပြီး အခုလိုဖြစ်ပါစေဗျား"

ကျိန်ဆဲသံကြားလို့ ပရောဟိတ်ကြီးအနားကို တိုးကပ်သွားပြီး စူးစမ်းစေ့ငုကြည့်တယ်။ ဖြစ်ပုံက လယ်သမားကြီး လယ်ထွန်ရင်း ထွန်သွားနဲ့ နွားခြေထောက်ကို ခိုက်မိပြီး ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားတာကိုး။ ဒါကို လယ်သမားကြီးမှာ တဖျစ်တောက်တောက် ပြောမဆုံးလေတော့ ပရောဟိတ်ကြီးမှာ မနေသာပြန်။

"ဟော့လူ. . . မင်းနွား မင်းပေါ့ဆလို့ ဖြစ်တဲ့ကိစ္စ ဘာဆိုင်လို့ ဘုရင်မင်းမြတ်ကို ကျိန်ဆဲနေရတာလဲ"

"ဒီမှာ ပုဏ္ဏားကြီး၊ ကျုပ်နွား ကျုပ်ကြောင့် ထိမိတာတော့ မှန်တယ်။ ကျုပ်ပေါ့ဆမိတာကလည်း ဒီမင်းဆိုးမင်းညစ်ကြောင့် ဖြစ်ရတာဗျ။ ဒီမင်းလက်ထက်မှာ ခေတ်ကာလကြီး မကောင်းလေတော့ ကျုပ်တို့မှာ ကိုးလန့်စာစား လုပ်ကိုင်စားနေကြရတယ်"

"အခုပဲ ကြည့်လေ။ လူဆိုး၊ လူမိုက်၊ သူခိုး၊ ဓားပြတွေကြီးစိုးနေတဲ့ ခေတ်ဆိုးကြီးမှာ အခြေအနေကြည့် သွားလာနေရတော့ ကျုပ်မိန်းမမှာ ထမင်းပို့ချိန်တန်ပေမယ့် ရောက်မလာနိုင်သေးဘူး။ ကျုပ်လည်း အချိန်တန်တော့ ဗိုက်ဆာလို့ အူလိမ့်နေပြီ။ ဒီတော့ လယ်ထွန်ရာကနေ လာနိုးလာနိုးနဲ့ နောက်ကို မျှော်မျှော်ကြည့်နေမိတာနဲ့ ကျုပ်ကောင်ကြီးကို ထွန်သွားနဲ့ ခိုက်မိသွားတာပေါ့။ အခုဆို ကျုပ် လယ်

ဆက်ထွန်ဖို့ ခက်နေပြီ။ ဟီး. . . ဟီး. . . ဟီး"

သနားစရာ လယ်သမားကြီးအဖြစ်ကိုကြည့်ပြီး စိတ်မကောင်းကြီးစွာနဲ့ နှစ်ယောက်သား လှည့်ထွက်လာကြတယ်။

ပဥ္စာလမင်းနဲ့ ပရောဟိတ်ကြီးတို့နှစ်ယောက်သားလည်း ပြည်သူတွေ ကြုံတွေ့နေရတဲ့ အဖြစ်ဆိုးတွေကို ကိုယ်တိုင်မြင်တွေ့နေကြရတော့ အတော့်ကို ထိတ်လန့်တုန်လှုပ်သွားမိကြတယ်။ နှစ်ယောက်လုံးမှာ စိတ်မောလူမောနဲ့ ပင်ပန်းနွမ်းနယ်နေကြပြီမို့ လုံခြုံတဲ့တစ်နေရာမှာ အနားယူရင်း တစ်နေ့တာ နားလိုက်ကြတော့တယ်။

❋ ❋ ❋

မနက်မိုးလင်းတဲ့အခါ အိပ်ရာထ ကိုယ်လက်သန့်စင်ပြီး ခရီးဆက်ထွက်ခဲ့ကြပြန်တယ်။ တစ်နေရာအရောက်မှာ နွားနို့ညှစ်သူကို နွားမ ကန်လိုက်တာမှာ လူရော နွားနို့အိုးပါ တလိမ့်ခေါက်ကွေး လဲကျသွားတာနဲ့ ကြုံလိုက်တယ်။ နို့ညှစ်သမားဟာ ချက်ချင်းပြန်မထနိုင်သေးဘဲ တုံးလုံးပက်လက်ကနေ. . .

"တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ မင်းဆိုးမင်းညစ်ကြောင့်ငါမှာ ဒီအဖြစ်ဆိုးနဲ့ ကြုံရလေခြင်းနော်။ နွားမ အကန်ခံရလို့ လူရောအိုးပါ လိမ့်ကျခဲ့သလို ဒီမင်းလည်း သန်လျက်ထိပြီး လူးလိမ့်နေပါစေ"

ဒီအခါ ပရောဟိတ်ကြီးဟာ အကျိုးအကြောင်းသိချင်တာနဲ့.

"ဟေ့လူ. . နွားမကို နို့မညှစ်တတ် ညှစ်တတ်နဲ့ သွားညှစ်တော့ အကန်ခံရတောင် နည်းသေး၊ ကိုယ်အသုံးမကျလို့ ဖြစ်တာများ

ဘုရင်မင်းမြတ်ကို ဘာမဆိုင် ညာမဆိုင် ကျိန်ဆဲရတယ်လို့"

"ဟ. . . ဆိုင်သပေါ့ ပုဏ္ဏားကြီးရဲ့။ ဒီမင်းက လယ်ခွန်၊ ယာခွန်၊ သီးနှံခွန်ဆိုပြီး အမည်အမျိုးမျိုးနဲ့ အခွန်တွေ တိုးကောက်နေတော့ ကျုပ်တို့မှာ အခွန်မဆောင်နိုင်ကြတော့ဘူး။ မဆောင်နိုင်ပြန်ရင်လည်း တရားစွဲခံရပြီး ရှိတာလေး အသိမ်းခံရလိမ့်ဦးမယ်။ ဒီတော့ ကျုပ်မှာ နွားမ သားကျတုန်း နွားနို့လေးညှစ်ရောင်းပြီး အခွန်ကြေးဆောင်မဟဲ့လို့ နို့ညှစ်ပါတယ်။ တစ်ခါမှ နို့မညှစ်မခံရဖူးတဲ့နွားဆိုတော့ ကျုပ်ကို ကန်ထည့်လိုက်တာပေါ့"

ဘုရင်နဲ့ ပရောဟိတ်ကြီးတို့လည်း ရှေ့ဆက်နားထောင်လည်း သူတို့အပေါ် အပြစ်စကားဆိုဦးမှာမို့ ဘာမှ ဆက်မပေးဝံ့တော့ဘဲ နန်းတော်ပြန်ဖို့ လုပ်ကြတယ်။ အပြန်မှာ ဒီအဖြစ်ဆိုးတွေနဲ့ မတွေ့လိုတော့လို့ တခြားလမ်းကနေ လှည့်ပြန်လာကြတယ်။

လယ်ကွင်းတစ်ခုကနေ ဖြတ်အလာ လမ်းမှာ နွားမတစ်ကောင်ဟာ ရူးသွပ်နေသလို အမြီးတထောင်ထောင်နဲ့ ဟိုဘက် ဒီဘက် ခေါက်တုံ့ခေါက်ပြန် ပြေးလွှားနေပြီး နှုတ်ကလည်း တဘူးဘူး တဘဲဘဲနဲ့ မြည်တမ်းနေတာကို သနားစဖွယ်တွေ့ပြန်တယ်။

ဝိုင်းအုံကြည့်နေသူအားလုံး နွားမကြီးကိုကြည့်ပြီး စုတ်တသပ်သပ်နဲ့ ရှိနေကြတယ်။ လူအုပ်ထဲက အချို့ဆို. . .

"ဒီလောက် မညာမတာ ရက်စက်ယုတ်မာကြတဲ့ မင်းချင်းတွေရော ပဉ္စာလဘုရင်ပါ ဒီနွားသားအမိအဖြစ်ဆိုးမျိုး မိသားစုနဲ့ သေကွဲရှင်ကွဲ ကွဲကြပါစေ"

ကျိန်ဆဲသံတွေ ပရောဟိတ်ကြီးကြားတော့ အနားမှာရှိတဲ့ လူငယ်တစ်ယောက်ကို အကျိုးအကြောင်းမေးကြည့်တယ်။ လူငယ်လည်း မကျေမချမ်းနဲ့. . .

"ဘာဖြစ်ရမလဲဗျာ။ ဒီမနက်အစောကြီး ဘုရင့်ရဲမက်တွေ ရောက်လာကြတယ်။ ဘုရင့်သန်လျက်အိမ်လုပ်ဖို့ဆိုပြီး ဒီနွားမကြီးရဲ့ နို့စို့သားလေးကို သတ်ပြီး အရေခွံ ဆုတ်ယူသွားကြတယ်လေ။ ရက်စက်ယုတ်မာလိုက်ကြတာဗျာ။ တစ်ချိန်ချိန်မှာ သင်းတို့လည်း ခံရလည်ကြမှာ. . . ကြည့်နေ"

လူငယ်လေးအပြောကြောင့် ဘုရင်နဲ့ ပရောဟိတ်ကြီးတို့ ကြက်သီးမွေးညင်းထပြီး ဆက်မကြားဝံ့တော့လို့ ဒီနေရာကနေ ခပ်ကုပ်ကုပ်နဲ့ ပြန်ထွက်လာကြရတယ်။

နှစ်ယောက်သား စကားမဆိုကြတော့ဘဲ လူသူနဲ့ဝေးရာ ကွင်းပြင်တွေကနေ ခေါင်းငိုက်စိုက်နဲ့ လျှောက်လှမ်းလာခဲ့ကြတယ်။ တစ်နေရာရောက်တော့ နွေခေါင်ခေါင်ကြီးမှာ အချိန်အခါမဟုတ်ဘဲ ဖားအော်သံတွေ ကြားလိုက်ကြတယ်။

ကြည့်လိုက်တော့ ရေခန်းနေတဲ့ အိုင်လေးထဲက လာတာဖြစ်တယ်။ ရေကန်ထဲက ဖားတွေဟာ ကမ္ဘာပျက်သလို ပွက်လောရိုက်ဆူညံနေတာကြောင့် တိရစ္ဆာန်တို့ရဲ့ မာဂဓအသံကို နားလည်တဲ့ ပရောဟိတ်ကြီးက အသာရပ်ပြီး နားစွင့်ကြည့်နေတယ်။

နားစွင့်နေရင်းကနေ မျက်စိမျက်နှာတွေ တဖြည်းဖြည်းပျက်လာတာကို ဘုရင်ပဥ္စာလမင်းက အကဲခတ်မိတာနဲ့ အကျိုးအကြောင်း

မေးတယ်။ ပရောဟိတ်ကြီးကတော့ မပြောချင်လို့ ရှောင်ဖယ်ဖယ် လုပ်နေပေမယ့် ဘုရင်ဖြစ်သူက အတွင်သာ မေးနေတော့တာမို့ မဖြေ ချင့်ဖြေချင်နဲ့ ပြောလိုက်ရတော့တယ်။

"မှန်လှပါ။ သူတို့လည်း အရှင်မင်းကြီးကို အပြစ်မြင်နေကြ တာပါ ဘုရား"

"ဘာ. . ဘယ်လို. . ဘယ်လို၊ ဒီဖားတွေကို ကျုပ်က ဘာများ အပြစ်လုပ်မိလို့လဲ ပရောဟိတ်ကြီးရဲ့။ လင်းစမ်းပါဦး"

"မှန်ပါ။ ဖားတွေ ငိုကြွေးမြည်တမ်းနေကြတာက ဒီတိုင်းပြည် သာ ဆန်ရေစပါးပေါကြွယ်ဝမယ်ဆိုရင်တဲ့၊ စားမကုန်လို့ စွန့်ပစ်တဲ့ အမဲ၊ သား၊ ငါး၊ ထမင်းစိုင်ခဲတွေ အလျှံအပယ်စားကြရမှာမို့ မြို့၊ ရွာ၊ နိဂုံးက ကျီးတွေ တောထဲက ငါတို့ကိုလာပြီး ထိုးသုတ်စားကြမှာ မဟုတ်ဘူးတဲ့"

"အခုတော့ မင်းကအစ တစ်တိုင်းတစ်ပြည်လုံး ကိုယ်ကျင့် တရားတွေ ပျက်နေကြတော့ ရာသီဥတုတွေ ဖောက်ပြန်၊ အစာရေစာ တွေ ရှားပါးလာတယ်။ ကျီးတွေလည်း မြို့၊ ရွာတွေမှာ အစာရေစာ ငတ်မွတ်ခေါင်းပါးနေကြတော့ တောထဲရောက်လာကြလို့ ငါတို့မှာ အရှင်လတ်လတ် ထိုးသုတ်အစားခံနေရပြီတဲ့"

"ဟယ်. . . ဘုရား. . . ဘုရား။ အမယ်လေးနော်. . နောက် ဆုံးမတော့ ကျုပ်အပြစ်ပဲ ဖြစ်နေပါပေါ့လား ပရောဟိတ်ကြီးရဲ့။ လူ တွေလိုသာဆို ကျုပ်ကို ကျိန်ဆဲနေဦးမှာပဲ။ ကဲ. . ကဲ. . တော်ပြီ တော်ပြီ။ ကျုပ် ဘာဆိုဘာမှ မကြားချင်တော့ဘူး။ မမြင်ချင်တော့ဘူး"

"ဒီမယ် ပရောဟိတ်ကြီး။ ညီလာခံမှာတုန်းက အမတ်။ ဝန်မင်းတွေ လျှောက်တင်လိုက်ကြတာ အားလုံးကောင်းပါတယ်ဆို။ တိုင်းပြည်ကြီး အေးချမ်းသာယာ ဝပြောပါတယ်ဆို။ အခု ကျုပ်ကိုယ်တိုင် ကြုံတွေ့နေတာတွေနဲ့ တခြားစီပါပဲ. . ဟင်။ ဒီအမတ်မိုက်တွေ စကား ယုံမိလို့ တိုင်းပြည်ကြီး ငါးပါးမှောက်ပြီပေါ့။ အခုလည်း ကျုပ်မှာ ပြည်သူ့ကျိန်စာ သင့်လို့လားမသိဘူး။ ကျုပ်ရင်ထဲ ပူလောင်နေပြီဗျ။ ကျုပ် ဘာလုပ်ရမတုံး ဆရာပရောဟိတ်ကြီးရဲ့။ ပြောစမ်းပါဦး"

"မှန်ပါ အခုဆို အရှင်မင်းကြီးလည်း ပြည်သူတွေရဲ့ဘဝ၊ ပြည်သူ့သဘောဆန္ဒအမှန်ကို သိလောက်ပါပြီ။ ဒါကြောင့် နေပြည်တော်ကြီး ရောက်တဲ့အခါ ပြည်သူတို့ရဲ့သဘောဆန္ဒအတိုင်း လိုက်နာပြီး မင်းကျင့်တရားနဲ့အညီ ကျင့်ကြံပါလော့ အရှင်မင်းကြီး။ သို့မဟုတ်ရင်ဖြင့် အရှင်မင်းကြီးလည်း မင်းဆင်းရဲအဖြစ် သမိုင်းကမ္ပည်းတင် ကျန်ရစ်လိမ့်မည် ဖြစ်ပါကြောင်းကို ကျွန်တော်မျိုးကြီး လျှောက်တင်ခဲ့ကြောင်းပါဘုရား"

**(တိသနိပါတ်တော်လာ 'ဘဏ္ဍူ တိန္ဒုကဇာတ်')**

■



# ဂရုဓမ္မ

ရှေးအခါက 'ကုရုတိုင်း' 'ဣန္ဒပတ္ထနဂိုရ်' နေပြည်တော်ကြီးမှာ 'ဓနဥ္စယကောရဗျ'မင်းကြီး နတ်ရွာစံတဲ့အခါ သားတော် ဘုရားလောင်းက ခမည်းတော်ဘွဲ့အမည်ကို ဆက်လက်ခံယူပြီး မင်းပြုတော် မူပါတယ်။ ဒုတိယမြောက် 'ဓနဥ္စယကောရဗျမင်း'လို့ ဆိုရပေမယ်။

ဘုရားလောင်း မင်းမြတ်ဟာ နိုင်ငံတော်ကို မင်းကျင့်တရား ဆယ်ပါးနဲ့ အညီ အုပ်စိုးတော်မူတယ်။ ပြည်သူပြည်သားအပေါင်းကို ကျောသားရင်သား မခွဲခြား၊ ရင်ဝယ်သားပမာ သနားကြင်နာ ကရုဏာထား စောင့်ရှောက်ပေးတဲ့အတွက်ကြောင့် တိုင်းသားပြည်သူ အပေါင်းတို့ကလည်း ဘုရားလောင်း မင်းမြတ်ကို ချစ်ခင်လေးစား ကြည်ညိုခဲ့ကြတယ်။

ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အကျင့်သီလ'ဂရုဓမ္မ'ကို လုံခြုံအောင် စောင့်ထိန်းတော်မူသလို မှူးကြီးမတ်ရာသေနာပတိက စလို့

စစ်သည်ဗိုလ်ပါ ပြည်သူအပေါင်းတို့လည်း 'ဂရုဓမ္မ'ကို စောင့်ထိန်းခဲ့ကြတယ်။

အဲဒီအချိန်က ငါးပါးသီလတို့ဆိုတာ မရှိသေးလေတော့ လူတို့ကျင့်သုံးအပ်တဲ့ ကိုယ်ကျင့်တရားကို 'ဂရုဓမ္မ'လို့သာ ခေါ်တွင်သုံးနှုန်းခဲ့ကြတယ်။

အခုလို မင်းနဲ့တကွ ပြည်သူအပေါင်း ဂရုဓမ္မကို စောင့်ထိန်းခဲ့ကြလို့လည်း ကုန္နပတ္တနဂိုရ်နေပြည်တော်ကြီးမှာ ရာသီဥတုမှန်ကန်မှုတပြီး စားရေရိက္ခာ ဖူလုံကြလို့ စည်ပင်ဝပြောလို့ နေပါတော့တယ်။

တစ်ချိန်တည်းမှာပဲ ကာလိင်္ဂတိုင်း ဒန္တပူရနေပြည်တော်မှာလည်း ကာလိင်္ဂမင်း နန်းစံနေတယ်။ ဒီမင်းကတော့ တရားမစောင့်၊ မင်းကျင့်တရားနဲ့ မညီသလို မှူးကြီးမတ်ရာ သေနာပတိကစလို့ ရဲမက်ဗိုလ်ပါ ပြည်သူအပေါင်းလည်း အကျင့်သီလ ဂရုဓမ္မတွေ ပျက်ယွင်းနေကြတယ်။

မင်းမှုထမ်းတွေလည်း အဂတိလိုက်စားပြီး ပြည်သူတွေပေါ် နိုင်ထက်စီးနင်း ပြုမူခဲ့ကြတယ်။ ပြည်သူတွေမှာလည်း စာရိတ္တတွေ ပျက်ယွင်းပြီး အပျော်အပါး လောင်းကစားတွေ များပြားလို့ ခိုးဆိုးလုယက်မှုတွေနဲ့ ရာဇဝတ်မှု ထူပြောလာနေတယ်။

တစ်တိုင်းတစ်ပြည်လုံး ကိုယ်ကျင့်တရားတွေ ပျက်စီးနေကြတာမို့ တစ်စတစ်စနဲ့ ရာသီဥတုတွေ ဖောက်ပြန်လာတယ်။ ကာလိင်္ဂတစ်ခွင်လုံး မိုးအကြီးအကျယ်ခေါင်လေတော့တယ်။ မိုးခေါင်မှုကတာရှည်လာတော့ စားနပ်ရိက္ခာတွေ ရှားပါးလာပြီး ဆင်းရဲငတ်မွတ်

တဲ့ ဒုတ္ထိကွန္တရကပ်ဘေးဆိုးနဲ့ ရင်ဆိုင်လာကြရတယ်။ ကြာတော့ ပြည်သူအပေါင်းလည်း မခံစားနိုင်ကြတော့လို့ နန်းတော်ရှေ့ရင်ပြင်မှာ စုရုံးတောင်းဆိုလာကြတယ်။ အုန်းအုန်းကျွက်ကျွက်သံကြားတော့. .

"ဟဲ့. . . ဘာတွေ ဖြစ်နေကြတာတုံး"

ဘုရင်ကြီး အထိတ်တလန့်မေးလာတော့ မှူးကြီးမတ်ကြီးတွေက အဖြစ်မှန်ကို လျှောက်ကြရတယ်။

"ဟေ. . ."

ဘုရင်ကြီး တုန်လှုပ်ချောက်ချားသွားပြီး. . .

"ဒါဆို မိုးရွာအောင် ဘယ်လိုလုပ်ကြရသတုံး။ ပရောဟိတ်တွေ လျှောက်တင်ကြစမ်း. . . ဟဲ့. ."

ဆိုတော့ သကောင့်သားပညာရှိတွေက. . .

"မှန်လှပါ။ ကျက်သရေတိုက်ခန်းထဲမှာ နေဇာမြက်ကို ခင်းလို့ ခုနစ်ရက်တိတိ အရှင်မင်းကြီးအိပ်ပြီး ယတြာချေရပါလိမ့်မယ်ဘုရား"တဲ့။

အမယ်မင်း. . သနားစရာဘုရင်ကြီးနှယ်။ အိပ်ဆိုတော့ အိပ်ရပြီပေါ့လေ။ ရာဇပလ္လင် ဖင်မြဲချင်လွန်းလို့သာ အိပ်ရပေမယ့် သူ့ခမျာ ကျောနာတာသော အဖတ်တင်တယ်။ မိုးကတော့ မရွာ။

"ကဲ. . . ဝန်မင်းတို့။ ငါကိုယ်တော်မြတ် ဘာဆက်လုပ်ရမတုံးဟဲ့. ."

ဘုရင်ကြီး မေးရပြန်ပြီ။ ဉာဏ်ကြီးရှင်တွေ ဒူးချင်းတိုက်၊ ခေါင်းချင်းရိုက်လို့ အကြံတ်အနယ်ဖြစ်ကုန်ကြပြီ။

"မှန်လှပါ။ ကုရုတိုင်းက မနဉ္စယကောရဗျမင်းကြီးမှာ ဆင်ဖြူတော် ရှိပါတယ်ဘုရား။ ဆင်ဖြူတော် အလှူခံလို့ ရောက်လာရင် မိုးရွာပါလိမ့်မယ် ဘုရား"

"ကိုင်း. . . ဒါဆို ဆင်ဖြူတော်ကို အမြန်သွားရောက်အလှူခံစေဗျာ"

ဆင်ဖြူတော်အလှူခံဖို့ ပုဏ္ဏား (၈)ယောက်ကို စေလွှတ်လိုက်တယ်။ ဘုရားလောင်းမင်းမြတ်ကလည်း 'အဥ္စနဝဏ္ဏ'အမည်ရှိတဲ့ ဆင်ဖြူတော်ကို ပေးလှူတော်မူလိုက်ပါတယ်။

ဆင်ဖြူတော် ဆိုက်ရောက်လို့ လာပါပြီ။ မင်းခန်းမင်းနားနဲ့ စည်ကားသိုက်မြိုက်စွာနဲ့ ကြိုဆိုကြတယ်။ သူဌေးကြီးလေးဦးတို့က ရွှေမိုး ငွေမိုးတွေ ရွာသွန်းပေးကြတယ်။ ဘုန်းမိုးသွန်းလောင်း ဘွဲ့သီချင်းတွေ သီကုံးခဲ့ကြတယ်။ ရွှန်းရွှန်းရွှန်းနဲ့ မျှော်လင့်စောင့်စားခဲ့ကြတာ တစ်လကိုးသီတင်းသာ ကြာသွားတယ်။ အဘယ်ဘုန်းမိုးမှ မသွန်းလောင်းလာဘူး။

ဘုရင်ကြီး စိတ်ညစ်လာပြီ။ ဘယ်နှယ့် သူတို့ခိုင်းတိုင်း လိုက်လုပ်နေရတယ်။ အခုထိ မိုးက မရွာသေး။

"ဘယ်နှယ့် လုပ်ကြမတုံး မင်းကြီးတို့ရဲ့။ မောင်မင်းတို့ တယ်လည်း ညံ့ကြသကိုး"

ဒီတော့မှ ပညာရှိအမတ်တချို့က. . .

"မှန်ရာ သံတော်ဦးတင်ဝံ့ကြောင်းပါဘုရား။ ကုရုတိုင်းမှာ မိုးလေဝသ မှန်တာက မနဉ္စယကောရဗျမင်းမှာ ကိုယ်ကျင့်သီလ ဂရုမမွ

တွေ စောင့်ထိန်းလေတော့ ဘုန်းတန်ခိုးအာနုဘော်ကြီးမားလို့ မိုးရွာသွန်းခြင်း ဖြစ်ပါတယ်ဘုရား"

"ဟေ. . ဂရုဓမ္မတဲ့လား။ ကိုင်း. . . ကိုင်း. . . ဒါဆို ဓနဥ္စယကျောရဗျမင်းဆီသွား၊ ကိုယ်ကျင့်သီလဂရုဓမ္မတွေ ဘယ်သို့ဘယ်ပုံ စောင့်ထိန်းကြတယ်ဆိုတာ စူးစမ်းမေးမြန်း မှတ်သားလာခဲ့ကြစေဗျား"

❊ ❊ ❊

အမိန့်တော်အတိုင်း ကာလင်္ဂသံတမန်အမတ်တွေဟာ ကုရုတိုင်း ဓနဥ္စယကောရဗျမင်းထံမှောက် ရောက်ရှိခစားကြတယ်။ ဂရုဓမ္မနဲ့ ပတ်သက်လို့ လျှောက်ထားမေးမြန်းခဲ့ကြတယ်။ ဘုရားလောင်းမင်းမြတ်က. . .

"ငါကိုယ်တော် အကျင့်သီလ ဂရုဓမ္မစောင့်ထိန်းနေတာ မှန်ပါတယ်။ ဒါပေမဲ့ တစ်ခါက ကြတ္တိကာနက္ခတ်သဘင်ပွဲမှာ မြားရေးပြတော့ ငါကိုယ်တော်မြတ် ပစ်လိုက်တဲ့မြားဟာ ကောင်းကင်ပေါ်တက်သွားပြီးမှ ရေကန်ထဲ စိုက်ကျသွားတယ်။ ဒီကန်ထဲမှာ ငါးတွေအများကြီး၊ ဒီငါးတွေများ မြားမှန်သွားလေသလားလို့ ငါကိုယ်တော်စိတ်ထဲ မသက်မသာ ဖြစ်မိတယ်ကွယ့်"

"ဒါကြောင့် ကျုပ်ရဲ့ဂရုဓမ္မကို အခုထိ သံသယဖြစ်မိတယ်ကွယ့်။ ဂရုဓမ္မနဲ့ ပတ်သက်ပြီး ငါ့ထက် စောင့်ထိန်းနိုင်တဲ့ ငါ့မယ်တော်ဆီသာ မေးကြပါတော့ကွယ်"

"ဟယ်. . . ဒီမင်းကြီးများ မိုးပေါ်ထောင်ပစ်တဲ့ မြား ရေကန်

ထဲက ငါးကို မှန်မှာစိုးသတဲ့။ ကြားကြပါစ အမတ်ကရို။ တည့်တည့် မျှား ပစ်မိလိုက်လို့ကတော့. . ."

ကာလိင်္ဂအမတ်တွေ တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီး အံ့အားသင့်နေကြတယ်။ ဘုရားလောင်းမင်းကြီးရဲ့ ကိုယ်ကျင့်သီလ ကောင်းပုံ တအံ့တဩမှတ်သားကြပြီး ဘုရင့်မယ်တော်ဆီ အခစား ဝင်ကြတယ်။ မယ်တော်ကြီးကလည်း. . .

"မယ်မယ့်မှာ ဂရုမမူစောင့်ထိန်းခဲ့တာ မှန်ပေမယ့် သံသယ ဖြစ်စရာ တစ်ခါက ရှိခဲ့ဖူးတယ်ကွယ့်။ အဖြစ်က သားတော်မင်းကြီး ကို တခြားတိုင်းပြည်က လက်ဆောင်ပေးလာလို့ မယ်မယ့်ကို လာ တန်တော့ထားတဲ့ တစ်သိန်းတန် စန္ဒကူးနှစ်နဲ့ တစ်ထောင်တန် ရွှေ ပန်းခိုင်တစ်ခုကို ချွေးမတော်နှစ်ယောက်ကို ပြန်ဝေပေးခဲ့တယ်။ ပေး တဲ့အခါမှာ သားတော်မင်းကြီးမိဖုရားကြီးကို သူကတော့ လာဘ် လာဘ ပေါပါတယ်လေဆိုပြီး တစ်ထောင်တန် ရွှေပန်းခိုင်ကို ပေးမိ လိုက်တယ်။ သားတော်အငယ် အိမ်ရှေ့မိဖုရားကိုတော့ သူ့ခမျာ လာဘ်လာဘ နည်းရှာပါတယ်လေ ဆိုတဲ့ ကရုဏာနဲ့ တစ်သိန်းတန် စန္ဒကူးနှစ်ကို ပေးလိုက်တယ်"

"တကယ်ဆို ဒီလိုမဖြစ်သင့်ဘူးပေါ့နော်။ ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိ အရကြီးသူကို ချီးမြှောက်တော်မူအပ်တဲ့ ကုလဇေဋ္ဌပစာယနအမှုကို သာလျှင် ပြုအပ်ပေတယ် မဟုတ်လား။ ပေးပြီးမှ စိတ်ထဲမှာ တနုံ့နုံ့နဲ့ စိတ်မကောင်းဖြစ်နေရတယ်ကွယ်။ ဒါကြောင့် မယ်မယ့်ထက် ဂရုမမူ စောင့်ထိန်းနိုင်တဲ့ ချွေးမတော် မိဖုရားကြီးကိုသာ မေးကြပါတော့ကွယ်"

သြော်. . ဒီမယ်မယ်ကတော့ဖြင့် စိတ်ထားမျှတပါပေတယ်။ တို့မယ်တော်ကြီးကတော့ဖြင့် ရာဇတန်ဂုဏ်မောက်လို့ မာန်မာနတွေ အတ္တတွေ လောဘဇောတွေ များပါဘိသနဲ့နော်။ မယ်တော်ကြီးအဖြစ်ကို စံပြု မှတ်သားကြပြီးနောက် မိဖုရားခေါင်ထံပါး ရောက်သွားကြပြန်တယ်။

"ခေါင်ဖုရားရဲ့ ဂရုဓမ္မတွေ ပျက်ယွင်းခဲ့ဖူးတယ်။ ဘာလို့လဲဆိုတော့ တစ်ခါက မတ်တော်အိမ်ရှေ့မင်းကို စိတ်နဲ့ ပြစ်မှားမိခဲ့ဖူးတယ်။ တကယ်တော့ ခေါင်ဖုရားဟာ ကာမပိုင်လင်ယောကျ်ားရှိရဲ့နဲ့ အကျင့်စာရိတ္တဖောက်ပြန်ပြီး တစ်ပါးသောယောကျ်ားကို မနော စိတ်နဲ့တောင် မပြစ်မှားသင့်ပေဘူးပေါ့နော်။ ဒီအတွက် ခေါင်ဖုရားအခုထိအရှက်ရနေတုန်းပါကွယ်။ မတ်တော်အိမ်ရှေ့မင်းဟာ ခေါင်ဖုရားကို အမတော်အရင်းလို ရိုသေလေးစားနေပေလို့ပေါ့ကွယ်။ ဂရုဓမ္မနဲ့ ပတ်သက်လို့ သူက ပိုစောင့်ထိန်းနိုင်တဲ့သူပါကွယ်"

ကာလိဂ်အမတ်တွေဟာ အရှက်အကြောက်ကင်းမဲ့ ဖောက်ပြန်တတ်တဲ့သူတို့ ကာလိဂ်တိုင်းမိန်းမတွေနဲ့ နှိုင်းယှဉ်ပြီး မိဖုရားခေါင်ကြီးရဲ့ ဖြူစင်ရိုးသားဖြောင့်မတ်မှုကို ချီးကျူးပြောဆိုနေကြတယ်။ ဒါကို မှတ်တမ်းရေးသွင်းကြပြီး အိမ်ရှေ့မင်းသားဆီ ဝင်ရောက်ခစားကြပြန်တယ်။ အိမ်ရှေ့မင်းလည်း လက်ခံတွေ့ဆုံပြီး. . .

"ကျုပ်လည်း ဂရုဓမ္မနဲ့ ပတ်သက်လို့ ချို့ယွင်းခဲ့ဖူးတယ်။ ကျုပ်နောင်တော်ဘုရင်မင်းမြတ်ထံ အခစားဝင်တဲ့အခါ မြင်းရထားနဲ့သွားလေ့ ရှိတယ်။ နန်းတော်ထဲမှာ စက်တော်ခေါ်မယ်ဆိုရင် ကြိုးနဲ့ နှင်တံ

ကို ရထားဦးမှာ ချိတ်ဆွဲပေးထားတယ်။ ဒါဆို ကျုပ်အမှုထမ်းတွေက ပြန်ကြတယ်။ ရထားထိန်းလည်း ရထားပြန်ယူသွားတယ်။ နောက်နေ့မနက်မှ နန်းတော်တံခါးဝမှာ လာကြိုကြတယ်"

"အကယ်၍ နန်းတော်ထဲမှာ ညမအိပ်ဘူး။ ပြန်ထွက်လာခဲ့မယ်ဆိုရင် ကြိုးနဲ့ နှင်တံကို ရထားထဲမှာ ထားခဲ့လိုက်တယ်။ ဒီသင်္ကေတကိုကြည့်ပြီး သူတို့တွေက နန်းတော်တံခါးဝမှာ ကျုပ်ပြန်ထွက်အလာကို စောင့်ကြရတယ်"

"တစ်နေ့တော့ ညညီလာခံရှိလို့ သွားတော့ ညီလာခံပြီးရင် ပြန်ထွက်လာမယ်လို့ ကြံရွယ်ပြီး ကြိုးနဲ့နှင်တံကို ရထားထဲထားခဲ့လိုက်တယ်။ ကျုပ်လည်း နန်းတွင်းထဲလည်းရောက်ရော မိုးက သဲသဲမဲမဲကြီး ရွာတော့တာပါပဲ။ ညီလာခံပြီးသွားတော့ မိုးသည်းနေတုန်းမို့ နောင်တော်မင်းမြတ်က နန်းတော်ထဲမှာပဲ စက်တော်ခေါ်ဖို့ အမိန့်တော်ရှိတာနဲ့ ကျုပ်လည်း ညအိပ်မိလိုက်တယ်"

"နောက်နေ့မနက် မိုးလင်းလို့ နန်းတော်ကနေ ဆင်းလည်းကြည့်ရော့ . . လား . . လား . . နန်းတော်တံခါးဝမှာ ကျုပ်လူတွေတစ်ညလုံး မိုးထဲရေထဲမှာ စောင့်နေလိုက်ကြတာ။ မိုးရေတွေနဲ့ ရွဲရွဲစိုပြီး ခိုက်ခိုက်တုန်နေကြသဗျာ။ သနားစရာကောင်းလိုက်ပလေကွယ်တို့"

"ကိုယ့်အတွက်နဲ့ လူအများ ပင်ပန်းဆင်းရဲအောင် ပြုမိရက်လေခြင်းရယ်လို့ ကျုပ်လေ စိတ်မကောင်းကြီးစွာဖြစ်ခဲ့ရတယ်။ ကျုပ်ထက် ဆရာပရောဟိတ်ကြီးကမှ ဂရုဓမ္မစောင့်ထိန်းနိုင်ပါပေတယ်။ သူ့ကိုသာ မေးကြပါတော့ အမတ်မင်းတို့ရယ်"

ကာလိင်္ဂအမတ်တို့ဟာ အိမ်ရှေ့မင်းသားရဲ့စိတ်မကောင်းကြီးစွာ ဖြစ်နေပုံကို ကြည့်ပြီး. . .

"ဩော်. . . အိမ်ရှေ့ကိုယ်တော်လေးဟာ အသက်သာ ငယ်တာ တစ်ချိန်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်မယ့်သူဖြစ်ပေမယ်လို့ မိမိလက်အောက်ငယ်သားတွေပေါ် ထောက်ထားစာနာတတ်ပါပေတယ်။ တို့ဆီက မင်းမှုထမ်းတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ ရာထူးကြီးများ ရလာပြီလားဆိုရင် ငယ်သူကို အသာထား၊ ကိုယ့်လက်အောက် အသက်ကြီးဝါကြီး အမှုထမ်းတွေကိုတောင် ရိုသေလေးစားဂါရဝထားရ ကောင်းမှန်းမသိ၊ ဘဝင်မြင့် မောက်မာနေကြတာတွေများ နှိုင်းလိုက်ပလေကွယ်"

လို့ စိတ်ပျက်လက်ပျက်နဲ့ ညည်းညူပြောဆိုနေကြတော့တယ်။

❋ ❋ ❋

ကာလိင်္ဂအမတ်တွေဟာ နန်းတွင်းမင်းလေးပါးထံ ခစားချဉ်းကပ် မေးမြန်းကြပြီးနောက် အိမ်ရှေ့မင်းရဲ့ မိန့်မှာတဲ့အတိုင်း ပရောဟိတ်ပုဏ္ဏားကြီးဆီ ရောက်သွားကြပြန်တယ်။ ပရောဟိတ်ကြီးကလည်း သူ ဂရုဓမ္မလေးပျက်ခဲ့ပုံလေးကို ဝမ်းနည်းပက်လက်နဲ့ ရင်ဖွင့်ပြရှာတယ်။

"တစ်ခါက တခြားတိုင်းပြည်တစ်ပြည်က အင်မတန်လှပခန့်ညားတဲ့ ရထားတစ်စီး ဘုရင်မင်းမြတ်ကို လက်ဆောင်ဆက်လာတယ်။ ဒီရထားကို ကြည့်ပြီး ငါသာ ပိုင်လိုက်ရင် သိပ်ကောင်းမှာပဲလို့

လိုချင်တပ်မက်စိတ်ဖြစ်ခဲ့ဖူးတယ်။ ဒီအတွက် ငါ့ကိုယ်ငါ မလုံဘူးဖြစ်နေမိတယ်။ ငါ့မိတ်ဆွေ မြေတိုင်းအမတ်လောက်တောင်မှ ဂရုမမူ မထိန်းနိုင်ဘူး"

လို့ ညည်းနေရှာတယ်။

"သြော်. . . ပရောဟိတ်ကြီးရယ်၊ စိတ်ကူးမိတာလေးနဲ့နော် တို့များကာလိင်္ဂမှူးကြီးမတ်ရာ သေနာပတိတို့ဆိုရင် ဘုရင့်ဘဏ္ဍာကိုယ့်ဘဏ္ဍာအမှတ်နဲ့ ခိုးဝှက်သယ်ကဲ့နေလိုက်ကြတာများ မြင်စေ့ချင်သပဲ့ဗျာ"

ကာလိင်္ဂအမတ်တစ်စု အချင်းချင်းပြောဆိုမှတ်သားကြရင်း မြေတိုင်းအမတ်ဆီ သွားကြပြန်တယ်။ မြေတိုင်းအမတ်ကလည်း. .

"ကျွန်ုပ်လည်း တစ်ခါက ဇနပုဒ်ရွာတစ်ရွာက လယ်ကို ကြိုးတိုင်းဆွဲပေးခဲ့ရဖူးတယ်။ တိုင်းပုံတိုင်းနည်းက ကြိုးအစကို လယ်ရှင်ကို အကိုင်ခိုင်းထားပြီး ကျန်တစ်ဖက်စကို လှံတံမှာ ရစ်ပတ်လို့ လှံကို ကျွန်ုပ်က ကိုင်ရတယ်။ တိုင်းကြတဲ့အခါ လှံစိုက်မယ့်နေရာက လယ်ပုစွန်လုံးတွင်းဝတည့်တည့် ကျနေတယ်။ အထဲမှာ ပုစွန်လုံးရှိမရှိ ကျွန်ုပ် မသိဘူး"

"တကယ်လို့ တွင်းဝ ဟိုဘက်ကို လှံတံစိုက်ရင် ဘုရင်မင်းမြတ်ရဲ့ ဘဏ္ဍာတော် ဆုံးရှုံးမယ်။ တွင်းဝ ဒီဘက်မှာစိုက်ရင် လယ်ရှင်နစ်နာသွားမယ်။ ဒီတော့ ဘယ်မှ မျက်နှာမလိုက်ဘဲ ပုစွန်လုံးတွင်းဝတည့်တည့်ကို လှံတံထိုးစိုက်လိုက်တာမှာ ပုစွန်လုံး မြည်သံကြားလိုက်ပါလေရောလား။ ဟာ. . . သွားပြီ။ ငါ့ရဲ့ကိုယ်ကျင့် ဂရုမမူတွေ ပျက်

ပါပြီကောဆိုပြီး ကျွန်ုပ် အခုထိ ယူကျုံးမရဖြစ်နေတုန်းပါဗျာ။ ကျွန်ုပ် မိတ်ဆွေရထားထိန်းကမှ ကျွန်ုပ်ထက် ဂရုဓမ္မပိုကောင်းပါသေးတယ်"

"ဟယ်. . သောက်ကျိုးနည်း၊ တိကျပါပေ့ အမတ်မင်းရယ်၊ သူလိုလူမျိုး တို့ကာလိဂ်တိုင်းမှာဆိုရင် ရာထူးပြုတ် ထောင်ကျတာကြာပြီ။ မပြုတ်ရင်တောင် ချောင်ထိုးခံရလောက်ပြီ"

မြေတိုင်းအမတ်ရဲ့ တာဝန်ဝတ္တရား တိတိကျကျထမ်းဆောင်တတ်ပုံကို လက်ဖျားခါသွားကြတယ်။ ရှေ့ဆက် ရထားထိန်းဆီ ရောက်ပြန်တော့. . .

"ဘုရင်မင်းမြတ်ရထားမှာ ကတဲ့ သိန္ဓောမြင်းတွေဟာ အလွန်လိမ္မာသလို အကင်းလည်း ပါးကြတယ်။ တစ်နေ့ မင်းကြီး ဥယျာဉ်ထွက် အပန်းဖြေတော်မူလိုက်တာ တစ်နေကုန်သွားတယ်။ နေစောင်းမှ နန်းတော် ပြန်တော့ လမ်းမှာတင် မိုးချုပ်စပြုနေပြီ။ ဒါ့ပြင် ကောင်းကင်မှာလည်း မိုးရိပ်တွေ မည်းလာပြီ။ ဒီတော့ မင်းကြီး မိုးမိမှာစိုးလို့ မြင်းတွေကို ကြိမ်တို့အချက်ပေးလိုက်တယ်။ ဒီမှာတင်ပဲ အကင်းပါးလှတဲ့ မြင်းတွေဟာ ကဆုန်ပေါက်ပြေးတော့တာပါပဲ"

"ဒီကစပြီး စိတ်မကောင်းစရာဖြစ်လာရတော့တယ်။ မင်းကြီး ထွက်တော်မူတဲ့အခါမှာ ဒီနေရာရောက်တိုင်း မြင်းတွေဟာ ဒုန်းစိုင်းပြေးကြတော့တယ်။ မြင်းတွေရဲ့စိတ်ထဲမှာ ဒီနေရာဟာ အန္တရာယ်ရှိပေလို့ တို့ကို ကြိမ်တို့တာ ဖြစ်မယ်လို့ အမှတ်စွဲနေကြတယ်။ ဒီလိုဖြစ်တိုင်း ကျွန်ုပ် စိတ်မကောင်းဖြစ်နေရတယ်။ ကျွန်ုပ်ထက် ဂရုဓမ္မအရာမှာ စံပြုလောက်တဲ့ သူဌေးကြီး ရှိပါသေးတယ်"

ကဲ. . ကြားကြပါစ အမတ်ကရို့။ ဒီမှာဖြင့် တိရစ္ဆာန်တွေကို တောင် သနားကြင်နာတတ်ကြပါပေရဲ့။ တို့ဆီမှာတော့ လူအချင်း ချင်း ရက်ရက်စက်စက် နှိပ်စက်နေလိုက်ကြတာများ၊ ဥပဒေမရှိတော့ တဲ့ အတိုင်းပဲနော်။

"ဟဲ့. . ဟဲ့. . အမတ်မင်းတို့။ ရှေ့ပြော နောက်ကြည့်ကြဦး။ တော်ကြာ ကိုယ့်ပြည် ကိုယ်ရောက်ကာမှ ကျုပ်တို့ကိုယ်တိုင် မျက်နှာသစ် စရာမရှိဖြစ်နေပါ့ဦးမယ်။ ကဲ. . ကဲ. . သူဌေးမင်းဆီ ကြွကြပါစို့လား"

သူဌေးကြီးခမျာမှာလည်း. . .

"ကျွန်ုပ်ဟာ ကျွန်ုပ်ပိုင်တဲ့လယ်ထဲ လိုက်လှည့်ပတ်ကြည့်ပြီး အပြန်မှာ အမှတ်တမဲ့နဲ့ ကောက်နှံလေးတစ်နှံ ချိုးပြီး ခေါင်းထိုးမိလိုက် တယ်။ အိမ်ရောက်မှ ဟာ. . ငါ့လယ်က ထွက်တဲ့စပါး ဘုရင်မင်းမြတ် တို့ အခွန်တော် မဆက်ရသေးဘဲနဲ့ ငါယူလာမိတာ အခွန်တော်အလွဲ သုံးမိလေခြင်းဆိုပြီး နောင်တရခဲ့ဖူးတယ်။ ဒါကြောင့် ကျွန်ုပ်ထက် စောင့်ထိန်းနိုင်တဲ့ ပြည်စိုးအမတ်ဆီသာ မေးကြပါတော့"

"အလိုဗျာ. . . ကျားသားမိုးကြိုး။ ကိုယ့်လယ်က ကောက်နှံ လေးတစ်နှံ ချိုးမိတာလေးများ နိုင်ငံတော်ပြစ်မှုကြီး ကျူးလွန်တာကျ နေတာပဲ။ အံ့ရော. . အံ့ရောဟယ်။ တို့ဆီက သူဌေး၊ သူကြွယ်တွေဆို အခွန်ဝန်တွေနဲ့ပေါင်းပြီး အခွန်တော် လျော့နည်းအောင် အခွန်တိမ်း ရှောင်နေကြတာကို ခေါ်ပြလိုက်ချင်ပါရဲ့။ တကယ်ပါပဲဟယ်. . အံ့ ဖွယ်ပါလား. . "

ကာလိင်္ဂအမတ်တွေဟာ ကုရုတိုင်းသူဌေးအဖြစ်ကို အံ့ဩ

လွှန်းလို့ ခေါင်းတစ်ခါခါ၊ လည်တစ်ခါခါနဲ့ ပြည်စိုးအမတ်ဆီ ခရီးဆက်ကြပြန်တယ်။

ပြည်စိုးအမတ်ဆိုတာ စပါးဆန်ပြည်တင်းတောင်းကို စီမံခန့်ခွဲရတဲ့ အမတ်ဖြစ်ပါတယ်။ ကုန်းဘောင်ခေတ်ကဆို 'ကျီဝန်'လို့ခေါ်ကြတယ်။ ခေတ်စကားနဲ့ ပြောရင် 'ကုန်သွယ်လယ်ယာ'ပေါ့နော်။ သူလည်း သူ့အဖြစ်ကို ပြောရှာပြန်တယ်။

"ကျုပ်တစ်ခါက လယ်ရှင်တစ်ယောက်ရဲ့ ကျီမှာ အခွန်တော်စပါး ချိန်တွယ်နေတယ်။ ဒီမှာတင် မချိန်တွယ်ရသေးတဲ့ ကောက်ပုံစပါးစေ့ကို ယူပြီး ကရို့(ယခုခေတ်အခေါ် တာလီ)အနေနဲ့ ခဏယူသုံးလိုက်တယ်။ ဒီလိုချင်နေတုန်းမှာ မိုးရွာလာတော့ ကရို့အတွက် သုံးတဲ့စပါးစေ့တွေကို အမှတ်တမဲ့နဲ့ အပုံထဲ ထည့်ပြီး မိုးခိုနေလိုက်တယ်"

"နောက်မှ သတိရတော့ ကရို့သုံးတဲ့စပါးစေ့တွေကို ဘယ်အပုံထဲ ထည့်မိလိုက်မှန်းမသိတော့ဘူး။ ကျွန်ုပ်ကိုယ်ကျွန်ုပ် အပြစ်တင်မဆုံးဖြစ်နေမိတယ်။ စဉ်းစားကြည့်လေ. . . ဘုရင်မင်းမြတ်အပုံထဲ ထည့်မိရင် ဘုရင့်ဘဏ္ဍာတော်ကို မတရားတိုးပွားပြုရာကျပြီး ဆင်းရဲသား လယ်သားတွေ နစ်နာအောင် ပြုရာမရောက်ပေဘူးလားဗျာ။ ကျွန်ုပ်မိတ်ဆွေ တံခါးမှူးကမှ ကျွန်ုပ်ထက် သာပါတယ်ဗျာ"

"အလိုလေး. . လေး၊ ပြည်စိုးအမတ်မင်းရယ်၊ 'အ'ချက်တကမ်းကုန်ပါဘိသနဲ့။ ကျုပ်တို့ဆီမှာ သူလိုရာထူးမျိုးမပြောနဲ့ 'ဒိုင်မှူး' အဆင့်တောင် ချမ်းသာနေကြတာ။ သောက်သောက်လဲ၊ ဩချလောက်ပါပေရဲ့"

တံခါးမှူးကလည်း သူ အပြောမှားခဲ့ပုံ ဝန်ခံနေပြန်တယ်။

"ဖြစ်ပုံက ဒီလိုမျိုး။ တစ်ညနေ နေဝင်မိုးချုပ်လို့ မြို့တံခါးပိတ်မယ်လည်း လုပ်ကရော၊ ယောက်ျားတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် သုတ်သုတ် သုတ်သုတ်နဲ့ အပြေးဝင်လာကြတယ်။ ကျွန်ုပ်က မင်းတို့လင်မယား အချိန်မရှိမှ လာရသလားလို့ ပြစ်တင်မောင်းမဲမိလိုက်တယ်"

"ဒီအခါ ယောက်ျားလေးက 'ဒါ. . ကျွန်တော့်နှမလေးပါ'လို့ ပြောလည်း ပြောလိုက်ရော ကျွန်ုပ်ခေါင်းတစ်ခုလုံး အိုးထိန်းစက်လို ချာချာလည်သွားတော့တယ်"

"အမယ်လေးနော်. . ငါဟာ ဂရုမမှုကို စောင့်ထိန်းပါရဲ့နဲ့ နှမကို မယားဖြစ်အောင် စွပ်စွဲမိပါကောလို့ စိတ်မကောင်းကြီးစွာ ဖြစ်နေရပါတယ်။ နောက်ပြီး ငါဟာ ပြည့်တန်ဆာမ လောက်တောင်မှ စိတ်ထား မမြင့်မြတ်ပါလားလို့ သိမ်ငယ်စိတ်ခံစားမိနေတော့တယ်ဗျာ"

"အမလေး. . ဟဲ့။ သူ့ခမျာလည်း တစ်ဒုက္ခ၊ ဒါလေးများ ကာလိင်မှာဆို ဘယ်လိုလုပ်ကြမလဲ။ လိမ်ညာကောက်ကျစ်စကားတွေ၊ ချောပစ်ကုန်းချောစကားတွေ၊ အနှစ်ကင်း သိမ်ဖျင်း အပုပ်ချစကားတွေက မမြင်ချင်၊ မတွေ့ချင် မကြားချင်မှ အဆုံး. . အဆုံး"

"ကိုင်း. . ကိုင်း၊ အမတ်မင်းတို့ အချိန်လေးရှိတုန်း ပြည့်တန်ဆာအလှမယ်လေးဆီ ယွန်းကြပါစို့ရဲ့. . ."

❋ ❋ ❋

ရှေး. . . ရှေးအခါက ပြည့်တန်ဆာရာထူးကို ဘုရင်ကိုယ်တိုင် သီးခြားခန့်ပေးထားရတဲ့ တရားဝင်ရာထူးဖြစ်တယ်။ အခုခေတ်မှာဆို လိုင်စင်ရ ပြည့်တန်ဆာပေါ့။ သူကတော့ တစ်မျိုး။

"တစ်ခါက ယောက်ျားပျိုတစ်ယောက် ကျွန်မနဲ့ ပျော်ပါးချင်လို့ ဆိုပြီး ငွေတစ်ထောင်ပေးတယ်။ ပေးပြီးတာနဲ့ ခဏဆိုပြီး ထွက်သွား လိုက်တာ ပြန်ကိုပေါ်မလာတော့ဘူး။ ကျွန်မလည်း သူ့ငွေတစ်ထောင် ယူထားမိတော့ ဘယ်ယောက်ျားမှ လက်မခံ၊ သူ့ငွေတစ်ထောင်လည်း မသုံးသေးဘဲ လာနိုး လာနိုးနဲ့ စောင့်လိုက်တာ သုံးနှစ်တိတိ ကြာ သွားတယ်"

"ဟင်. ."

"ဟယ်. ."

ကာလိဂ်အမတ်တွေ ပါးစပ်အဟောင်းသားဖြစ်ကုန်ကြပြီ။

တကယ်ပါပဲနော်။ တို့ဆီက အမိတွေဆို ဒီလိုအခွင့်အရေးကြုံ လို့ကတော့ နည်းတယ်လို့ အပြစ်တင်ကြလိမ့်ဦးမယ်။

"ကြာတော့ ကျွန်မမှာ ဝင်ငွေမရှိတော့တာနဲ့ စားဝတ်နေရေး ကြပ်တည်းလာတယ်။ မတတ်သာတော့တဲ့အဆုံး တရားရုံးမှာ အဆုံး အဖြတ် ယူတဲ့အခါ တရားဝန်ကြီးက ကျွန်မကို သေချာစစ်ဆေးမေး မြန်းပြီး ငွေပိုင်ရှင်ဟာ သုံးနှစ်ကျော်တဲ့အထိ မလာတော့တဲ့အတွက် ဒီငွေတစ်ထောင်ကိုလည်း အပိုင်ယူစေ၊ မူလတာဝန်လည်း ပြန်လည် ထမ်းရွက်စေလို့ စီရင်ချက် ချလိုက်ပါတယ်"

နောက်က နားထောင်နေကြတဲ့အမတ်တချို့ တီးတိုးတီးတိုး

သဖန်းပိုး လုပ်နေကြတယ်။

"တောက်. . . ဒီမှာမို့ပေါ့ကွာ၊ တို့ဆီမှာဆို ဒီငွေတစ်ထောင်က ခုံတော်စရိတ်နဲ့တင် ကုန်လောက်ပြီ"

ပြည့်တန်ဆာမလေး ဆက်ပြောလိုက်ပုံက. . .

"ကျွန်မ တရားရုံးကနေ အပြင်လည်း ရောက်ရော တခြား ယောကျ်ားတစ်ယောက် ပျော်ပါးဖို့ဆိုပြီး ငွေတစ်ထောင် လာပေးပြန် တယ်။ ကျွန်မ ယူမလို့ လက်ဖြန့်ရုံ ရှိသေးတယ်။ အရင်ငွေတစ်ထောင် ပေးတဲ့သူ ဖြုန်းခနဲရောက်လာပါလေရောရှင်"

"အေး. . ဟုတ်ပြီ. . ဟုတ်ပြီ။ မင်းကို ဒီလောက်ဒုက္ခပေးတဲ့ ကောင် ပြောမလွှတ်လိုက်ဘူးလား"

"ဟင့်အင်း. . နောက်လာပေးတဲ့သူကို လက်မခံလိုက်တော့ ဘူးပေါ့ရှင်"

"ဟယ်. . . မိုက်လုံးကြီးပါပေ့ သူငယ်မရယ်၊ တရားရုံးက ဆုံး ဖြတ်ပြီးပြီပဲဟာ။ လက်ခံသင့်တာပေါ့"

"ဟုတ်တော့ ဟုတ်သပေါ့ရှင်။ ဒါပေမဲ့ ပထမလူအလုပ်ကြွေး ကို မပေးဆပ်ရသေးဘဲ နောက်လူကို လက်ကမ်းမိရင် ဂရုဓမ္မအရ မသင့်လျော်ဘူးပေါ့ ရှင်တို့ရယ်. . ."

"ဟော. . . အံ့ဩကုန်နိုင်ဖွယ်ပါလား ဟရို့. ."

"ကိုင်း. . . ကိုင်း၊ စလွယ်ဖြိုးမြင့်၊ တမာရွက်ဆင့်၍ မင်းမင်း ကျွန်ယုံ၊ ပြည်သူလေးမြတ်၊ အလေးမှတ်သည့်၊ မတ်ကြေးမုံတို့ဗျား. . ။ ကုရုတိုင်းမှာ မင်းက အစ၊ ပြည့်တန်ဆာမ အဆုံး ပြည့်တစ်ခွင်လုံး

ဂရုမွကျင့်သီလတွေ စောင့်ထိန်းကြပုံတွေကို ရွှေပေလွှာမှာ ရေးမှတ်ကြလကွယ့်"

"ဒါ့အပြင် မင်းကျင့်ဝတ်အနေနဲ့ ပြည်ကြီးဝမ်းဗိုက်မရှိုက်စေရာ၊ ပြည်ကြီးဦးခေါင်း မစောင်းစေရာ၊ ပြည်ကြီးမကျိုင် မယိုင်စေရာ၊ ပြည်ကြီးတံခွန်မလွန်စေရာ၊ ဓမ္မဝတ်လည်း မချွတ်စေကြောင်း၊ လောကဝတ်လည်း မလွတ်စေကြောင်းကို စာအလင်္ကာနဲ့ ပဏ္ဏာဆင်သလို့ ကာလိင်္ဂမင်းကြီးထံမှောက် နေပြည်တော်အရောက်ပို့ကြပါစို့ အမတ်ရို့ဗျား. . "

**(ဇာတကပါဠိ၊ တိကနိပါတ်တော်လာ ဂရုမွဇာတ်)**

■



# နန်းတွင်းသူခိုး

"ဟဲ့. . ခွေး၊ ဟဲ့. . ခွေးတွေ၊ အမယ်လေး. . . ကုန်ပါပြီ၊ သွားပါပြီ"

"ဟယ်. . . မင်းကြီးရဲ့ ရထားဘေးကာသားရေပြားတွေ ခွေးစားလို့ ကုန်ပါရောလား။ အမယ်လေး. . . ဒုက္ခရောက်ပါပြီ။ ငါတို့တော့ ရာဇဝတ်သင့်တော့မှာပဲ. . ဟီး. . "

ကနေ့မနက် ဘုရင့်နန်းရင်ပြင်မှာ အထိတ်တလန့် ဆူဆူညံညံအသံတွေ စီခနဲထွက်ပေါ်လာတယ်။

ဖြစ်ပုံက မနေ့မနက်က ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးဟာ သိန္ဓောမြင်းလေးကောင်ကတဲ့ အဖိုးထိုက်တန်မြင်းရထားကြီး စီးပြီး ဥယျာဉ်ကစားထွက်တော်မူတယ်။

တစ်နေကုန် ကစားပြီး ညနေ ဥယျာဉ်ကအပြန်လမ်းမှာ မိုးအကြီးအကျယ်မိပြီး ရထားတစ်စီးလုံးလည်း မိုးရေနဲ့ ရွှဲရွှဲစိုလာခဲ့တယ်။ ရထားထိန်းလည်း မင်းကြီးကို ပို့ပေးပြီး ရထားကို နန်းရင်ပြင်

ယခင်ထားမြဲနေရာမှာ ထားခဲ့တယ်။

နန်းတွင်းမှာလည်း မင်းကြီးဆွေတော်မျိုးတော်တွေ မွေးမြူထားတဲ့ ခွေးတွေ ရှိကြတယ်။ တော်ဝင်ခွေးလို့ ဆိုရပေမပေါ့။ ဒီတော်ဝင်ခွေးတွေဟာ ညအချိန်ဆို နန်းရင်ပြင်မှာ ခုန်ပေါက်မြူးထူးကစားလေ့ ရှိကြတယ်။

မနေ့ညကတော့ နန်းရင်ပြင်မှာ ညသိပ်ရပ်ထားတဲ့ ဘုရင့်ရထားဟာ တစ်ချိန်လုံး မိုးရေနဲ့ စိုစွတ်နေတာမို့ ရှေ့နောက်ဝဲယာမှာ ကာရန်ထားတဲ့ တန်ဖိုးကြီးသားရေပြား၊ သားရေလွှန်းကြိုးတွေအားလုံး နူးအိပွထကုန်ကြတယ်။ နူးပွလာတော့ သားရေနံ့ထွက်လာရော။

ခွေးဆိုတာမျိုးက သားရေကို ကြိုက်နှစ်သက်ကြတယ်မဟုတ်လား။ သားရေနံ့လေးကလည်း သင်းနေလေတော့ ဘာပြောကောင်းမလဲ။ ရထားက ရှိသမျှ သားရေအားလုံး ဆွဲငင်ကိုက်ဖြတ် ဝါးမျိုလိုက်ကြတာ ပျက်စီးပါလေရော။

အစောင့်ရဲမက်တွေလည်း ငိုက်မျဉ်းရာက နိုးလာကြတော့ ရထားပတ်လည်မှာ ဝိုင်းအုံခဲပြီး သားရေပြားတွေကို စိမ်ပြေနပြေကိုက်ဝါးနေကြတဲ့ တော်ဝင်ခွေးအုပ်ကို မြင်လိုက်ကြတယ်။ ဒီတော့မှ အလန့်တကြားအော်လိုက်တာမှာ ကျွက်ကျွက်ညံရော ဆိုပါတော့။

ဒီကစပြီး တစ်ဆင့်စကား တစ်ဆင့်နဲ့ ဘုရင့်ဆွေတော် မျိုးတော်တွေပါ သိကုန်ကြလို့ ကိုယ့်ခွေးကိုယ်လာပြေးခေါ်သွားကြတယ်။ ပြီးတော့ ကိုယ့်ပါ အမှုပတ်မှာကြောက်ပြီး ကိုယ့်ခွေးကိုယ်အခန်းထဲ ထည့်ဝှက်ထားတဲ့ သူနဲ့၊ တစ်နေရာပို့လိုက်သူနဲ့၊ တရားခံသက်သေ

အထောက်အထားတွေအားလုံး အစဖျောက်ထားလိုက်ကြတယ်။

အားလုံးပြီးမှ အသံကောင်း ထဟစ်လိုက်ကြတယ်။

"ဟော့ . . တို့ခွေးက ဒီလိုမျိုး သားရေပေါ်အိပ် သားရေနား စားတဲ့ ခွေးသူခိုးမျိုး မဟုတ်ဘူး။ အခု သားရေစားတဲ့ထဲမှာ တို့ခွေးမပါ ဘူးနော်"

"အေး. . . တို့ခွေးကလည်း ပေါက်ကရစားတဲ့ အတန်းအစား မဟုတ်ဘူးနော်။ ဆီဦးထောပတ်မှ စားတဲ့ ခွေးဟော့"

"ဒီမှာ တို့ခွေးကတော့ သူများတွေလို ပေါက်လွှတ်ပဲစားလွှတ် ထားတဲ့ ခွေးသူခိုးမျိုး မဟုတ်"

အသီးသီးအသက အသက ပြောင်ပြောင်ပဲ ဘူးကွယ်ကုန်ကြ တယ်။ အစောင့်ရဲမက်တွေအဖို့ ပဲလှော်ကြား ဆားညှပ်ကုန်ပြီ။ တရား ခံအစစ်အမှန်ခွေးတွေကို မျက်မြင်ဒိဋ္ဌ သိမြင်ကြပေမယ့် ခွေးပိုင်ရှင် တွေဟာ မင်းဆွေမင်းမျိုးတွေမို့ အဖြစ်မှန်ပြောဖို့ အခက်တွေ့နေကြ တယ်။ အဖြစ်မှန်အတိုင်း ပြောရင်လည်း အမျက်သို အငြိုးထားမှာ ကြောက်ရသေး။

ဒီလိုအခက်ကြုံနေစဉ်မှာ ဉာဏ်ကြီးရှင် တစ်ယောက်က. . .

"အခုလို ပေါက်ကရစားတတ်တဲ့ ခွေးသူခိုးဟာ တို့နန်းတွင်းက မဟုတ်နိုင်ဘူး။ အပြင်က ခွေးဝဲစားတွေပဲ ဖြစ်ရမယ်"

လို့ လမ်းကြောင်းစပေးလိုက်တာမှာ ကျန်သူတွေကပါ သံ ယောင်လိုက်ပြီး. . .

"ဟုတ်တယ်။ ဟုတ်တယ်။ အပြင်ခွေးဝဲစားတွေပဲ ဖြစ်မယ်။

သေချာတယ်"

ငှတ်အတင်းကြီး ဝိုင်းထောက်ခံအတည်ယူလိုက်ကြတယ်။ ဒီကြားထဲ အရှိန်အဝါကြီးမားတဲ့ ဘုရင်ဆွေတော်တစ်ယောက်ကလည်း

"ကဲ. . . ဟုတ်ပြီနော်။ ဒီတော့ မင်းကြီးကို လျှောက်မယ်ဆိုရင် ဒီအတိုင်းသာ လျှောက်တင်ပေတော့။ ဟုတ်ပြီလား"

အတင်းဖိအားပေးနေပြန်တယ်။

ဒီလိုနဲ့ တာဝန်ရှိသူတွေဟာ တစ်ယောက်နဲ့ တစ်ယောက်စကားအသွားအလာညီအောင် ခေါင်းချင်းရိုက် ညှိနှိုင်းတိုင်ပင်ကြပြီးမှ ပြဟ္မဒတ်မင်းကြီးထံမှောက် ဝင်ရောက်လျှောက်တင်ကြတယ်။

"သယ်. . . ငါလိုဘုရင့်ရထားကိုမှ လာဖျက်ဆီးကြတာ ရိုင်းလိုက်လေခြင်း၊ ဘယ်ခွေးသူခိုးတွေလဲဆိုတာ မောင်မင်းတို့ မသိမမြင်ကြဘူးလား. . ဟဲ့"

ဘုရင်ကြီး အမျက်တော်ရှပြီ။

"မှန်ပါ သိကြောင်းပါဘုရား။ နန်းတော်ပြင်ပက ခွေးသူခိုးတွေပါ ဘုရား"

"ဘာ. . . ဘယ်လို၊ နန်းတော်ပြင်ပက ခွေး ဟုတ်လား၊ ဒီခွေးသူခိုးတွေက ဘယ်က ဘယ်လို နန်းရင်ပြင်ထဲ ရောက်လာကြတာတုံး"

"မှန်ပါ။ ခွေးသူခိုးတွေဟာ မြို့ရိုးရေထုတ်ပြွန်ပေါက်ကနေဝင်လာကြတာပါဘုရား။ ကျွန်တော်မျိုးတို့ ဝိုင်းရိုက်တော့လည်း ဒီပြွန်ပေါက်ကနေ ထွက်ပြေးသွားကြပါတယ်ဘုရား"

"ဩော်. . ဩော်. . မောင်မင်းတို့ လိုက်ရိုက်တာ ဘယ်နှ

ကောင်ဖမ်းမိလိုက်ကြသလဲ"

မထင်မှတ်တဲ့အမေးကြောင့် အားလုံးရုတ်တရက်မဖြေနိုင်ကြဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကြောင်အမ်းအမ်းဖြစ်ကုန်ကြတယ်။ ဒီမှာတင် ဉာဏ်နီဉာဏ်နက်ကောင်းလှတဲ့အစောင့်တပ်မှူးတစ်ယောက်က. . .

"မှန်လှပါ။ ကျွန်တော်မျိုးတို့ လိုက်လံပစ်ခတ် ဖမ်းဆီးရာမှာ တိတ်ဆိတ်တဲ့ ညအခါကာလမို့ နန်းတွင်းမှာ အထိတ်တလန့်မဖြစ်အောင် ပစ်ခတ်ဖမ်းဆီးကြရတာမို့ လက်ရဖမ်းမမိလိုက်ပါဘူးဘုရား။ ဒါပေမဲ့ ကျွန်တော်မျိုးတို့ ပစ်ခတ်ရိုက်နှက်လိုက်ကြတာမှာ ခွေးအတော်များများ ဒဏ်ရာအပြင်းအထန်ရသွားကြပါတယ်ဘုရား။ အခုလည်း သင်းတို့နောက် ထက်ကြပ်မကွာ လိုက်လံနှိမ်နင်းနေကြောင်းပါဘုရား"

အစောင့်တပ်မှူးဖြစ်သူက အဆီအငေါ်မတည့်လှတဲ့ 'သူ့စကားကို မယုံယုံအောင်လို့ဆိုပြီး သူခိုးပြေးမှ ထိုးကွင်းထပြနေပြန်သေးတယ်။

"အင်း. . . အပြင်ကတောင် လာသောင်းကျန်းတယ်ဆိုတော့ အတော်ဆိုးတဲ့ ခွေးသူခိုးတွေပါလား"

"မှန်ပါ့. . အတော်ဆိုးလှကြောင်းပါဘုရား"

မှူးမတ်တွေကပါ အဆင်းဘီးတပ်ပေးပြန်တယ်။ ဒါကြောင့်ဘုရင်ကြီး အမိန့်ချမှတ်တော်မူပြီ။

"ကိုင်း. . . ဒီလောက်တောင် အတင့်ရဲသောင်းကျန်းလှတဲ့

ခွေးသူခိုးတွေကို တွေ့ရာမဆိုင်း သတ်စေဗျား"

"လျော်ကန်သင့်မြတ်လှကြောင်းပါဘုရား"

မင်းမြှောင်တို့ရဲ့ ချွန်တွန်းပွဲကြီး အောင်မြင်သွားပါပြီ။ ဆွေတော်မျိုးတော်အပေါင်းတို့လည်း အပြစ်က လွတ်ကင်းလို့ ပြုံးနိုင် ပျော်နိုင်ကြကုန်ပြီ။

❋ ❋ ❋

"လိုက်ဟ. . . လိုက်. . . လိုက်"

"ဂိန်. . အိုင်. . အိုင်"

"ဝူ. . ဝူး. . ဝူး"

"ဟော့. . ဟိုမှာ. . ဟိုမှာ ပစ်. . ပစ်"

"ဂိန်. . . ဂိန်"

ဒီအသံတွေက အညတရသုနကွောနှိမ်နင်းရေး စစ်ဆင်ပွဲကြီးက ခွေးသံ၊ လူသံ၊ အော်ဟစ် ပစ်ခတ်သံတွေပါ။

ဓား၊ လှံ၊ လေး၊ မြားလက်နက်မျိုးစုံ ကိုင်စွဲလာတဲ့ ရဲမက်တွေကို မြင်တော့ တစ်မြို့လုံး အထိတ်တလန့်ဖြစ်ကုန်ကြတယ်။ အရပ်ထဲရှိသမျှခွေးတွေ လိုက်သတ်နေပြန်တော့ အံ့ဩသွားကြပြန်တယ်။ နောက် အကျိုးအကြောင်းသိရပြန်တော့ မခံမရပ်နိုင်ဖြစ်ကြတယ်။ ဒါပေမဲ့ မင်းမိန့်နဲ့မို့ မပြောသာဘဲ မခံချိမခံသာနဲ့ ကြည့်နေကြရတယ်။

ဘုရင့်ရဲမက်တွေကတော့ ဘာကိုမှ ဂရုမစိုက်နိုင်၊ သူတို့လက်ချက်နဲ့ လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြားတွေမှာ ခွေးသေကောင်

တွေ အတုံးအရုံးနဲ့ အစုလိုက် အပြုံလိုက် သေကုန်ကြတယ်။

ခွေးအချို့သာ ကြောက်အားလန့်အားနဲ့ ပြေးလာလိုက်တာ လူသူဝေးရာမြို့သုသာန်ကို ရောက်သွားကြတယ်။

ဒီသုသာန်မှာ ခွန်အားဗလ သန်မာထွားကျိုင်းပြီး ကြန်အင် လက္ခဏာနဲ့လည်း ပြည့်စုံတဲ့ ပညာရှိခွေးတစ်ကောင်က ခွေးအပေါင်း ကို ဦးဆောင်ပြီး နေလေတယ်။

ပညာရှိခွေးဟာ ကြောက်လန့်တကြားသေပြေးရှင်ပြေး ပြေး လာကြတဲ့ ခွေးစိမ်းတွေကို မြင်တော့ အနားသွားပြီး စူးစမ်းတယ်။ တချို့လည်း ဒဏ်ရာအနာတရ ရလာတဲ့သူရှိ မရလာတဲ့သူ မရှိနဲ့ သို့သော် ရောက်လာတဲ့ ခွေးမှန်သမျှ စိုးရိမ်၊ ထိတ်လန့်တုန်လှုပ်မှု အရှိန်က မပြယ်ကြသေးဘူး။

"အို. . . အဆွေအမျိုးသားအပေါင်းတို့၊ သင်တို့ကြည့်ရတာ တုန်လှုပ်ချောက်ချားလာပုံထောက်တော့ ဘယ်အန္တရာယ်ဆိုးတွေ တွေ့ကြုံနေကြလို့ ဒီကို ပြေးလာကြရတာလဲ"

"အို. . အရှင်၊ ဘုရင့်ရဲမက်တွေဟာ အရပ်ထဲမှာ နေတဲ့ ငါတို့ သူနက္ခေအပေါင်းကို ဓားလှံလက်နက်တွေနဲ့ ထိုးခုတ်သတ်ဖြတ်နေ ကြလို့ ငါတို့အားလုံး အသက်လုပြီး ပြေးလာကြတာပါ။ ငါတို့ကို ဒီမှာ ခေတ္တခိုလှုံခွင့်ပြုပါအရှင်"

"အို. . နေပါ၊ နေပါ။ ကြိုက်သလောက်သာ နေပါ။ ဒါနဲ့ အဆွေတို့ကို ဘုရင့်ရဲမက်တွေက ဘာဖြစ်လို့ လိုက်သတ်နေကြရ တာလဲ"

ဒီအခါ အနားကို စုရုံးရောက်လာကြတဲ့ ခွေးတချို့က. .

"ခွေးရူးကာကွယ်ဖို့လားမှ မသိတာ"

ပြောတော့ အခြားခွေးတချို့က. .

"ဟုတ်မယ် မထင်ဘူး။ ခွေးရူးတာ နွေခေါင်ခေါင်မှ မဟုတ်လား။ အခုဟာက မိုးတွင်းကြီး"

တစ်ကောင်က ထပြီး. . .

"တန်တော့ ဘုရင်ကြီး ယဉ်ကြာချေတာ နေမှာပေါ့"

အခုလို မိမိထင်ရာမြင်ရာတွေကို ထင်ကြေးနဲ့ သူတစ်ခွန်းငါ တစ်ခွန်းပြောနေကြရာက ပညာရှိခွေးက ကြားဖြတ်ပြီး. .

"ဒီကိစ္စဟာ ဒီလောက်နဲ့ မဟုတ်တန်ကောင်းဘူး။ ကဲ. . အဆွေတို့ထံက လူတွေ ဘာတွေ ဘယ်လိုပြောကြတာ ဘယ်သူ ကြားမိခဲ့ကြလဲ"

ဒီအခါမှ မလှမ်းမကမ်းမှာ ဒဏ်ရာကို လျှာနဲ့လျက်လို့ အလုပ်ရှုပ်နေတဲ့ ခွေးတစ်ကောင်က. . .

"ကျွန်တော် ဒဏ်ရာရပြီး အိမ်တစ်အိမ်အောက်မှာ ဝင်ပြေးပုန်းနေတုန်း အိမ်ပေါ်ကလူတွေ ပြောနေသံကြားခဲ့တာက ဘုရင့်ရထားမှာ ကာထားတဲ့ သားရေပြားကို ကျွန်တော်တို့မျိုးနွယ်တွေက ကိုက်ဖြတ်စားသွားလို့ ဆိုလား ပြောသံကြားမိလိုက်ပါတယ်"

"ဒါဆို သင်တို့ထဲက ဘယ်ကောင်တွေများ သွားစားမိခဲ့ကြသလဲ"

"ငါတို့ထဲက သွားစားဖို့ မပြောနဲ့ အနားတောင် မသိနိုင်ပါ

ဘူး အရှင်။ ဘာကြောင့်ဆိုတော့ ဘုရင့်ရထားဆိုတာ နန်းတော်မှာ သာ ထားတာပါ။ ဒီနန်းတော်ထဲသွားဖို့ဆိုတာလည်း နန်းမြို့ရိုးက အထူးလုံခြုံလှလို့ ငါတို့ မဝင်နိုင်ပါဘူး။ အကယ်တန္တု ဝင်နိုင်တယ် ဆိုဦးတော့လည်း လုံခြုံရေးအစောင့် ထူထပ်နေတာကြောင့် ငါတို့လို သာမညခွေးမျိုးတွေ မဝင်ဝံ့ပါဘူးအရှင်"

အင်း. . အပြင်က ခွေးမဝင်နိုင်ဘူးဆိုတော့ အထဲကများလား ဆိုပြီး စဉ်းစားမိတာနဲ့ ပညာရှိခွေးက ထပ်မေးပြန်တယ်။

"နန်းတွင်းမှာရော တို့လိုအမျိုးတူခွေးတွေ ရှိကြလား"

"ရှိပါတယ်အရှင်။ ဘုရင့်ဆွေတော်မျိုးတော်တွေနဲ့ နန်းတွင်းသူ နန်းတွင်းသားတွေ မွေးထားတဲ့ ခွေးတွေ ရှိကြတယ်"

အေး. . ဟုတ်ပြီ။ အခုလို တို့ခွေးတွေ အသတ်ခံရတာမှာ နန်းတွင်းက ခွေးတွေပါ အသတ်ခံတယ်လို့ သင်တို့ကြားမိကြလား"

"ငါတို့လို နန်းပြင်က ခွေးတွေသာ အသတ်ခံရတာ ဖြစ်ပါလိမ့် မယ်။ နန်းတွင်းမှာတော့ အပြင်မှာလို အော်သံ၊ ဟစ်သံ၊ လူသံ၊ ခွေး သံတွေ မကြားခဲ့ရလို့ နန်းတွင်းမှာ အသတ်ခံရမယ့်ပုံ မပေါ်ပါဘူး။ အားလုံး အေးအေးချမ်းချမ်းရှိနေတဲ့အနေအထားမျိုးပါ အရှင်"

"အေး. . ဟုတ်ပြီ။ ဒါဆို ကျုပ်မှန်းလို့ ရပြီ"

ပညာရှိခွေးဟာ ပညာဉာဏ်ရှိသူပီပီ အဖြစ်အပျက်အားလုံးကို ခြုံငုံသုံးသပ်မိသွားပြီ။ ဒီကိစ္စဟာ လုံးဝတရားမျှတမှု မရှိ။ ဒီအတွက် နဲ့ ငါ့အသက်သေချင်သေပါစေ၊ ငါတို့အမျိုးအနွယ်တွေကို ကယ်တင် ပေတော့အံ့လို့ ကြံစည်ပြီး. . .

"ကဲ. . ကဲ အဆွေတို့၊ ဘာမှ မစိုးရိမ်ကြပါနဲ့တော့။ ဒီကိစ္စကို ကျုပ်ဖြေရှင်းပေးမယ်။ မင်းကြီးဆီ ကျုပ်ကိုယ်တိုင်သွားပြီး အဖြစ်မှန် လျှောက်တင်ပေးမယ်။ သင်တို့ ဒီမှာပဲ စိတ်ချမ်းချမ်းသာသာနဲ့ နေ ရစ်ကြ"

လို့ အားပေးစကားပြောလိုက်တော့. . .

"ဝုတ်ဝူး. . ဝုတ်ဝူး. . ဝုတ်ဝုတ်ဝူး. . ဝူး"

ခွေးအပေါင်းတို့ဟာ ပညာရှိခွေးကို တစ်ခဲနက်သြဘာပေး လိုက်ကြတယ်။

❋ ❋ ❋

ကတိစကားအတိုင်း ပညာရှိခွေးဟာ လူသူလေးပါး အရိပ် အယောင် ကင်းရာကနေ နန်းမြို့ရှိရာကို တစ်ကောင်တည်းထွက်လာ ပြီး အစောင့်တွေ အလစ်မှာ နန်းတွင်းကို ဝင်ရောက်သွားနိုင်ခဲ့တယ်။

ဒီနေရာမှာ ပညာရှိခွေးအနေနဲ့ ဇာတ်ကောင်းတာက နန်းတွင်း က ခွေးအားလုံး အခန်းတွေထဲ ပိတ်လှောင်ထားကြတာကြောင့် လမ်း မှာ ဟန့်တားနှောင့်ယှက်နိုင်တဲ့ ခွေးတစ်ကောင်တစ်မြီးမှ မရှိကြတာ ပါပဲ"

ဒ့ါပြင် နန်းတွင်းရောက်တဲ့အခါမှာလည်း အချို့မင်းချင်းတွေ က မြင်ကြပေမယ့် ပညာရှိခွေးရဲ့ ကြန်အင်လက္ခဏာကိုကြည့်ပြီး ခွေ တော် မျိုးတော်တစ်ဦးဦးရဲ့ ခွေးမှတ်ထင်ပြီး ဘယ်သူမှ မမောင်းဝံ့ခဲ့ ကြဘူး။ လူကိုပါမက မွေးထားတဲ့ ခွေးပါ ကြောက်နေကြရတယ်လေ။

ဒီလိုအခြေအနေပေးတာကို အခွင့်ကောင်းယူပြီး ပညာရှိခွေး လည်း နန်းရင်ပြင်အထိ အတားအဆီးမရှိ ရောက်လာနိုင်တဲ့အပြင် ဘုရင့်အဆောင်တော်အတွင်းပါ လှစ်ခနဲပြေးဝင်လိုက်ပြီး သလွန် တော်အောက်မှာ ဝင်ခိုနေလိုက်တယ်။

ဒီတော့မှ အစောင့်ရဲမက်တွေလည်း မျက်လုံးပြူးမျက်ဆန်ပြူး နဲ့ ပညာရှိခွေးကို သလွန်အောက်က ဆွဲထုတ်ဖို့ လုပ်ကြတယ်။

ပထမတော့ ဗြဟ္မဒတ်မင်းကြီးလည်း ရုတ်တရက်ထိတ်လန့် သွားပေမယ့် ပညာရှိခွေးရဲ့ ကြန်အင်ရုပ်လက္ခဏာကိုကြည့်ပြီး နှစ် သက် သဘောကျသွားတယ်။ ဒါကြောင့် မင်းချင်းတွေကို ဟန့်တား လိုက်တယ်။ မင်းချင်းတွေ ရှဲကုန်မှ ပညာရှိခွေးဟာ သလွန်အောက် က ထွက်လာပြီး မင်းကြီးကို ပတတ်ရပ်ပြီး အရိုအသေပြုလိုက်သေး တယ်။ ပြီးတော့မှ. . .

“အရှင်မင်းကြီး အခုလို အဆောင်တော်တွင်းထိ ဝင်လာတာ ကို ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုး စွန့်စွန့်စားစားလာခဲ့ရတဲ့ အကြောင်းက မင်းကြီးကို အသနားခံလျှောက်ထားလိုတာကြောင့် လာရောက်ရခြင်းဖြစ်ပါတယ် အရှင်မင်းကြီး”

မြင်ကတည်းက နှစ်သက်သဘောကျနေတဲ့ မင်းကြီးဟာ ခွေး ဖြစ်သော်ငြားလည်း အရိုအသေသိတတ်မှု ရှိတာရယ်၊ မကြောက်မရွံ့ ရဲဝံ့တည်ကြည်တဲ့အနေအထားရယ်တို့ကြောင့် ပိုပြီး သဘောတော်ကျ သွားတယ်။ ဒါကြောင့် လိုလိုလားလားပဲ. . .

“ကိုင်း. . . ဆိုစမ်းပါဦး။ သင်ခွေးက ဘာတွေများ အသနားခံ

လျှောက်တင်ချင်လို့တုံး။ သင်ခွေးအလိုအတိုင်း လျှောက်တင်စေဗျား"

"ကျေးဇူးကြီးလှပါတယ် အရှင်မင်းကြီး။ ကျွန်တော်မျိုး လျှောက်တင်လိုတာက ဒီနေ့မနက်မှာ အရှင်မင်းကြီးရဲ့မက်တွေ လိုက်သံ သတ်ဖြတ်နေကြလို့ တစ်မြို့လုံးမှာရှိတဲ့ ကျွန်တော်မျိုးတို့ သုနခေါ မျိုးနွယ်များစွာ သေကျေပျက်စီးနေပါပြီ အရှင်မင်းကြီး"

"အိမ်း. . . သင်တို့မျိုးနွယ်တွေဟာ နန်းရင်ပြင်အထိ အတင့် ရဲပြီး ကျူးကျော်လာတဲ့အပြင် ငါကိုယ်တော်မြတ် စီးနင်းတော်မူတဲ့ ရထားဘောင်းကာ သားရေပြားတွေကိုပါ ကိုက်ဖြတ်ဖျက်ဆီးသွားကြ တယ်လေ။ ဒါကြောင့် ငါကိုယ်တော်တိုင် ပြစ်ဒဏ်စီရင်ချမှတ်လိုက် တာပဲ"

"အရှင်မင်းကြီး အပြစ်ကျူးလွန်တဲ့ ခွေး၊ မကျူးလွန်တဲ့ခွေး ဆိုတာကို မင်းကြီး ခွဲခြားသိပါသလား။ ပြစ်ဒဏ်စီရင်ရာမှာလည်း အပြစ်ရှိတဲ့ ခွေး၊ မရှိတဲ့ခွေးရယ်လို့ ခွဲခြားစီရင်ပါသလား မင်းကြီး"

"ဘယ်ခွေး ကျူးလွန်တယ်၊ မကျူးလွန်ဘူးဆိုတာ ငါမသိ၊ ငါ သည်း ငါ့ရထား အဖျက်ဆီးခံလိုက်ရတော့ အမျက်တော်ရှရှနဲ့ တွေ့ ရာမဆိုင်း သတ်စေလို့သာ ချမှတ်တော်မူလိုက်တာ ဖြစ်တယ်"

"အရှင်မင်းကြီးက တွေ့ရာမဆိုင်း သတ်စေလို့သာ အမိန့် တော် ချမှတ်လိုက်တာဖြစ်ပေမယ့် အရှင့်ရဲ့မက်တွေက အပြစ်ကျူး လွန်သူ၊ မကျူးလွန်သူရယ်လို့ ခွဲခွဲခြားခြား မစူးစမ်း၊ မစိစစ်ဘဲ တွေ့ရာ ခွေးမှန်သမျှ ထိုးခုတ်သတ်ဖြတ်နေခြင်းဟာ မသင့်မြတ်လှကြောင်းပါ။ အပြစ်ကျူးလွန်သူတစ်စုကြောင့် အပြစ်မဲ့ခွေးအပေါင်း သေကျေပျက်

စီးကြရပါကြောင်း လျှောက်တင်ဝံ့ပါတယ် အရှင်မင်းကြီး"

ပညာရှိခွေး လျှောက်တင်စကားကြားလိုက်တော့ ဗြဟ္မဒတ် မင်းကြီးလည်း စိတ်မကောင်းကြီးစွာဖြစ်သွားတယ်။ မင်းကြီးရဲ့အရိပ်အကဲကို ကြည့်ပြီး ထပ်လျှောက်တင်ပြန်တယ်။

"မင်းကြီး မိန့်တော်မူတဲ့အတိုင်း တွေ့ရာမဆိုင်း သတ်စေဆိုရာမှ အပြစ်ဒဏ်မသက်ရောက်တဲ့ ခွေးများ ရှိပါသေးလားမင်းကြီး"

မင်းကြီးလည်း မကွယ်မဝှက်ဘဲ. . .

"ရှိပေတယ်။ ငါ့ဆွေတော်မျိုးတော်တွေ မွေးတဲ့ ခွေးတွေတော့ မပါဝင်ပါဘူး"

"အို. . . အရှင်မင်းကြီး၊ ဒီအတိုင်းဆိုရင် အရှင်မင်းကြီးရဲ့ တရားစီရင်မှုဟာ အဂတိလေးပါးနဲ့ ငြိစွန်းနေပါပြီကော မင်းကြီး"

ပညာရှိခွေးပြောတဲ့စကားကို မင်းကြီး နားမလည်။

"အသင်ခွေး ဘာကို ဆိုလိုက်တာလဲ။ အဂတိလေးပါးဆိုတာကို ငါကိုယ်တော် နားလည်အောင် ရှင်းပြစမ်းပါဦး"

"အရှင်မင်းကြီး တိုင်းနိုင်ငံကို အစိုးရတော်မူသော ရေမြေသနင်းမင်းတို့မည်သည် နိုင်ငံအရေးအရာအားလုံး စီရင်ဆုံးဖြတ်တော်မူတဲ့အခါမှာ မိမိနဲ့ မိမိချစ်ခင်လိုလားသူတို့ရဲ့ အလိုကျ စီရင်ဆုံးဖြတ်ခြင်း၊ စိတ်လိုက်မာန်ပါဒေါသအလျောက် စီရင်ဆုံးဖြတ်ခြင်း၊ အမှားအမှန်ဝေဖန်ပိုင်းခြားမှုမရှိ စီရင်ဆုံးဖြတ်ခြင်း၊ အကြောက်တရားနဲ့ ယှဉ်ပြီး စီရင်ဆုံးဖြတ်ခြင်းတို့ဟာ ဆန္ဒဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိဆိုတဲ့ အဂတိလေးပါး ဖြစ်ပေတယ် မင်းကြီး"

“အဂတိဆိုတာ မလားအပ်သည်ကို လားခြင်း၊ တစ်နည်းအား ဖြင့် ဒုဂ္ဂတိဆိုတာ အပါယ်ဘုံသို့လားရာဂတိဖြစ်ပေတယ်။ အဂတိ တို့ဟာ မင်းကောင်းမင်းမြတ်တို့ ကျင့်အပ်တဲ့တရားမဟုတ်။ မင်းဆိုး မင်းယုတ်တို့ကျင့်ရာ ဖြစ်ပေတယ်”

“တကယ်ဆိုရင် အရှင်မင်းကြီးအနေနဲ့ အပြစ်ကျူးလွန်သူကို သာ ပြစ်ဒဏ်စီရင်ထိုက်ပေတယ်။ မကျူးလွန်သူကို အပြစ်မဖြစ်စေ သင့်ပါ။ အကယ်၍ အပြစ်ကျူးလွန်သူကို အပြစ်ဒဏ်စီရင်ခြင်း မခံရ ဘဲ လွတ်ငြိမ်းချမ်းသာခဲ့သည်ရှိသော် ထိုသူတို့ဟာ ပြစ်မှုပေါင်းများ စွာကို ထပ်ကာထပ်ကာ ကျူးလွန်ပေလိမ့်မယ် မင်းကြီး”

“နောက်ပိုင်း ဒါ့ထက်မက ပိုမိုအတင့်ရဲလာပြီး အပြစ်မဲ့ပြည်သူ တွေပေါ် နှိပ်စက်ကလူပြုမှုလာပေမယ်။ နောင်ဆို မင်းကြီးရဲ့တိုင်း နိုင်ငံမှာ အကျင့်ပျက်မှုတွေ၊ အနိုင်အထက် အဓမ္မမှုတွေ တိုးပွားလာ ပေမယ်။ ဥပဒေအထက်မှာ မသမာအကျင့်ပျက်မှုတွေ မင်းမူလာပေ မယ် မင်းကြီး”

“ဒီအခါ တိုင်းသူပြည်သားတွေဟာ မင်းကြီးရဲ့ တရားဥပဒေ၊ စီရင်ထုံးတွေကို အယုံအကြည်ကင်းမဲ့လာကြမယ်။ အရှင်မင်းကြီး ထုတ်ပြန်ချမှတ်တဲ့ စည်းမျဉ်းဥပဒေတွေကို ယုံကြည်ကိုးစားမှု မရှိ ကြတော့ဘဲ မလေးမခန့် ပြက်ရယ်ဆန့်ကျင်လာကြလိမ့်မယ်မင်းကြီး”

အကျိုးအကြောင်း ဆီလျော်တဲ့ ပညာရှိခွေး လျှောက်တင် စကားကြားလိုက်ရတော့ မင်းကြီး ထိတ်လန့်တုန်လှုပ်သွားတယ်။

“ဒါဆိုရင် သင့်ခွေးအနေနဲ့ ဘယ်ခွေး ကျူးလွန်တယ်၊ မကျူး

လွန်ဘူးဆိုတာ ခွဲခြားသိနိုင်သလား"

"ဒီကိစ္စက သိသာပါတယ် မင်းကြီး။ ပြင်ပခွေးစိမ်းတွေ နန်းတွင်းထဲ ကျူးကျော်ဝင်လာခဲ့မယ်ဆိုရင် နန်းတွင်းမှာရှိနေကြတဲ့ အရှင်မင်းကြီးဆွေတော်၊ မျိုးတော်တို့ရဲ့ ခွေးတွေဟာ ပိုင်းဝန်းဟောင်ဝန်းကိုက်ခဲမောင်းနှင်ကြမှာ အမှန်ပါ။ ဒီအခါ နန်းတော်ဝင်းထဲမှာ ခွေးချင်းဟောင်သံ၊ မာန်ဖီသံ၊ နာကျင်သံတွေနဲ့ အုန်းအုန်းကျွက်ကျွက်ဆူညံနေကြမှာပါ။ ဒီလိုဆူညံပွက်လောထနေရင် မင်းကြီးတောင်ကြားမိနိုင်ပါမယ်"

"အကယ်၍ မင်းကြီး မကြားမိသော်ငြားလည်း အစောင့်ရဲမက်တပ်မှူးတွေအနေနဲ့ ကြားသိကြမှာမို့ ပစ်ခတ်ရိုက်နှက်မောင်းထုတ်ကြမှာ ဖြစ်ပါတယ်။ ဒီအခါ ပြင်ပခွေးတွေဟာ မင်းကြီးရထားကိုကိုက်ဖြတ်နိုင်ဖို့ မဆိုထားနဲ့ နန်းရင်ပြင်နားအထိတောင် ကပ်နိုင်မှာမဟုတ်ပါ အရှင်မင်းကြီး"

ချက်ကျလက်ကျရှိလှတဲ့ ပညာရှိခွေးရဲ့ လျှောက်တင်ချက်ကြောင့် ဘုရင်ကြီး ငိုင်သွားရှာတယ်။

"အသင်ခွေး လျှောက်တင်ချက်အရဆိုရင် ငါ့ရထားသားရေကို ကိုက်ဖြတ်ဖျက်ဆီးတာ နန်းပြင်ပခွေး မဟုတ်ဘူးပေါ့"

"မဟုတ်ပါ အရှင်မင်းကြီး"

"ဘယ်ခွေး ကျူးလွန်တယ်ဆိုတာရော သင် သက်သေပြနိုင်မလား"

"ပြနိုင်ပါတယ် မင်းကြီး"

"ကောင်းပြီ။ ငါနဲ့တကွ အားလုံးသိအောင် ပြပေတော့"

ဘုရင်ကြီး ခွင့်ပြုတဲ့အခါ ပညာရှိခွေးဟာ နန်းတွင်းက မင်းဆွေမင်းမျိုးအပေါင်းတို့ရဲ့ ခွေးအားလုံးကို နန်းရင်ပြင်မှာ စုရုံးစေတယ်။ ပြီး ရက်တက်ရည်နဲ့ မြေစာရွက်ကို အယူခိုင်းပြန်တယ်။ ရောက်လာတဲ့အခါ နေစာမြက်ကို ထုထောင်း၊ ရက်တက်ရည်နဲ့ ရောစပ်ပြီး အန်ဆေးဖော်စပ်စေတယ်။ အားလုံးပြည့်စုံပြီဆိုမှ နန်းတွင်းခွေးအားလုံးကို အန်ဆေးတိုက်ကျွေးစေတယ်။

အန်ဆေးသောက်ပြီးတဲ့ ခွေးတိုင်း ဆေးနဲ့အတူ စားပြီးသားအစာတွေပါ အန်ချကုန်ကြတယ်။ ပညာရှိခွေးဟာ အစောင့်ရဲမက်တွေကို ကြည့်စေတယ်။ သားရေဝါးစားမိတဲ့ခွေးမှန်သမျှ အန်ဖတ်တွေမှာ သားရေစတွေ ပါလာတာကို မြင်တွေ့ကြရတယ်။ ဒီတော့မှ ပညာရှိခွေးက. . .

"အရှင်မင်းကြီး မင်းကြီးရဲ့ရထားသားရေကို ကိုက်ဖြတ်ဖျက်ဆီးကြတဲ့ ခွေးသူခိုးတွေကို မြင်ပြီမဟုတ်လော"

မင်းကြီးလည်း မြင်ကြောင်း အမှန်ဝန်ခံရတော့တယ်။ ဒီအခါမှ ပညာရှိခွေးက. . .

"အရှင်မင်းကြီး. . . အမှန်တကယ်တော့ မင်းကြီးဟာ အဂတိအလိုက်မှားတဲ့ အစောင့်ရဲမက်တပ်မှူးတို့ရဲ့ စကား ယုံမှတ်မှားမိလို့ မင်းကြီးကိုယ်တော်တိုင်လည်း အဂတိနဲ့ ငြိစွန်းခဲ့ရတာဖြစ်တယ်"

"အစောင့်ရဲမက်တပ်မှူးတို့ အဂတိအလိုက်မှားခဲ့ကြတဲ့ အကြောင်းက ခွေးပိုင်ရှင်တွေဖြစ်တဲ့ မင်းကြီးဆွေတော်မျိုးတော်တို့ရဲ့

အမျက်သိုမှာ ကြောက်ပြီး မှားခဲ့ကြရတာ ဖြစ်တယ်။ ဒီအကြောက်တရားကြောင့် မပြုမူသင့်တာကို ပြုမူလိုက်ကြတာက ဘယာဂတိမည်ပေတယ်။ တစ်ခါ ဘုရင့်အဆွေအမျိုးမို့ မျက်နှာသာပေးပြီး အလိုကျ မဟုတ်မမှန် လုပ်ကြံဖန်တီးခဲ့ကြတာက ဆန္ဒာဂတိဖြစ်ပေတယ်”

“မင်းကြီးကိုယ်တော်တိုင်လည်း အဖြစ်မှန်ကို မစဉ်းစား၊ မသုံးသပ်ဘဲ အစောင့်ရဲမက်တပ်မှူးတွေရဲ့စကားကို ယုံမှတ်ခဲ့တာက မောဟဂတိ၊ စိတ်လိုက်မာန်ပါ ဆုံးဖြတ်မိတာက ဒေါသာဂတိတို့နဲ့ ငြိစွန်းနေပေတယ် မင်းကြီး”

“ဒီအဖြစ်အပျက်ကို ပမာပြုပြီး မင်းကြီးနဲ့တကွ မှူးကြီးမတ်ရာ သေနာပတိက စလို့ ရဲမက်ဗိုလ်ပါ မင်းမှုထမ်းအပေါင်းတို့ကို ယနေ့ကစလို့ အဂတိတရားလေးပါး၊ တံစိုးသုံးပါးကင်းရှင်းအောင် ဆောင်ကြဉ်းပေလော့ အရှင်မင်းကြီး”

“သို့မှသာ ပြည်သူအပေါင်းတို့ မင်းကြီးကို ယုံကြည်ကိုးစားလိုလားချစ်ခင်ကြလို့ ရှိသေသမှု အညီအညွတ်ရှိလာကြပေမယ်။ ဒီအခါ အတိုင်းတိုင်း၊ အနိုင်နိုင် ထီးဆောင်းမင်းအပေါင်းတို့ကလည်း မင်းကြီးအပေါ် လေးစားခန့်ညားလာကြပေမယ် အရှင်မင်းကြီး”

လို့ ပြောပြီး မင်းကျင့်တရားနဲ့ သက်ဆိုင်တဲ့အကြောင်းအရာတွေကို ဟောဖော်ညွှန်ပြပေးလေတယ်။

မင်းကြီးလည်း အတော်ကြီး သံဝေဂရသွားရှာတယ်။ ပညာရှိခွေးရဲ့ မေတ္တာရပ်ခံချက်အရ အပြစ်ကျူးလွန်တဲ့ နန်းတွင်းခွေးတို့ကို မသတ်တော့ဘဲ ရိုက်နှက်မောင်းနှင်ထုတ်လိုက်ပြီး ကျန်ခွေးအပေါင်း

ကို လွတ်ငြိမ်းချမ်းသာခွင့် ပြုလေတယ်။

အဖြစ်မှန်ကို ဖုံးကွယ်ပြီး လိမ်လည်လျှောက်တင်ခဲ့ကြတဲ့ အစောင့်ရဲမက်တပ်မှူးတွေနဲ့ ဆွေတော်မျိုးတော်တို့တစ်တွေကို စံပြ အနေနဲ့သာ သက်သက်ညှာညှာပြစ်ဒဏ်စီရင်ခဲ့တယ်။ နောင် အခုလို အဂတိအလိုက် မမှားမိကြဖို့ သတိပေးထုတ်ပြန်ခဲ့တယ်။

ပညာရှိခွေးရဲ့ အလိုဆန္ဒအတိုင်း သတ္တဝါအားလုံးကို ဘေးမဲ့ ပေးတဲ့အပြင် ခွေးအပေါင်းကိုလည်း နေ့စဉ် အလှူဒါနပြု ကျွေးမွေး တော်မူတယ်။

ဒီလိုနဲ့ ဗြဟ္မဒတ်မင်းကြီးဟာ အသက်ထက်ဆုံး မင်းကျင့် တရားနဲ့အညီ စိုးစံအုပ်ချုပ်တော်မူလေတော့တယ်။

**(ကေနိပါတ် ကုရုင်္ဂဝဂ် ကုက္ကုရဇာတ်')**

■

ဖေသောရီ